www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ဒို့အကြောင်းအရာသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး၊

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊


# ရီရီငွေ

## မိစ္ဆာတောင်ကြားမှ ဒေါ်မဲဝါ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၇၄၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၀၇၂၀၉

**ထုတ်ဝေသူ**

ဒေါ်ရီရီငွေး

ရီရီငွေးစာပေ

၅၈၊ ဓမ္မိကာဝတီလမ်း၊ စမ်းချောင်း။
ရန်ကုန်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)

၂၂၅၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ မတ်လ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

BURMESE CLASSIC .com

## မာတိကာ

အခန်း (၁)

တံငါရွာကပန်းသန္တာ

အခန်း (၂)

မိစ္ဆာဂုဏ်ရှာန်တောင်ကြား

အခန်း (၃)

ပဋ္ဌလက်ပညာရှင် ဒေါ်မြဝါ

အခန်း (၄)

ရှင်ငယ်စိတြနှင့် နာရဒ

အခန်း (၅)

ဂမ္ဘီရကျမ်းစာသိုက်

အခန်း (၆)

စိတြနာရဒနာနာရပ်ကျမ်း

အခန်း (၇)

ပန်းကေသီ၏အမုန်းကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

လျှို့ဝှက်ချက်နဲ့ ကျောချမ်းပါ

အခန်း (၉)

သွေးကြွေးဆပ်တဲ့ပွဲ



စာရေးဆရာမကြီး **ရီရီမြေး**

၏

ထွက်ရှိပြီးသော ဂန္ထဝင်လုံးချင်းဝတ္ထုများ

၁။ ပန်းဒဏ္ဍာရီ
၂။ စိတ်လှုပ်ရှားဖွယ် ဖန်ခွက်ကလေး
၃။ လူ့ရေတာနှာသိုက်
၄။ မြွေဖြူတောင်ရှင်မ
၅။ နဂါးကိုးကောင်ဒေဝီ
၆။ ဘီလူးမျက်ရည်
၇။ မြစိမ်းရောင်ဂူနန်းရှင်
၈။ ကပ္ပတိန်ဇော်ထက်နှင့်ရုပ်ထုကမ္ဘာကျွန်း
၉။ အဏ္ဏဝါကျူးရိုးရှင်
၁၀။ ခြေရာတစ်ထောင်မောင်မဲခေါင်နှင့် မနုဿဝံပုလွေ
၁၁။ ကောသံဗြိမျက်ရှင်
၁၂။ တွံတေးတောကြီးတန်းမှ ဆေးရည်စိမ်မင်းသားလေး
၁၃။ စက္ကောမ မှတ်တမ်း
၁၄။ မော်ကင်းလိပ်ပြာ၏ လွမ်းသံစဉ်
၁၅။ မြောက်ကျွန်းသူ့ဗိုခနောက်
၁၆။ အန္တရာယ်ချစ်သူ့ကေရီ
၁၇။ သွေးစက်သခင်
၁၈။ မြွေနတ်သမီး၏ သွေးစက်မျက်ရည်
၁၉။ နဂါးနက်ရေအိုင်

www.burmeseclassic.com

www.burmeseclassic.com

၂၀။ ယက္ခညီနောင်နှင့် ပျောက်ဆုံးနေသောမြို့တော်
၂၁။ ဝိညာဉ်ခုနှစ်ဖော်နှင့် လောကဓာတ်နတ်ဆိုး
၂၂။ မဏိပူရ၏ သွေးဝိညာဉ်
၂၃။ လူသေသမီး
၂၄။ ရေခဲတောင်ဝိညာဉ်နှင့် လူစွန့်စားရဲခေါင်
၂၅။ ပန်းဒါရု၏ချစ်သူ
၂၆။ လူးရတနာသိုက်
၂၇။ စကြာနွယ်စဉ်အကျဉ်းသား
၂၈။ ကညင်ပင်ကွေ့ ကိုးလောင်းတွေ့
၂၉။ မြွေဖြူနန်းရှင်သခင်မ
၃၀။ ဝိညာဉ်ဖြူကျိန်စာနှင့် သွေးစွန်းသောပတ္တမြားကြီး
၃၁။ ဂုန်နန်းရှင်နှင့် မြစိမ်းကျွန်း
၃၂။ နက္ခတ္တဒေဝီနှင့် ပုတ္တကျိန်စာ
၃၃။ မာယာတစ္ဆေ
၃၄။ ထူးခြားဖြစ်စဉ် ကျိုက်ထီးရိုးတစ်ခွင်
၃၅။ အတ္တအကျဉ်းသား
၃၆။ မိစ္ဆာတောင်ကြားမှ ဒေါ်မဲဝါ ယခုလ ထွက်ပြီ

BURMESE CLASSIC .com

## အခန်း ( ၁ )

## ''တံငါရွာက ပန်းသစ္စာ''

မိုးကောင်းကင်တစ်ခုလုံး မဟူရာကဲ့သို့ မည်းနက်နေသည်။ မိုးရာသီဖြစ်၍ မည်းနက်သောကောင်းကင်ကြီး၌ လျှပ်ပန်း လျှပ်နွယ်များ လင်းကနဲ လက်ကနဲဖြစ်ကာ မိုးသီးမိုးပေါက်များ အဆက်မပြတ် ရွာသွန်းနေသည်။

ထိုမိုးသည်းသည်း ညဥ့်မှောင်မှောင်တွင် အဥ္စနနဒီမြစ် အတွင်း၌ လှေတစ်စင်းကို လှော်ခတ်နေသည့် လူရွယ်တစ်ဦး။

လှိုင်းလေများနှင့် မိုးသည်းသည်းအကြားတွင် လှေကို ခဲခဲယဉ်းယဉ်း လှော်ခတ်နေသည်။

''ဂျိန်း. . . တလိမ်းလိမ်းဂျိန်း''

ဟူသည့် မိုးကြိုးသံသည် အနားသို့ကပ်ပြီး ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အလား နားအုံတစ်ခုလုံး ကွဲထွက်မတတ်ပင်. . .။

"အားတင်းထား. . . မောင်ကာလုရေ. . . အားတင်းထား"

ဤသို့ မြည်ဟီးတုန်ခါကာ ဇကောထဲမှ ဆီးသီးအလား တိမ်းမူးနေသည့်ကြားမှ မောင်ကာလုသည် အားတင်းထားဆိုသည့် အဖေ့၏စကားသံကို ကြားယောင်နေမိသည်။

မြစ်ပြင်ကျယ်ကြီးအတွင်း တန့်တလျား ရွေ့လျားနေသော လှေအတွင်း၌ ကမ်းမမြင် လမ်းမမြင်နိုင်အောင် လမ်းပျောက်နေသော်လည်း မောင်ကာလုတစ်ယောက် အဖေ၏အားပေးသံကို ကြားယောင်ကာ အတတ်နိုင်ဆုံး အားတင်းပြီး လှေကလေးကိုလှော်ခတ်နေစဉ်. . .။

"ဝုန်း"

ဟူသော အသံကြီးနှင့်အတူ လှိုင်းလုံးကြီးတစ်လုံး ရိုက်ခတ်လိုက်ရာ လှေကလေးမှာ စောင်းသွားပြီး မောင်ကာလုရင်တွင် စိမ့်ကနဲ အေးသွားခဲ့သည်။





သူ့ကိုယ်သူ သိလိုက်သည်။ သူသည် ရေပြင်ကျယ်ကြီးထဲသို့ ရောက်ရှိသွားခဲ့ပြီ. . .။

"လှေမှောက်သွားပြီ. . . ဒါပေမယ့် ငါ့ရဲ့သက်နှစ်ဖက်ဟာ အကောင်းပကတိပဲရှိသေးတယ်၊ တက်ကျိုးလှေမှောက်ရင် လက်ပစ်ကူးမယ်၊ ငါ့အဖေရဲ့ မျှော်လင့်ချက် ရည်ရွယ်ချက်တွေကို ဖြစ်အောင်လုပ်ရမယ်. . . ငါသေလို့မဖြစ်သေးဘူး"

လှိုင်းလေဒဏ်ကို အလူးအလဲခံရင်း မြစ်ပြင်ကျယ်ကြီး၌ မောင်ကာလု တစ်ယောက် ကူးခတ်နေခဲ့သည်။

သူ့မှာ. . . သူ့ရည်ရွယ်ချက်အပြည့်နှင့်. . .။

သို့သော် မှောင်ပိန်းညည့်နက် မည်းမှောင်နေသည့် အချိန်တွင် မြစ်ပြင်ကို အလျားလိုက် ကူးနေသလော. . . ကမ်းဆီသို့ ဦးတည်ကူးနေသလောဆိုသည်ကို သူ မခန့်မှန်းနိုင်. . .။

လှိုင်းတစ်ချက်ပုတ်တိုင်း ရေများမွန်းသွားကာ ရေအောက်သို့ ရောက်ရောက်သွားပြီး အသက်ပင် မည်သို့ရှူရမှန်းမသိတော့။ နှာခေါင်းထဲသို့ ရေတွေဝင်လာပြီး မွန်းကြပ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလေအလိုက် ရေပေါ်သို့ ပြန်တက်ပြီး အသက်ကို ဝအောင်ရှူလိုက်သည်။ ဤတွင် ကောင်းကင်မှ လျှပ်ပန်းလျှပ်နွယ်များ လင်းလက်လာပြန်သည်။ ထိုအလင်းရောင်ကလေးကို အားပြု၍ ကြည့်မိသည်။

ဟိုး. . . ပျပျနေရာလေးတွင် ကမ်းစပ်ကဲ့သို့ ခပ်ရေးရေး တွေ့ရသည်။

"ခပ်ဝေးဝေးမှာ ကမ်းစပ်ကို တွေ့နေရပြီပဲ"

မောင်ကာလု အားတက်သွားသည်။

"အဲဒီဘက်ကို မှန်းပြီး ကူးရမယ်"

သူ့ကိုယ်သူ အားပေးရင်း ကမ်းစပ်ရှိမည့်နေရာဆီသို့ မှန်းဆပြီး ကူးလိုက်သည်။ စောစောက ကမ်းမမြင် လမ်းမမြင် ဖြစ်နေရာမှ ကမ်းစပ်တစ်ခုကို တွေ့လိုက်ရသဖြင့် မျှော်လင့်ခြင်း ဒန်းတိုင်ကလေး ပေါ်လာခဲ့ပြီ။

အမြင်နီး ခရီးဝေးသည့်တောင်ဟူ၍သာ ကြားဖူးသော်လည်း ယခုမူ လှိုင်းလေများ မိုးသည်းသည်းကြားတွင် ကူးခတ်





ရသည့်အတွက် ရှေ့သို့ မရောက်နိုင်အောင်ဖြစ်ပြီး အမြင်နီး ခရီးဝေးသည့် ကမ်းခြေဟူ၍ ပြောရမလောက်ပင်။

ကြိုးစား၍လက်ပစ်ကူးသည်။ မောင်ကာလုမှာ ဇွတ်ချည် ပေါ်ချည်နှင့် တဖြည်းဖြည်း လက်နှစ်ဖက်စလုံး ညောင်းညာလာသည်။ ခေါင်းတစ်ခုလုံးမှာလည်း လှိုင်းရိုက်သည့်ဒဏ်ကြောင့် မူးဝေနေသည်။

တစ်ချက် တစ်ချက် လွန်စွာ မောပန်းပြီး လက်ပမ်းကျ ချင်သလို ဖြစ်လာသည်။ မျက်လုံးများစပ်လာပြီး မဖွင့်ချင်အောင် ဖြစ်လာသည်။ တဖြည်းဖြည်းနှင့် မီးလက်လက်ကလေးများကို မြင်တွေ့ခဲ့ရသည်။

"တံငါတဲတွေနား ရောက်လုပြီ ထင်ပါရဲ့. . . အားတင်းထားမှ"

လက်မောင်းအိုးတစ်ခုလုံး ပြုတ်ကျတော့မတတ် နာကျင်နေခဲ့ပြီ။ မောလွန်း၍ မောင်ကာလု၏ရင်ဘတ်တစ်ခုလုံးမှာ ဖားဖိုတစ်ခုကဲ့သို့ နိမ့်လိုက်မြင့်လိုက်. . .။ မျက်လုံးကလည်း မှိန်ည်း



www.burmeseclassic.com

www.burmeseclassic.com



အားယူကာ ဖွင့်ထားရသည်။ မူးဝေနေသည်မှာလည်း သတိလစ်လုလု. . .။

နောက်ဆုံး ရှိရှိသမျှ ခွန်အားကလေးနှင့် ကူးလိုက်ရာ အေးစက်သော သဲသောင်၏ အတွေ့အထိကို ခံစားလိုက်ရသည်။

သဲသောင်ပြင်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မောင်ကာလု စိတ်ကိုလျှော့လိုက်သည်။ သူ၏မျက်စေ့ထဲတွင် မည်းနက်သည့် ကောင်းကင်ပြင်ကြီးကိုကြည့်ပြီး. . .။

အရာအားလုံးကို မေ့လျော့သွားခဲ့သည်။ သူသည် သဲသောင်ပြင်ထက်တွင် သတိလစ်သွားခဲ့သည်။

''အစ်ကို. . .အစ်ကို. . .သတိရပြီလား''

မောင်ကာလု၏နားထဲတွင် ချိုလွင်သော မိန်းကလေး တစ်ဦး၏အသံကို ကြားလိုက်ရသည်။

''ကျွန်တော် ဘယ်ရောက်နေတာလဲ''

''အစ်ကို ညက မိုးထဲလေထဲမှာ လှေမှောက်လာတယ်နဲ့ တူတယ်. . .မနက်က ကမ်းစပ်မှာ လဲနေတာတွေ့လို့ အဘက





ခေါ်လာတာ''

''ဪ. . .ဟုတ်လား''

''အစ်ကို. . .အားရှိသွားအောင် ဆန်ပြုတ်ကလေး သောက်လိုက်ပါဦး''

''အင်း''

မောင်ကာလုက ဆန်ပြုတ်ဟုဆိုမှ ဗိုက်အရမ်းဆာနေမှန်း သိလိုက်သည်။ ထို့ကြောင့် သူမ လှမ်းပေးလိုက်သည့် ဆန်ပြုတ်ပန်းကန်ကို လှမ်းယူကာ ခပ်မြန်မြန် သောက်ပစ်လိုက်သည်။

''အစ်ကို သောက်လို့ကောင်းလား''

''အရမ်းကောင်းပါတယ် ညီမရယ်''

''ဒါဆို. . .အစ်ကို ထပ်ယူပါဦး''

ပြောပြောဆိုဆို ထိုမိန်းကလေးက ဆန်ပြုတ်များကို ထပ်ထည့်ပေးရာ. . .။

''နေပါစေ ညီမရယ်. . .အားနာပါတယ်''

''အားမနာပါနဲ့ အစ်ကိုရယ်. . .ဝအောင်သာသောက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



မောင်ကာလုလည်း ဆန်ပြုတ်သောက်ရင်း. . .။

“ညီမက အစ်ကိုရဲ့ကျေးဇူးရှင်ပါ. . . ညီမရဲ့နာမည်ကို ပြောပါဦး”

“ညီမနာမည် ပန်းသန္တာပါ. . . အစ်ကို့နာမည်ရော ပြောပါဦး”

“အစ်ကို့နာမည် မောင်ကာလုပါ”

“အစ်ကို နေကောင်းတဲ့အထိ ညီမတို့အိမ်မှာ တည်းနိုင်ပါတယ်”

ထိုသို့ဖြင့် မိုးသည်းသော နေ့တစ်နေ့တွင် မောင်ကာလုနှင့် ပန်းသန္တာတို့ တွေ့ဆုံခဲ့ကြသည်။

ပန်းသန္တာတို့သားအဖက ဤမြစ်ကမ်းခြေတွင် တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ ထိုနေ့နံနက်က မြစ်ကမ်းစပ်၌ လဲနေသည့် မောင်ကာလုကို တံငါတဲအတွင်း ဆွဲသွင်းကာ လူသားတစ်ယောက်၏အသက်ကို ကယ်တင်ခဲ့ခြင်းဖြစ်သည်။ မောင်ကာလုသည် သူ၏ရင်ဘတ်အတွင်း လွယ်ထား





သည့် အိတ်ရှု့ကလေးကို စမ်းကြည့်လိုက်ရာ. . .။

“အစ်ကို. . . အစ်ကို အိတ်ကလေးကိုရှာတာလား”

“ဟုတ်တယ်”

“ရေတွေစိုနေလို့ မီးဖိုပေါ်မှာ တင်ထားတယ်. . . သွားယူပေးမယ်နော်”

“ကောင်းပါပြီ”

ပန်းသန္တာသည် ခြောက်လုလုဖြစ်နေသော ကတ္တီပါအိတ်ကလေးကို လှမ်းပေးလိုက်သည်။ မောင်ကာလုသည် ထိုအိတ်ကလေးကို လှမ်းယူကာ ဖွင့်ကြည့်လိုက်ရာ. . .

“အင်း. . . တော်ပါသေးရဲ့. . . ငါယူလာတဲ့အတိုင်း ရွှေတုံးတွေ ရှိနေသေးလို့”

သူယူလာခဲ့သည့်အတိုင်း ရွှေတုံးများရှိနေသေးသည့်အတွက် အခုမှပင် ဟင်းချနိုင်ခဲ့သည်။

“ဒီရွှေတုံးတွေကို အသုံးချပြီး ငါ့ရဲ့ရည်မှန်းချက်ကို အောင်မြင်အောင်လုပ်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရေရွတ်ကာ အထုပ်ထဲမှ ရွှေတုံးတစ်တုံးကိုယူပြီး ပန်းသဉ္ဇာအား ပေးလိုက်သည်။

"ငါ့ညီမတို့သားအဖဟာ အစ်ကို့ရဲ့ အသက်ကိုကယ်ခဲ့တဲ့အတွက် အစ်ကို တတ်နိုင်သမျှ ကျေးဇူးတုန့်ပြန်တာပါ"

"နေပါစေ အစ်ကိုရယ်. . . ပန်းသဉ္ဇာတို့ဘဝဟာ ဆင်းရဲပါတယ်. . . ရွှေလည်းမရှိ ငွေလည်းမချမ်းသာပါဘူး. . . ဒါပေမယ့် သားအဖနှစ်ယောက်ရဲ့ဘဝဟာ အရမ်းကို စိတ်ချမ်းသာပါတယ် အစ်ကိုရယ်"

"ဟုတ်ပါတယ်. . . ပန်းသဉ္ဇာတို့သားအဖနှစ်ယောက်ရဲ့ဘဝက မချမ်းသာပေမယ့် အေးချမ်းတယ်"

"ဒါဆိုရင်. . . အစ်ကို့ဘဝကရော. . . မအေးချမ်းဘူးလား"

ပန်းသဉ္ဇာက ပြုံးပြုံးကလေးမေးလိုက်ရာ. . .။

မောင်ကာလုမှာ. . . "အစ်ကို့ဘဝကတော့. . ." ဟု ဆိုပြီး ရှေ့မဆက်နိုင်ပဲ သူ၏ဘဝနောက်ကြောင်းကို သတိရသွားကာ. . .။

"အစ်ကို့ဘဝက ခက်ထန်ကြမ်းတမ်းပါတယ်. . . သူငကာတွေလို မပျော်နိုင်ပါဘူး. . . ပျော်ရွှင်မှုမရှိတဲ့ အစ်ကို့ဘဝဟာ တာဝန်တစ်ခုကို မလွှဲမသွေ ထမ်းဆောင်နေရတဲ့သူပါ"

"တာဝန်. . . ဟုတ်လား. . . ဒီတာဝန်ကို ဘယ်လောက်တောင် ထမ်းဆောင်နေရလို့လဲ"

"အသက်နဲ့လဲပြီး ထမ်းဆောင်ရမယ့်တာဝန်"

"အသက်နဲ့လဲပြီး ထမ်းဆောင်ရမယ့်တာဝန် ဟုတ်လား. . . အစ်ကို့စကားက အဆန်းပဲ"

"ဟုတ်ပါတယ် ညီမရယ်. . . ညီမတို့သာမန်လူတွေအတွက် ထူးဆန်းကောင်း ထူးဆန်းနေလိမ့်မယ်. . . အစ်ကို့အတွက်မှာတော့"

မောင်ကာလုက စကားကို ဆက်မပြောတော့ပဲ ရပ်တန့်နေလိုက်သည်။ ပန်းသဉ္ဇာကား ရိုးသားသိမ်မွေ့သည့် မိန်းမပျိုကလေးဖြစ်ပြီး သူမ၏ မည်းနက်သောမျက်ဝန်းတွင် တောက်ပ







www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်လုံးတစ်စုံက ချစ်စဖွယ် လှပလွန်းလှသည်။

ပန်းသန္တာတို့၏ တဲငါတဲကလေးအတွင်း၌ မောင်ကာလု ခေတ္တမျှ တည်းခိုနေခဲ့သည်။ မောင်ကာလုမှာ လှိုင်းဒဏ်လေဒဏ် ခံထားရသဖြင့် ပင်ပန်းနွမ်းနယ်ကာ အားအင်ကုန်ခမ်းနေပါသည်။

"အင်း. . . ငါတော့ ဒီတဲမှာ နှစ်ရက်သုံးရက်လောက် တော့ တည်းခိုမှပဲ. . . အားပြန်ပြည့်ပြီး လူကောင်းဖြစ်မှ ခရီး ဆက်မယ်"

ထိုသို့စဉ်းစားရင်း အိပ်ရာပေါ်၌ လဲလျောင်းနေခဲ့သည်။

မကြာမီ ပန်းသန္တာက ဆန်ပြုတ်ပန်းကန်နှင့်အတူ ငါး ကင်တစ်ကောင်ကိုယူလာပြီး. . .။

"အစ်ကိုကြည့်ရတာ သိပ်ပြီးအားမရှိဘူးနဲ့တူတယ်၊ ဒါ ကြောင့် ညီမ ငါးကင်ထားတယ်. . . အစ်ကိုစားပါ"

ဤသို့ပြောဆိုကာ ကျွေးမွေးခဲ့သည်။

"နေပါစေ ညီမရယ်. . . တစ်ရက်နှစ်ရက်ဆိုရင် အစ်ကို ကောင်းသွားမှာပါ"





ပန်းသန္တာက မောင်ကာလုကို အားရှိစေမည့် အစား အစာများ ကျွေးမွေးခဲ့သည်။ သည်လိုနှင့်ပင် တစ်ရက်နှစ်ရက် အတွင်း သိသိသာသာ အားပြည့်ခဲ့သည်။

ပန်းသန္တာသည် ညနေတိုင်း ဖခင်ကြီး ပိုက်ချပြီးပြန်အ လာကို စောင့်ကြိုခဲ့ရသည်။ နှစ်ရက်မြောက်နေ့တွင် မောင်ကာလု အား. . .

"အစ်ကို. . . ကမ်းစပ်မှာ အဖေ့ကိုသွားကြိုလိုက်ဦး မယ်. . . အစ်ကို လိုက်နိုင်မလား"

"ရပါတယ်. . . အစ်ကိုက ဒီလောက်မပျော့ပါဘူး၊ လိုက် နိုင်ပါတယ်"

သည်ညနေခင်းကလေးတွင်. . .။

မောင်ကာလုသည် ပန်းသန္တာနှင့်အတူ သဲသောင်ပြင် ၌ လမ်းလျှောက်ခဲ့ကြသည်။ ညနေဆည်းဆာအချိန်ဖြစ်၍ နေမင်း ကြီးကား နီရဲသော အလုံးကြီးအဖြစ် မြစ်ထဲသို့ တိုးဝင်ပျောက် ကွယ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြင်မှာ နီတစ်ချို့ ဝါတစ်ချို့ ခရမ်းတစ်ချို့။ ရောင်စုံတိမ်တိုက်ကလေးများက ကောင်းကင်ပြင်ကို အရောင်နှင့် ခေးချယ်ထားသကဲ့သို့ လှပနေသည်။

လှပသော ပန်းချီကားတစ်ချပ်ကို ကြည့်နေရသကဲ့သို့ သူတို့နှစ်ယောက်၏ ရင်ထဲတွင် အေးမြသော ချမ်းမြေ့မှုကို ခံစားရသည်။ သည်အချိန်မျိုးတွင် ပန်းသန္တာ၏အလှမှာ ကပိုကရို နှင့် ပိုပြီးလှနေသကဲ့သို့ပင်. . .။

မောင်ကာလုကား ဖွံ့ဖြိုးသော ရင်အုပ်ကျယ်ကြီးနှင့် ကြွက်သားများ အဖြိုင်းဖြိုင်းထနေသည့် ခန္ဓာကိုယ် အချိုးအစား ပြေပြစ်မှုမှာ မိန်းကလေး အတော်များများကပင် ငေးလောက် ပေသည်။

သည်လိုညနေချမ်းအချိန်တွင် မြစ်ပြင်ကို ဖြတ်ပြီးတိုက်ခတ်လာသည့် လေနုအေးကလေးကို ရှူရှိုက်ရင်း ခန္ဓာကိုယ်လန်းဆန်းလာခဲ့သည်။ သဘာဝအလှတွင် နှစ်မျောနေစဉ်. . .။

မြစ်ပြင်ကျယ်အတွင်းမှ တံငါလှေတစ်စင်း ကမ်းစပ်သို့ လှော်ခတ်လာခဲ့သည်။

"ဟော. . .အဖေ ပြန်လာပြီ"

ပန်းသန္တာက အော်ဟစ်ပြောရင်း လှေဆွဲရန် ရေထဲသို့ ပြေးဆင်းသွားသည်။ ပြီးတော့. . .သူ့ဖခင်၏ လှေကလေးကို ကြိုးမှဆွဲလာခဲ့သည်။

"သမီးရေ. . .ဒီနေ့ ငါးတွေအများကြီးရတယ်"

"ဒါဆို. . .ဝမ်းသာစရာပဲပေါ့ အဖေရယ်"

သူတို့သားအဖ ပျော်ရွှင်မြူးတူးနေပုံကို ကြည့်ရသည်မှာ စိတ်ချမ်းသာဖွယ်ရာအပြည့်နှင့်. . .။ သည်လိုညနေခင်းမျိုးကို တစ်ပတ်ခန့် ဖြတ်သန်းရသောအခါ. . .။ မောင်ကာလုရင်ထဲတွင် ပန်းသန္တာနှင့် သည်လို တူစုံတွဲကာ အမြဲနေချင်သည့်စိတ်များ ဖြစ်ပေါ်လာခဲ့သည်။

ထို့အတူ ပန်းသန္တာ၌လည်း မောင်ကာလုအပေါ် ချစ်စိတ်များ ဝင်လာခဲ့သည်။ ရက်သတ္တတစ်ပတ်အတွင်း သူတို့နှစ်ဦး ရင်မှာ အချစ်ဆိုသည့်အရာကို မွေးဖွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမရယ်. . . ညီမကို အစ်ကို အရမ်းချစ်တယ်"

"ဒါဆို. . . အစ်ကို ဘယ်မှမသွားနဲ့. . . ညီမနဲ့လက်ထပ်ပြီး ဒီမှာပဲနေပါလား အစ်ကိုရယ်. . . ဒီမြစ်ပြင်ကျယ်ကြီး ရှိနေသရွေ့ ညီမတို့အတွက် ပြည့်စုံနေမှာပါ"

"ညီမ ပန်းသန္တာရယ်. . . အစ်ကိုလည်း ညီမနဲ့ ဘယ်ခွဲချင်ပါ့မလဲ"

"ဒါဆို. . . ခွဲမသွားပါနဲ့ အစ်ကိုရယ်. . . ပန်းသန္တာနဲ့ပဲနေပါ"

"ဘယ်ခွဲချင်ပါ့မလဲ ပန်းသန္တာရယ်. . . ဒါပေမယ့် အစ်ကိုဟာ တာဝန်တစ်ရပ်ကို ထမ်းဆောင်ဖို့ ဒီကိုလာခဲ့တာဆိုတော့ ဒီတာဝန်အတွက် အစ်ကို ခရီးဆက်ရလိမ့်မယ်"

"ဘာတာဝန်လဲဆိုတာ သိချင်ပေမယ့် မမေးတော့ပါဘူး အစ်ကိုရယ်. . . ဒါပေမယ့် အစ်ကို ဘယ်အရပ်ကိုသွားမယ်ဆိုတာပြောပြပါ အစ်ကိုရယ်"

"အစ်ကိုသွားရမယ့်နေရာက "မိစ္ဆာဂူမှောင်"တောင်ကြား





ကိုပါ"

"အစ်ကို ဘယ်လိုပြောလိုက်တယ်. . . အဲဒီတောင်ကြားဟာ အန္တရာယ်ကြီးမားလွန်းလို့ "ပြန်လမ်းမဲ့တောင်ကြား"လို့တောင် ခေါ်ကြတယ်. . . ဖြစ်နိုင်ရင် မသွားပါနဲ့ အစ်ကိုရယ်"

"ပန်းသန္တာ အစ်ကို့ကို မတားပါနဲ့. . . အဲဒီနေရာကို အစ်ကို မသွားမဖြစ် သွားရမှာမို့ပါ"

"ဒုက္ခပါပဲ အစ်ကိုရယ်. . . ဒါဆိုရင် အစ်ကိုနဲ့ ပန်းသန္တာတို့ ပေါင်းရဖို့ လမ်းမမြင်တော့ဘူး"

"မဦးမချွတ်မပြောပါနဲ့ ပန်းသန္တာရယ်. . . အစ်ကိုဟာ အခက်အခဲ တော်တော်များများကို ဖြတ်ကျော်နိုင်အောင် အစ်ကို့မှာ စွမ်းရည်ရှိပါတယ်"

"တားမရတော့လည်း သွားပေါ့ အစ်ကိုရယ်. . . ညီမကတော့ အစ်ကို ဘေးမသီရန်မခနဲ့ ရည်ရွယ်ချက်တွေအောင်မြင်ပြီး ပြန်လာပါစေလို့ ဆုတောင်းနေရမှာပဲ"

"အစ်ကို့ကို နားလည်ပေးပါ ပန်းသန္တာရယ်. . . တာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်တွေပြီးဆုံးတဲ့နေ့မှာ ညီမဆီကို ဆက်ဆက်ပြန်လာပါ့မယ်"

"ကောင်းပါပြီ အစ်ကို. . . အစ်ကို ပြန်လာမယ့်ရက်ကို သစ္စာရှိစွာ စောင့်နေပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ပန်းသန္တာရယ်"

"အစ်ကို့ကို ပန်းသန္တာ သတိပေးစရာတစ်ခုရှိတယ်၊ အစ်ကို "မိစ္ဆာဂူမှာန်တောင်ကြား"ကို သွားမယ်ဆိုရင် ငါးဖွန်ရွာကို မလွဲမသွေ ဖြတ်ကျော်ရလိမ့်မယ်. . . အဲဒီမှာ ပညာသည်တွေ စုန်းတွေ အများကြီးရှိတယ်တဲ့"

"မစိုးရိမ်ပါနဲ့ ညီမရယ်. . . အစ်ကို သွားတော့မယ်"

"ကောင်းပါပြီ အစ်ကို. . . တာဝန်တွေပြီးဆုံးပြီး အမြန်ပြန်လာနိုင်ပါစေ အစ်ကိုရယ်"

မောင်ကာလုသည် ချစ်သူပန်းသန္တာကို နှုတ်ဆက်ပြီး တာဝန်တစ်ရပ် ထမ်းဆောင်ရန် လှေဆိပ်သို့ ဆင်းလာခဲ့သည်။ အခန့်သင့်ပင် ဤတံငါရွာမှ ငါးတွန်ရွာသို့သွားမည့် လှေကြီးတွေ့သဖြင့်. . .။





"အစ်ကို. . . ဒီလှေကြီးနဲ့သာ လိုက်သွားပေတော့"

ပန်းသန္တာက လှေကြီးပေါ်သို့ တင်ပေးလိုက်သည်။

လှေကလေးကား စတင်ထွက်ခွာခဲ့လေပြီ။ မောင်ကာလုသည် ပန်းသန္တာအား လက်ကလေးတပြပြနှင့် ဝေ့ယမ်းနှုတ်ဆက်ရင်း လှေကလေး၏ခေါင်းဆောင်ရာသို့ လိုက်ပါသွားခဲ့သည်။

ပန်းသန္တာက ကမ်းစပ်မှ လှေကလေး ပျောက်ကွယ်သွားသည့်အထိ ရပ်ကြည့်ရင်း. . .။

"တစ်မြို့တစ်နယ်က အမှတ်မထင် ရောက်လာတဲ့ လူမင်းညည့်သည် အစ်ကိုရယ်. . . ဘာတာဝန်နဲ့များ ရောက်လာပါလိမ့်. . . တာဝန်ထမ်းဆောင်နေတယ်ဆိုတော့ ဘယ်အမျိုးဘယ်အနွယ်တော်ပါလိမ့်. . . ပန်းသန္တာ သိချင်လိုက်တာ"

ဤသို့တွေးရင်း သဲသောင်စပ်၌ ကျန်ရစ်ခဲ့လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

### "မိစ္ဆာဂူမှာန်တောင်ကြား"

မောင်ကာလု စီးလာသည့် လှေကလေးသည် မွန်းတည့် ဆယ့်နှစ်နာရီခန့်တွင် ငါးဖွန်ရွာသို့ ဆိုက်ရောက်လာခဲ့သည်။ ထိုရွာကား ရွာကြီးဖြစ်သည်နှင့် အိမ်ခြေများစွာရှိပြီး စည်ကားသည့်ရွာကြီးတစ်ရွာဖြစ်သည်။

လှေဆိုက်လိုက်သည့် နေရာနှင့် မနီးမဝေးတွင် ထမင်းဆိုင်ကြီးတစ်ဆိုင်ကို တွေ့ရသည်။ ထမင်းစားချိန်ဖြစ်၍ လှေသမားအတော်များများမှာ ထိုထမင်းဆိုင်၌ ဝင်ရောက်စားနေသဖြင့် ထမင်းဝိုင်းတိုင်းလိုလို လူပြည့်နေသည်။

မောင်ကာလုသည် ဗိုက်ဆာလွန်း၍ ဝမ်းထဲက တကျုတ်ကျုတ်မြည်နေသည်။ ထို့ကြောင့် ထမင်းစားရန် ထိုဆိုင်ထဲသို့





ဝင်လာခဲ့သည်။ ညှော်ကြိုဈေးခေါ် ကလေးမလေးတစ်ဦးက . . .

"လာပါ. . . ထိုင်ပါရှင်၊ ထမင်းနဲ့ဟင်းကောင်းကောင်းချက်ထားပါတယ်. . . ဘာများသုံးဆောင်ပါမလဲရှင်"

ဤသို့ ခရီးဦးကြိုပြုကာ နှုတ်ခွန်းဆက်လိုက်သည်။

"အိမ်း. . . ထမင်းနဲ့ဟင်းမျိုးစုံ ချပေးပါ"

"ကောင်းပါပြီရှင်. . . အစ်ကိုကြီး ဟိုနားက စားပွဲမှာထိုင်ပါရှင်"

သူမက ခပ်ချောင်ကျကျ စားပွဲတစ်လုံးကို ညွှန်ပြပေးလိုက်သည်။ မကြာမီ ကြက်သားဆီပြန် ငါးဆီပြန် ငါးခြောက်ထောင်းကြော်နှင့် တို့စရာအပါအဝင် ထမင်းပွဲရောက်လာသည်။

ဗိုက်ဆာဆာနှင့် ထမင်းနှစ်ပွဲကုန်အောင် စားပစ်လိုက်သည်။

သည်တွင် ညှော်ကြိုကောင်မလေးက. . .။

"သုံးဆောင်လို့ကောင်းပါရဲ့လား အစ်ကို"

"အလွန်ပင်စားကောင်းလှပါတယ်. . . ဒါနဲ့ တစ်ခုမေး



www.burmeseclassic.com

www.burmeseclassic.com



ပါရစေ"

"မေးပါ အစ်ကို"

"အစ်ကိုက ရပ်ဝေးကလာရတော့ ဒီရွာမှာ တည်းစရာ နိစရာများ ရှိပါစ. . . သိချင်လို့ပါ"

"တည်းခိုလို့ရပါတယ် အစ်ကို. . . ဒီထမင်းဆိုင်ရဲ့အ နောက်ဖက်မှာ ခရီးသွားများ တည်းခိုနိုင်အောင် "တည်းခိုဆောင်" တစ်ခု ဖွင့်ထားပါတယ်. . . အဲဒီတည်းခိုဆောင်မှာ ကျွန်မရဲ့အဖေ က ဦးစီးလုပ်ကိုင်ပါတယ်. . . အစ်ကို တည်းခိုမယ်ဆိုရင် ကျွန်မ လိုက်ပြပါ့မယ်"

"ကောင်းပါပြီ"

ထိုသို့ပြောဆိုကာ မိန်းမပျိုလေး ခေါ်ဆောင်ရာနောက် သို့ လိုက်လာခဲ့သည်။

ထမင်းဆိုင်၏အနောက်ဖက်၌ ကြီးမားသော အိမ်ကြီး တစ်လုံးကို တွေ့ရှိရသည်။ ဧည့်ခန်းတွင် ထိုင်နေသည့် အသက် ခြောက်ဆယ်ကျော်အရွယ် အဘိုးကြီးတစ်ယောက်ကို တွေ့ရှိရ





"အဖေ. . . ဧည့်သည်တစ်ယောက်က ဒီမှာတည်းချင် လို့တဲ့"

"အေး. . . အေး. . . ထားခဲ့"

"ဒါဆို. . . အစ်ကို အဖေနဲ့စကားပြောပါ. . . ကျွန်မ ဆမင်းသွားရောင်းဦးမယ်"

မိန်းကလေးက မိတ်ဆက်ပေးပြီး ပြန်သွားခဲ့သည်။

"လာပါ. . . ထိုင်ပါ မောင်ရင်"

"ဟုတ်ကဲ့ပါခင်ဗျ"

"ဘယ်အရပ်ကလာပါသလဲ"

"မြောက်ဦးကလာတာပါ"

"ဒီမှာ ဘယ်နှစ်ရက်လောက်တည်းမလဲ"

"တစ်လလောက်ဆိုပါတော့"

"ရပါတယ်. . . တည်းခိုပါ. . . ထမင်းစားမယ်ဆိုရင် တည်းခိုခကို လျှော့ပေးပါ့မယ်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်. . . အပေါ်ထပ်ကအခန်းမှာ တည်းပါ"

"ဟုတ်ကဲ့ပါ"

ထိုလူကြီးမှ အပေါ်ထပ်ရှိ အခန်းကိုလိုက်ပြပေးရင်း. . .။

"အဘနာမည်ကတော့ ဦးသာဦးမောင်ပါ. . . ဇနီးနဲ့သမီးကတော့ ထမင်းရောင်းသပေါ့. . . အဘကတော့ တည်းခိုဆောင်ငှားစားတယ်ဆိုပါတော့ကွယ်. . . ဒီအပေါ်ထပ်အခန်းက လေဝင်လေထွက်ကောင်းတယ်. . . ဒီပြတင်းပေါက်ကကြည့်ရင် ဟိုဘက်က ရွာတန်းရှည်ခင်တန်းကို မြင်ရတယ်"

"ဟုတ်ကဲ့ပါ အဘ"

သည့်လိုနှင့်ပင် မောင်ကာလုသည် ထိုတည်းခိုဆောင်၌ ခေတ္တတည်းခိုနေခဲ့သည်။ လူသမားအများစုမှာ အောက်ထပ်၌သာ တည်းခိုနေခဲ့သည်။ မောင်ကာလုတစ်ယောက်ထဲ အပေါ်ထပ်ရှိ သီးသန့်အခန်း၌ နေရာပေးထားပြီး ထိုအခန်းမှာ သန့်ရှင်းသပ်ရပ်လှသည်။

မောင်ကာလုမှာ ထမင်းစားပြီး ညနေစောင်းအချိန်တွင်





မိမိလုပ်ဆောင်ရမည့် ကိစ္စအတွက် စနည်းနာရန်ရှိသဖြင့် ရွာထဲသို့ ထွက်လာခဲ့သည်။

နေဝင်ဖြိုးဖျ နွားရိုင်းသွင်းချိန်. . .။

တဖြည်းဖြည်း လမ်းလျှောက်လာရင်း ရွာအစွန်က ရေတွင်းကြီးဆီသို့ ရောက်လာခဲ့သည်။ ထိုရေတွင်းတွင် မျိုးမေတစ်သိုက် ရေအိုးကိုယ်စီနှင့် ရောက်နေကြသည်။ တစ်ချို့သော ကာလသားများက ဤရေတွင်းနံဘေး၌ ထိုင်နေကြသည်။

တစ်ချို့မှာမူကား ရေခပ်ဆင်းသည့် အပျိုချောကလေးများကို ရေငင်ပေးနေသည်။ ဤသည်ကား တောဓလေ့ဖြစ်၍ တောရွာတိုင်းလိုလို တွေ့မြင်နေကျ မြင်ကွင်းဖြစ်သည်။

မောင်ကာလုလည်း ဖုန်းတို့နှင့် မနီးမဝေးရှိ သစ်ငုတ်တစ်ခုတွင် ထိုင်ရင်း အရိပ်အခြည်ကို စောင့်ကြည့်နေသည်။ ဖုန်း၏ ညီရွယ်ချက်မှာ ကာလသားများနှင့်ဖြစ်စေ မိန်းမပျိုများနှင့်ဖြစ်စေ မိတ်ဆွေဖြစ်လိုသည်။ ထို့နောက် သူသိလိုသည့်အကြောင်းများကို စုံစမ်းရန် အကြံရှိသည်။ ထိုအကြံအစည်ကို အကောင်



www.burmeseclassic.com

www.burmeseclassic.com



အထည်ဖော်ရန် အခွင့်အခါကို စောင့်ဆိုင်းနေခဲ့သည်။

သည်တွင်. . .။

အပျိုမလေးတစ်သိုက်နှင့် ကာလသားတစ်သိုက်မှာ ရင်း ရင်းနှီးနှီး ဆက်ဆံနေသည်ကို တွေ့မြင်ရသည်။ အပျိုမလေး တစ်သိုက်ထဲမှ တစ်ယောက်သော လုပျိုဖြူက. . .။

"နေဝင်ချိန် တိမ်တောက်လို့ ပျိုကြောက်တဲ့ဒီချိန်ခါ မောင်ကြီးကပေါ်မလာ"

ဤသို့ သီချင်းတစ်ပုဒ်ကို ဆိုလိုက်ရာ. . .။

ကာလသားတစ်သိုက်ထဲမှ လူပျိုတစ်ဦးက. . .။

"ကြောက်ပါနဲ့ပျိုလေးရယ်. . . တိမ်တောက်တာမဆိုး သားနဲ့. . . ဂျိုကားတဲ့နွားကြီးလာတောင်. . . မဖြုံပေါင်အသက် နှင်းလိုကယ်မှာပါ့လေး"

"ခစ်. . . ခစ်. . . ခစ်"

လူပျိုတစ်ဦး၏ သီချင်းဆိုသံအဆုံးတွင် အပျိုမလေးတွေ တခစ်ခစ် ရယ်မောနေကြသည်။





သည်ပုံစံကို တွေ့ရှုနှင့် ထိုကာလသားနှင့် သီချင်းဆို သည့် အပျိုမလေးမှာ ချစ်သူရည်းစားများပင် ဖြစ်ဟန်တူပေ သည်။ သူတို့နှစ်ဦး၏မျက်နှာတွင် အချစ်ရည်ပက်ဖြန်းထားသ ဖြင့် လန်းရွှင်နေသည်။

သည်တွင် သီချင်းဆိုသည့် ကာလသားကလေးက ရေ တွင်းမှရေများကို သံပုံးနှင့်ငင်ကာ တန်းစီထားသည့် အပျိုမလေး များ၏ ရေအိုးထဲသို့ တစ်အိုးပြီးတစ်အိုး ဖြည့်ပေးခဲ့သည်။

ထိုစဉ် သူ၏ချစ်သူအလှည့်သို့ ရောက်လာသဖြင့် အိုး ထဲသို့ ရေဖြည့်ပေးနေစဉ် အနောက်အရပ်မှ မိန်းမပျိုလေးတစ်ဦး ရေအိုးကလေးကိုပိုက်ကာ ရေတွင်းဆီသို့ လာနေသည်။

မောင်ကာလုသည် သူမကို အမှတ်မထင် ကြည့်လိုက်မိ သည်။

သူမကား. . . အသားတော်ဝါဝါဝင်းဟု ဆိုရမလောက် အသားကလေးမှာ ဝါဝင်းနေပြီး မျက်နှာကလေးမှာ ပြစ်မျိုးမဲ့ သောင်အောင် လှပလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ရေအိုးပိုက်ပြီး လမ်းလျှောက်လာသည့် ဟန်ပန် အနေအထားကပင် ငြိမ့်ငြိမ့်ညောင်းညောင်းနှင့် မျက်စေ့မလွှဲနိုင် အောင် ကြည့်ကောင်းလှသည်။ ထိုမိန်းမပျိုကလေးသည် တည် ကြည်သော ဣန္ဒြေဖြင့် တစ်လှမ်းချင်း လျှောက်လာရာ ရေတွင်း အနီးသို့ ရောက်ရှိလာသည်။

ထိုစဉ်. . .။

ရေတွင်းအနီး၌ရှိသော အပျိုမလေးတစ်စုကလည်း သူ့ကို မြင်ဟန်တူပါသည်။ ချက်ချင်းပင် သူတို့၏ အမူအယာပြောင်း လဲသွားခဲ့သည်။ ပြောနေသည့် စကားများကိုပင် ချက်ချင်းရပ် လိုက်သည်။ ပြီးနောက် တစ်ဦးကိုတစ်ဦး မျက်စောင်းထိုးကာ အချက်ပေးလိုက်သည်။ သည့်တွင် ခုနက ထိုင်နေသော အမျိုး သားများသည် ရေတွင်းဆီသို့ အမြန်ဆုံးရောက်လာပြီး ရေဖြည့် ထားသည့် အိုးကလေးများကို ပင့်ပေးခဲ့သည်။

ထိုအပျိုမလေးများကလည်း ရေအိုးကိုရွက်ကာ တန်း ပြီး ထွက်သွားခဲ့သည်။ ဤသို့ ရုတ်တရက် ပြောင်းလဲသွားသည့်





အခြေအနေကိုကြည့်ရင်း မောင်ကာလ အံ့သြသွားခဲ့သည်။

"အင်း. . . ကြည့်ရတာတော့ ထူးခြားတယ်. . . စောင့် ကြည့်ဦးမှပဲ"

ထိုမိန်းမပျိုကလည်း မည်သူ့ကိုမျှ ဂရုမစိုက်သည့်ဟန် နှင့် ရေတွင်းထဲသို့ စက်သီးနှင့်ချထားသော ရေပုံးကြီးကို မနိုင် နင်း ဆွဲတင်လိုက်သည်။

သည့်တော့. . . မောင်ကာလ ထိုင်ကြည့်မနေရက်ပါ။ ယောက်ျားတစ်ယောက်ပီပီ အားနွဲ့သောမိန်းကလေးတစ်ယောက် ကိုယ့်မျက်စေ့ရှေ့၌ ဤသို့ဖြစ်နေသည်ကို မလိုလား၍. . .။

"ညီမ. . . အစ်ကိုဆွဲပေးမယ်"

ဟု ပြောပြောဆိုဆို ထိုင်နေရာမှ အပြေးကလေးသွား ကာ သံပုံးကြီးကိုဆွဲပေးလိုက်သည်။

"အစ်ကိုက လူစိမ်းနဲ့တူတယ်"

မိန်းမပျိုကလေးက ဤသို့ပြောရင်း မျက်လုံးကလေးကို ဝိုင်းပြီး ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

မောင်ကာလုက ရေအိုးထဲသို့ ရေလောင်းပေးရင်း ပြောလိုက်သည်။ ထို့နောက် ရေအိုးကို ပင့်ပေးလိုက်သောအခါ. . .

"အစ်ကို ခဏစောင့်ပေးပါလား"

"ဘာဖြစ်လို့လဲ ညီမ"

"ကျွန်မ နောက်တစ်ခေါက်ရေခပ်ချင်သေးတယ်"

"ဪ. . .ဒါဆို အစ်ကိုက ခဏစောင့်ပေးရမလား"

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ရေအိုးပင့်ပေးမယ့်သူ မရှိလို့ပါ"

"ရပါတယ်. . . စောင့်ပေးပါ့မယ်"

"နည်းနည်းတော့မိုးချုပ်မယ် အစ်ကို"

"မိုးချုပ်လည်းဖြစ်ပါတယ်ကွ. . . အစ်ကို့မှာ အလုပ်မရှိတာ"

ထိုသို့ စကားဆိုပြီးနောက် သူမက ရေအိုးကလေးကိုရွက်ကာ အနောက်ဖက်တောကြီးဆီသို့ သွားခဲ့သည်။





ထိုစဉ် ကာလသားတစ်သိုက်က . . .။

"အချက်မသိတော့ စုန်းရိုးထင်
အခက်တွေ့မှ ဓာတ်မြင်"

မည်သည့်အဓိပ္ပါယ်မှန်းမသိသည့် စာချိုးတစ်ခုကို ရွတ်ဆိုပြီး ရေတွင်းနားမှ ထွက်ခွာသွားခဲ့သည်။ မောင်ကာလုမှာ ဘာမှန်းညာမှန်းမသိသည့် ပုစ္ဆာ တစ်ပုဒ်ကို အဖြေထုတ်ရင်း ထိုင်စောင့်နေခဲ့သည်။

တဖြည်းဖြည်း မိုးစုံးစုံးချုပ်လာကာ အမှောင်ဖုံးလွှမ်းလာခဲ့သည်။ ထိုနေရာမှာ ရွာနှင့်အတန်ငယ်ဝေးသည့်အတွက် အမှောင်ထုအလယ်၌ ရောက်ရှိနေသလို ခံစားရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပုရစ်အော်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။ မကြာမီ ရေတွင်းအနီးရှိ ချုံပုတ်ကလေးများအနီးတွင် တောက်ပသည့်အလင်းရောင်ကလေးများ သည်မှ ဟိုဟို လင်းလက်နေသည်။

"ဪ . . . ပိုးစုန်းကြူးကလေးတွေတောင် ရောက်လာပါပကောလား"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ရေရွတ်ရင်း သူမကို စောင့်နေခဲ့သည်။

သည်တွင် ...

"ဂိး ..ဂိး ..ဂိး ..ဂစ်"

ဟူသော ငှက်ဆိုးထိုးသံကို ကြားလိုက်ရပါသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်လာသလို ခံစားလိုက်ရသည်။ ညည့်ငှက်များပင် အစာရှာဖို့ ထွက်လာကြပြီ။

"ငါ ဒီထက်တော့ ထပ်ပြီးမစောင့်သင့်တော့ဘူး။ ဒီလောက်ဆိုရင် သူလာမှာမဟုတ်တော့ဘူး ...ငါ ပြန်မှဖြစ်မယ်"

သည်အတွေးနှင့် ရေတွင်းနားမှ မတ်တတ်ရပ်လိုက်ပါသည်။ သို့သော် သံယောဇဉ်အမျှင်က မပြတ်သေး ...။

သူမ လာလိုလာငြားဆိုသည့်အတွေးနှင့် သူမ ထွက်ခွာသွားသော တောအုပ်ခင်တန်းဘက်သို့ လှမ်းအကြည့် ...

ချုံပုတ်ယံမှ အစိမ်းရောင်မျက်လုံးများကို တွေ့လိုက်ရပါသည်။

"ဘာတွေပါလိမ့်"





မှောင်ကာလုမှာ နဂိုကပင် ကြောက်တတ်သူမဟုတ်သဖြင့် ထိုမျက်လုံးစိမ်းများကို သေသေချာချာ ကြည့်လိုက်သည်။

သည်တွင် မျက်လုံးစိမ်းများက ရွေ့ရှားနေသဖြင့် ...

"မျက်လုံးစိမ်းများက ရွေ့ရှားနေပါလား"

"ဒါဟာ တစ္ဆေမျက်လုံးတွေလား"

"ငါ့ကို လာခြောက်တာနဲ့ တူတယ်"

"မင်းတို့လောက်တော့ စာမဖွဲ့ဘူး"

ထိုသို့ စိတ်ကူးရကာ အနီးအနားသို့ လိုက်ကြည့်လိုက်သည်။ ထို့နောက် ကျောက်ခဲကြီးကြီးတစ်လုံးတွေ့သဖြင့် ကောက်ယူပြီး ထိုချုံပုတ်ထဲသို့ ပစ်လိုက်ရာ ...။

"အု ...အု ...အု"

"ဂလုံး ...ဂလုံး ..ဖြုံး"

ဟူသော အသံနှင့်အတူ ဝရုန်းသုံးကားပြေးထွက်လာသည့် ခွေးတစ်သိုက်ကို တွေ့လိုက်ရသည်။

"ဩော် ...။ လက်စသတ်တော့ မျက်လုံးစိမ်းတွေက ခွေးအရဲ့မျက်လုံးတွေပဲ ...လရောင်ကြောင့် အရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ဖြစ်မယ်၊ တော်ပါသေးရဲ့''

မောင်ကာလုမှာ ဟင်းချလိုက်သည်။ ပြီးနောက် . . .။

''အမည်မသိတဲ့ မိန်းမပျိုလေးရယ် . . . မင်း ဘာကြောင့် လိမ်ညာတဲ့စကားကို ပြောသွားတာလဲ။ ငါကတော့ မင်းကို ကူညီပေးမယ့်သူမရှိလို့ တမင် စောင့်နေခဲ့တာ၊ အခုတော့ ငါ့ကိုပါ လှည့်စားသွားရက်တယ်''

ခပ်လှမ်းလှမ်းရှိ ခင်တန်းတောအုပ်ဘက်သို့ ကြည့်လိုက်ရာ . . .။

''အနီရောင်မီးလုံးတွေပါလား''

ခင်တန်းတစ်လျှောက် အနီရောင်မီးလုံးများ တက်လိုက် ဆင်းလိုက်နှင့် . . .။

အချို့ကလည်း တစ်လုံးကပြေးပြီး တစ်လုံးက လိုက်သည်။ လိုက်တမ်းပြေးတမ်းကစားနေသည့်နှယ် . . .။

''ထူးဆန်းလှချည်လား''

သည်မြင်ကွင်းကတော့ တကယ့်ကို ထူးခြားလှပေသည်။ သည်မြင်ကွင်းမျိုး တစ်ခါမှမတွေ့မကြုံဖူးခဲ့ပေ၊ အနီးကပ်





ကြည့်ချင်သော်လည်း ထိုမီးလုံးနီများကား အဝေးမှခင်တန်းမှာ. . .။

အတန်ကြာအောင် ရပ်ကြည့်နေမိသည်။

ထိုမီးလုံးများကား အနီမှ်အမြင့်မညီညာ၊ တက်လိုက် ဆင်းလိုက်. . .။ သည်မီးလုံးများက အဝေးမှမြင်ကွင်းဖြစ်၍ စော စောကလို ခဲလုံးနှင့်ပေါက်၍လည်း မရောက်နိုင်သည့်နေရာမျိုး ဖြစ်သည်။ အတော်ပင် မိုးချုပ်လာသည့်အတွက် ဤနေရာမှ ထွက်ခွာလာခဲ့သည်။

ရွာလမ်းတစ်လျှောက်လုံးတွင် တစ်ချို့မှာ မီးမှိတ်၍ပင် အိပ်နေကြသည်၊ လရောင်အလင်းနှင့် တဖြည်းဖြည်းလျှောက်လာရာ မကြာမီ တည်းခိုဆောင်ကြီးသို့ ရောက်လာခဲ့သည်။ တည်းခို ဆောင်၌ အဘဦးသာဦးမောင်မှာ မှန်အိမ်ကို ထွန်းညှိကာ စောင့် နေဆဲ. . .။ မောင်ကာလုသည် တည်းခိုဆောင်ကြီးသို့ ဝင်လိုက် သည်နှင့် တစ်ပြိုင်နက်. . .။

''မောင်ကာလုလားကွဲ့''

''ဟုတ်ပါတယ်အဘ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်မိုးချုပ်အောင် ဘယ်တွေများသွားနေတာလဲ"

အဘဦးသာဦးမောင်က စိုးရိမ်စွာမေးလိုက်သည်။

"ဟုတ်တယ်အဘရေ. . . ရေတွင်းနားသွားထိုင်ရင်း မိုးချုပ်သွားတယ်"

"ရွာအနောက်က ရေတွင်းလားကွဲ့"

"ဟုတ်ပါတယ်အဘ"

"မိုးချုပ်အောင် မနေနဲ့လေ"

"ဟုတ်ကဲ့အဘ"

"ဒါနဲ့ ရေတွင်းနားမှာ မိန်းကလေးတစ်ဦးဦးနဲ့များ တွေ့ခဲ့သေးသလား"

"ဟုတ်ပါတယ် အဘ. . . အဘက ဘယ်လိုသိတာလဲ"

"ဒီမြေဒီဒေသမှာနေခဲ့တာ အသက်ခြောက်ဆယ်တောင်ကျော်ပြီကောကွယ်. . . ဘယ်နေရာမှာ ဘယ်သူရှိတယ်ဆိုတာ အဘသိတာပေါ့"

"ဒါဆို ရေတွင်းမှာတွေ့ခဲ့တဲ့ကောင်မလေးဟာ ဘယ်သူ





လဲဟင်"

"မင်းတွေ့ခဲ့တာ ဒေါ်မဲဝါကြီးရဲ့သမီးပဲ ဖြစ်မှာပေါ့"

"အဲဒီ ဒေါ်မဲဝါကြီးဆိုတာ ဘယ်သူလဲဟင်"

"ပြောရရင်တော့ အရှည်ကြီးပေါ့ကွာ. . . သူတို့သားအမိကို "စုန်း"လို့ ယိုစွပ်ထားကြတယ်၊ တစ်ချို့ကပြောတော့လည်း သူတို့ခြံဝန်းထဲမှာ နာနာဘာဝတွေ မွေးထားသလိုလိုပြောကြတယ်"

"ဒါဆို သူတို့ကဘာတွေလဲ. . . အဲဒီညက ခင်တန်းဘက်မှာ မီးလုံးတွေအများကြီးတွေ့ရတယ်. . . ဆင်းလိုက် တက်လိုက်နဲ့"

"ဟုတ်တယ်. . . အဲဒီမီးလုံးတွေ ခင်တန်းဘက်မှာတွေ့ရတယ်. . . အဲဒါကို တစ်ချို့လူတွေက တစ္ဆေမီးစလုံးလို့ ခေါ်ကြတယ်. . . တစ်ချို့ကလည်း စုန်းတောက်စားတာလို့ပြောတယ်။ အဘအထင်ကတော့ ပင်လယ်မီးစုန်းလို့ထင်တာပဲ. . ."

"ဒါကြောင့်နဲ့တူတယ်. . . ကာလသားတစ်သိုက်က "အချက်မသိတော့ စုန်းရိုးထင်၊ အခက်တွေ့တော့မှ ဖာတိမြင်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောသွားကြတာကိုး''

''ဒါလောက်တော့ မင်းသိပြီးပြီပေါ့''

''ဟုတ်ပါတယ် အဘ၊ ကျွန်တော်တော့ မကျေနပ်ဘူး အဘရယ်. . . ကျွန်တော့်ကိုစောင့်နိုင်းပြီး ပေါ်မလာဘူး''

''တတ်နိုင်ရင် သူတို့နဲ့ မပတ်သက်ပါနဲ့ မောင်ရင်ရယ်''

''ဘာဖြစ်လို့လဲ. . . ပြောပါဦး အဘရယ်''

''သူတို့သားအမိကို ရွာထဲကလူတွေက စုန်းမသားအမိ ဆိုပြီး ကျဉ်ထားကြတာကွဲ့''

''စုန်းမသားအမိ. . . ဟုတ်လား အဘ၊ ကျွန်တော်တော့ စုန်းအကြောင်းသိပ်မသိဘူး. . . အဘသိရင် ပြောပြစမ်းပါ အဘရယ်''

''အိမ်း. . . အဘ သိသလောက် ပြောပြရတာပေါ့ကွယ်''

''ဟုတ်ကဲ့. . . နားထောင်နေပါတယ် အဘ''

❖ ❖ ❖



အခန်း ( ၃ )

''ပဥ္စလက်ပညာရှင် ဒေါ်မဲဝါ''

''ပဥ္စလက်ပညာရှင် ဒေါ်မဲဝါ''

ညကလေးက ခပ်ရေးရေး. . .။

လကလေးက ခပ်ကွေးကွေး. . .။

သည့်လို လဆန်းညတစ်ညတွင် မောင်ကာလုနှင့် ဦးသာဦးမောင်တို့နှစ်ဦးသားသည် တည်းခိုဆောင်ကြီးအရှေ့ရှိ ဘွပ်ပျစ်တွင်ထိုင်ရင်း. . .။



www.burmeseclassic.com

www.burmeseclassic.com







☞ စာမူကိစ္စများနှင့်ပတ်သက်၍ ဝေဖန်အကြံပြုလိုလျှင် -

ကိုယွန်းယှဉ် တာပေဖိုက်

အမှတ်(၅၈)၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊

ရန်ကုန်မြို့။ ☎ : 09 51 66140

www.burmeseclassic.com

www.burmeseclassic.com





"ဟုတ်ကဲ့ပါ အဘ"

"ဒေါ်မဲဝါကြီးအကြောင်း ဆက်ပြောမယ်။ သူဟာ စုန်း ဟုတ်မဟုတ်တော့ မသိဘူး. . . ဖြစ်ချင်တော့ ရွာထဲက ငါးသား ပုရွန် လာဝယ်ရင်းနဲ့ ဈေးသည်တွေနဲ့ မသင့်မတင့်ဖြစ်ပြီး သူက ကျိန်တယ်. . . ဖျားနာပါစေ၊ ခေါင်းကိုက်ပါစေ စသပေါ့ကွယ်။ တိုက်ဆိုင်တာလား ဘာလားတော့မသိဘူး. . . အဲဒီလူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ရှားနေတယ်. . . ခေါင်းကိုက်ခဲ့တယ်. . . ဒီလိုတိုက်ဆိုင်လာတော့ သက်ာမကောင်းဖြစ်လာတယ်''

''သြော်. . . သြော်''

''ဒီလိုနဲ့ တစ်ညမှာ သချိုင်းကုန်းထဲမှာ အဝတ်မည်းကြီး ခြုံနေတဲ့ သရဲတွေ့တယ်ဆိုပြီး လူတွေက ကြောက်လန့်ကြတယ်။ ဒါနဲ့ စောင့်ဖမ်းတော့ သရဲမဟုတ်ဘဲ ဒေါ်မဲဝါကြီးဖြစ်နေတာ တွေ့ရတယ်။ ရွာသားတွေက ညအချိန်မှာ ဘာ့ကြောင့် ဒီကိုလာ ရသလဲလို့မေးတော့ ဘာမှပြန်မဖြေဘူး။ ဒါပေမယ့် ရွာသားတွေ က သူ့လက်ထဲမှာ အထုပ်တစ်ထုပ်တွေ့လို့ ကြည့်လိုက်တော့ ''ပဒိုင်းသီး''တွေ ဖြစ်နေတယ်''

''သြော်''

''နောက်ပြီး သူ့အိမ်မှာတည်းခိုတဲ့လူတွေဟာ ပြန်ရောက် မလာတော့ဲ ပျောက်ပျောက်သွားတယ်။ တစ်ချို့ကတော့ အဲ့ရနဒီ မြစ်ထဲမှာ အလောင်းပေါ်တယ်လို့လဲပြောတယ်။ ဒါ့ကြောင့် ဒီ ဒေါ်မဲဝါကြီးတို့သားအမိကို ရွာထဲကလူတွေက ကျဉ်ပြီး ဆေးဖော်





ကြောဖက် မလုပ်ကြဘူးကွဲ့''

''သြော်. . . ဒါ့ကြောင့်ကိုး''

''ကဲ. . . အဘတို့စကားပြောတာလည်း ညဉ့်နက်ပြီ. . . မောင်ကာလု အိပ်ချင်ပြီနဲ့တူတယ်. . . မနက်ဖြန်မှ ဆက်ပြော ကြတာပေါ့''

''ဟုတ်ကဲ့ အဘ''

အဘဦးသာဦးမောင်နှင့် စကားဆက်ဖြတ်ကာ တည်းခို ဆောင်ကြီးအပေါ်သို့ တက်လာခဲ့သည်။

မောင်ကာလုသည် အိပ်ရာပေါ်သို့ လှဲချလိုက်ရင်း. . . အမည်မသိ မိန်းမပျိုကလေးအကြောင်း စဉ်းစားမိသည်။

''သူကြည့်ရတာ ရိုးသားတဲ့သူတစ်ယောက်လိုပဲ. . . အ ကြောင်းသိရအောင် မနက်ဖြန်ညနေမှာ တစ်ခေါက်သွားကြည့် ဦးမယ်''

ထိုသို့တွေးတောရင်း တရေးအိပ်လိုက်သည်။

❖ ❖ ❖



www.burmeseclassic.com

နောက်တစ်နေ့ ညနေချမ်းအချိန်တွင်. . .။

မောင်ကာလုတစ်ယောက် ရေတွင်းနံဘေးသို့ ရောက်နေခဲ့သည်။

မနေ့ကလိုပင်. . .။

ရေခပ်ဆင်းသည့် မိန်းမပျိုတစ်သိုက်ကို ရေအိုးကိုယ်စီနှင့် ရေတွင်းနံဘေး၌ တွေ့ရှိရသည်။ ကာလသားတစ်သိုက်မှာလည်း ရေတွင်းထဲမှရေကို ငင်ပေးသည့်သူကငင်. . .။ ရေအိုးထဲသို့ လောင်းပေးသူက လောင်းပေး. . . စကားတွေဖောင်ဖောင်ပြောပြီး ရယ်ရွှင်မြူးတူးနေကြသည်။

ထိုမိန်းမပျိုတစ်သိုက်တွင် မနေ့ကတွေ့ခဲ့သည့် ဒေါ်မဲဝါကြီး၏ သမီးဆိုသူကို မတွေ့ရပေ. . .။

"သူ မရောက်သေးဘူးနဲ့တူတယ်. . . ငါ စောင့်ကြည့်ဦးမှပဲ"

မောင်ကာလုက သည်အတွေးနှင့် စောင့်နေခဲ့သည်။

စောင့်ရင်း စောင့်ရင်း မိုးအတော်ချုပ်လာခဲ့ပြီ. . .။





ရေခပ်ပြန်ကုန်ကြ၍ မိန်းမပျို လေးငါးယောက်ခန့်သာ ကျန်တော့သည်။

ထိုစဉ်. . .။

ခင်တန်းဘက်ဆီမှ ရေအိုးကလေးကိုပိုက်ပြီး မိန်းမပျိုတစ်ဦး ထွက်လာခဲ့သည်။

"ဟော. . . သူလာပြီ"

စောင့်စားနေရသူ မောင်ကာလုမှာ သူမကိုတွေ့လိုက်ရသည့်တစ်ပြိုင်နက် ဘာ့ကြောင့်မှန်းမသိ ရင်တွေခုန်ကာ ဝမ်းသာသွားခဲ့သည်။

တဖြည်းဖြည်းနှင့် သူမ အနီးသို့ရောက်လာခဲ့သည်။

ရေတွင်းရှိ မိန်းမပျိုကလေးများမှာ သူမကိုမြင်သည်နှင့် ချက်ချင်းပင် အရယ်အပြုံးရပ်ကာ. . .။

"ဟော့. . . ကောင်မတွေ. . . သွားကြစို့"

"အေး. . . ကျက်သရေယုတ်တဲ့ကောင်မ လာပြီ"

"သွားမယ်. . . သွားမယ်"

www.burmeseclassic.com



ထိုသို့ပြောဆိုပြီး ရေအိုးများကို ကာလသားများက လာ ပင့်ပေးကာ အတူတူထွက်ခွာသွားကြသည်။

သည်တော့ သည်ရေတွင်းနားတွင် သူတို့နှစ်ဦးသာ ကျန် ရစ်ခဲ့သည်။ သူတို့က ကျဉ်သည်ဟုဆိုသော်လည်း မောင်ကာလု က လွတ်လွတ်လပ်လပ် တွေ့ရသဖြင့် အကြိုက်တွေ့သွားခဲ့သည်။

"အမည်မသိတဲ့ ညီမငယ်. . . ဟိုနေ့က ဘာ့ကြောင့် မှသားစကား ဆိုရပါလိမ့်"

"အမည်ရှိပါတယ် အစ်ကို. . . ကျွန်မနာမည်က "အဝတ် အစားကထည်ဝါသည်၊ မျက်နှာက ရွှင်ကြည်"တဲ့"

"အလို. . . ညီမက စာချိုးနဲ့ပါလား"

"ဟုတ်ပါတယ်. . . အစ်ကို ဖြေကြည့်ပါ"

"အဝတ်အစားကထည်ဝါသည်ဆိုတော့. . . ကျော့ကျော့ မော့မော့ရှိတာပေါ့. . . မျက်နှာကရွှင်ကြည်ဆိုတော့ ရှုပါပွင့်တာ ပေါ့. . . ဒီတော့. . . ညီမနာမည်က "ကျော့ရှုပါ"မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ အစ်ကိုရယ်"





"ဒါဆို. . . အစ်ကို့နာမည်ပြောမယ်. . . ဖြေကြည့်ပါဦး"

"ပြောပါ အစ်ကို"

"ဒေဝဒဟကို သမီးတောင်းသွားတဲ့ အမတ်ကြီးကျဉ် မည်ဟာ. . . အစ်ကို့အမည်ပါပဲ"

"ဒါများ အစ်ကိုရယ်. . . လွယ်လွန်းပါဘိ. . . အစ်ကို့ နာမည် "ကိုကာလု"ဟုတ်လား"

"ဟုတ်ပါတယ် ကျော့ရှုပါရယ်. . . ကဲ. . . နောက်မေး ခွန်းတစ်ခုကို ဖြေရဦးမယ်လေ"

"ဘာများလည်း အစ်ကိုရယ်"

"ညီမ ဟိုနေ့က ပြန်လာမယ်ပြောပြီး ဘာဖြစ်လို့ပြန် မလာတာလဲ"

"ညီမရဲ့စိတ်က လာချင်ပေမယ့် မိုးအရမ်းချုပ်သွားလို့ အမေက တားမြစ်တာနဲ့ မလာဖြစ်တာပါ. . . အစ်ကို စောင့်နေ သေးသလား"

"လာမယ်ပြောတော့ စောင့်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အစ်ကို့ကို ဒုက္ခပေးသလိုဖြစ်သွားပြီ... ာလိုက်တာ အစ်ကိုရယ်"

"ကဲ...နောက်မှအားနာပါ...အစ်ကို ရေငင်ပေးမယ် ရစ်ခဲ့ ဇ"

"ကောင်းပါပြီ အစ်ကိုရယ်"

မောင်ကာလုက ရေငင်ပေးပြီး ရေအိုးထဲသို့ လောင်း ထည့်ပေးလိုက်သည်။

"ကဲ...ဒီတစ်ခါရော ပြန်လာဦးမှာလား"

"အရပ်ကဝေးသမို့ ပြန်လာဖို့မမြင်ပါ အစ်ကို"

"ညီမကို အစ်ကို မေးစရာရှိတယ်"

"ဒါဆိုရင် မေးပါ...အစ်ကိုမေးမယ့် မေးခွန်းကို ဖြေ ပါ့မယ်"

ရေတွင်းနံဘေးတွင် ကျောချပါက ထိုင်လိုက်သည်။

"ညီမကို ရွာထဲကမိန်းကလေးတွေက ဘာ့ကြောင့် အခေါ်အပြောမရှိတာလဲ"





မောင်ကာလု၏အမေးကြောင့် သူမ၏မျက်နှာကလေး ညှိုးငယ်သွားပြီး...။

"သူတို့က ကျွန်မတို့သားအမိကို ပညာသည်ဆိုပြီး ကျဉ်ထားကြလို့ပါ အစ်ကိုရယ်"

"မဟုတ်ရင်လည်း ညီမတို့က သက်သေသက်ကာယနဲ့ ငြင်းပေါ့ ညီမရယ်"

"ကျွန်မတို့သားအမိမှာ ငြင်းစရာလမ်းမရှိပါဘူး... ဒီအတိုင်းနေတာကမှ ပိုပြီးကောင်းပါတယ်"

"ညီမ ဘာကိုဆိုလိုတယ်ဆိုတာ...အစ်ကို နားမလည် ဘူး"

"တစ်နေ့နေ့တော့ အစ်ကို သိလာမှာပါ"

သူမက ညှိုးနွမ်းစွာ ပြန်ပြောလိုက်သည်။

ထို့နောက် မောင်ကာလုသည် သူမအား ရေအိုးပင့်ပေး ခြင်း...။

"ညီမ...အစ်ကို ညီမဆီကို လာလည်လို့ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မလာပါနဲ့ အစ်ကိုရယ်...ညီမတို့ဘဝက နိမ့်ကျပါတယ်"

"ဘာပဲဖြစ်ဖြစ်...မိတ်ဆွေတစ်ယောက်အနေနဲ့ လာခွင့်ပြုပါ ညီမရယ်"

"အမေနဲ့တွေ့ရင် မလွယ်ဘူး အစ်ကို...ညီမ သွားတော့မယ်နော်"

"မနက်ဖြန်လည်း လာခဲ့ဦးမှာမဟုတ်လား"

"လာခဲ့ပါမယ် အစ်ကို"

"ဒါဆို...အစ်ကို ဆက်ဆက်စောင့်နေမယ်နော်"

"ကောင်းပါပြီ အစ်ကို"

သူမကား...ရေအိုးကလေးကိုရွက်ပြီး ခင်တန်းဘက်ဆီသို့ ပြန်သွားခဲ့သည်။ မောင်ကာလုကား သူမနှင့် သူ့မိခင်၏ အကြောင်းအဖြစ်အမှန်ကို သိလိုလှသည်။

သူတို့သားအမိကား...ရွာသူရွာသားများ စွပ်စွဲသလို တကယ်ပင် စုန်းသားအမိလေလား...။ ခင်တန်းတစ်လျှောက်





မြင်ရသည့် တက်လိုက်ဆင်းလိုက်ဖြစ်နေသော မီးနီလုံးများကား ညီသို့နည်း...မောင်ကာလု လုပ်ဆောင်ရမည့် တာဝန်တစ်ရပ်နှင့် သူမတို့သားအမိ စပ်ဆိုင်နေသလော...။ မောင်ကာလု အမျိုးမျိုးစဉ်းစားကာ ရေတွင်းဆီမှ ပြန်လာခဲ့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## ''ရှင်ငယ်စိတြနှင့် နာရဒ''

သည်နေ့နံနက် ထမင်းစားပြီးချိန်တွင်. . .။

အဘဦးသာဦးမောင်က ခေါ်သည်ဆိုသဖြင့် မောင်ကာလု သွားခဲ့သည်။

''ဟော. . .မောင်ကာလု ရောက်လာပြီလား''

''ဟုတ်ကဲ့. . .အဘ ခေါ်တယ်ဆိုလို့ လာခဲ့တာပါ''

''မောင်ကာလုက လူစိမ်းညီသည်ဆိုပေမယ့် အဘက ဆွေမျိုးလိုသဘောထားလို့ သတိပေးချင်လို့ ခေါ်လိုက်တာပဲ''

''ဟုတ်ကဲ့. . .ပြောပါ အဘ''

''မင်းနဲ့ မမဲဝါကြီးသမီးတို့ ရေတွင်းမှာ စကားပြော





ကြတယ်လို့. . .အဘ သတင်းရတယ်''

''ဟုတ်ပါတယ် အဘ''

''သူတို့ကို ဒီရွာသူရွာသားတွေက ကျဉ်ထားတာဆိုတာတော့ မောင်ရင် သိပြီးသားနော်''

''ဟုတ်ကဲ့ သိပါတယ်''

''အဲဒီကောင်မလေးနဲ့ အခေါ်အပြော အဆက်အဆံလုပ်နေတာကို ရွာသူရွာသားတွေက မကြိုက်ဘူးကွဲ့. . .ဒါပေမယ့် ဒါကလည်း အရေးမကြီးပါဘူး. . .အဘက တစ်ခုပဲစိုးရိမ်တယ်၊ အဲဒါက မမဲဝါကြီးပဲ. . .သူ့သမီးနဲ့ခင်မင်တဲ့ ကာလသားတွေကို ဒုက္ခပေးလေ့ရှိတယ်. . .တော်ကြာ မောင်ရင့်ကို ဒုက္ခပေးပေးနေမှဖြင့်. . .မောင်ရင် အသက်အန္တရာယ်တောင်ရှိနိုင်တယ်''

''အဘ. . .ဒေါ်မဲဝါကြီးက မိန်းမတစ်ယောက်ပဲ. . .သူက ကျွန်တော်လို ယောကျ်ားတစ်ယောက်ကို ဘယ်လိုလုပ်ပြီး အန္တရာယ်ပေးနိုင်မှာလဲ''

''အေး. . .ငယ်ရွယ်တဲ့လူတွေမှာ ယောကျ်ားဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မာန်မာနရှိတယ်. . . အဲဒီမာန်မာနနဲ့ သူ့ကိုသွားပြိုင်ရင် ကိုယ်ပဲ ဒုက္ခရောက်မယ်''

''အဲဒါ. . . ဘာဖြစ်လို့လဲ အဘ''

''သူက နာနာရုပ်ပြောင်းအတတ်ပညာကို တတ်ကျွမ်းကဲ့ ဦးဒိဗ္ဗ ရဲ့တပည့်ပေါ့. . . သူကလည်း ဒီပညာကိုတတ်ပုံရတယ် သူ့ဆီရောက်သွားတဲ့လူ မှန်သမျှ အစပျောက်သွားတာကြီးပဲ သူက သူ့သမီးနဲ့ မျှားခေါ်တာလေ. . . အခုလည်း မောင်ရင့်ကို သူ့သမီးနဲ့ မျှားခေါ်နေပုံရတယ်''

''အဘ. . . ကျွန်တော် မသိလို့ မေးပါရစေ''

''မေးပါ''

''ကျွန်တော်ဟာ ဒီရွာကိုလာလည်တဲ့ လူစိမ်းတစ်ယောက်ပဲ. . . သူတို့နဲ့ ဘာရန်ညှိုးရှိလို့ ကျွန်တော့်ကို မျှားခေါ်ရမှာလဲ''

''ဒါက မောင်ရင့်အတွေးကိုး. . . သူတို့ကတော့ ဒီလို မထင်ဘူး. . . ဒီကိုရောက်လာတဲ့ သူစိမ်းတော်တော်များများဟာ ရုပ်ပြောင်းရုပ်လွှဲလုပ်နိုင်တဲ့ ''စိတြနာရဒ နာနာရုပ်ကျမ်း''ကြီးကို လိုချင်လို့ ရောက်လာတဲ့သူလို့ပဲ ထင်ကြတယ်''





''ဗျာ. . . စိတြနာရဒ နာနာရုပ်ကျမ်း. . . ဟုတ်လား အဘ''

''သိပ်ဟုတ်တာပေါ့ကွယ်''

''အဘက ဒီ စိတြနာရဒ နာနာရုပ်ကျမ်းအကြောင်း သိတယ် ဟုတ်လား''

''အဘတို့လို ရှေ့မီနောက်မီ လူကြီးတွေကတော့ ဒီကျမ်းအကြောင်း သိတာပေါ့ကွယ်. . . ဒီကျမ်းဟာ အလွန် လျှို့ဝှက်တဲ့ ကျမ်းတစ်ခုဖြစ်တယ်. . . ဒီကျမ်းရဲ့ အစမူလပိုင်ရှင်ဟာ ခြိတ်ချောင်းဘီလူးကြီး ဖြစ်ပေမယ့် သူ့ရဲ့ပညာတွေကို ရှင်ငယ် စိတြနဲ့ နာရဒ ညီနောင်နှစ်ယောက်ကို သင်ပေးခဲ့တယ်. . .

ရှင်စိတြနဲ့ ရှင်နာရဒကို အစွဲပြုပြီးတော့. . . ဒီကျမ်းကို စိတြနာရဒကျမ်းလို့ အမည်ပေးထားတယ်''



www.burmeseclassic.com

www.burmeseclassic.com

"ဩော်"

"ဒီပညာဟာ အလွန်အဆင့်မြင့်ပြီး နာနာရုပ်အတတ်ကို တတ်မြောက်လိုကြတဲ့သူ အများအပြားရှိတယ်. . . ပုထုဇဉ်ဆိုတာ မကောင်းတာမှာ ပျော်မွေ့တတ်တော့ ကိုယ်ပျောက်တယ်ဆိုရင် ပဲ လုပ်ချင်တာလုပ်ကြတော့တာ"

"ဟုတ်တာပေါ့ အဘရယ်"

"ဒီတော့. . . ဒီကျမ်းကြီးအကြောင်းကို တစွန်းတစ ကြားသိတဲ့လူတွေဟာ ဒီကျမ်းကြီး ရှိမယ့်နေရာကို လိုက်ရှာကြ တာပေါ့. . . လူအတော်များများ သိထားတာကတော့ "မိစ္ဆာဂူမှာ တောင်ကြား" အနီးတစ်ဝိုက်လို့ ဆိုကြတယ်. . . ဒါကြောင့် ဒီရွာ ကိုရောက်လာတဲ့ တစိမ်းသူသည် အတော်များများဟာ အဲ မိစ္ဆာန်ဂူမှာန်တောင်ကြားကို သွားကြတော့တာပဲ"

"ဩော်"

"တကယ်လို့. . . လူလေးလည်း မိစ္ဆာဂူမှာန်တောင်ကြား ကို သွားမယ်ဆိုရင် အသက်အန္တရာယ်နဲ့ မလွဲမသွေ ရင်ဆိုင်





တွေ့မှာဖြစ်လို့ မသွားပါနဲ့လို့ တားချင်တယ်"

"ဘာဖြစ်လို့တားတာလဲ အဘ"

"အဲဒီလမ်းက ပြန်လမ်းမဲ့တောင်ကြားလို့ အမည်ပေး ထားသလို. . . အဲဒီသွားတဲ့လူတွေဟာ အခုအချိန်အထိ တစ် ယောက်မှ ပြန်မလာခဲ့လို့ပဲ"

"အင်း. . . ဒီလမ်းက ဒီလောက်ပဲအန္တရာယ်များသလား အဘရယ်"

"မောင်ရင့်ကို ကြည့်လိုက်ကတည်းက မိစ္ဆာဂူမှာန်တောင် ကြားကို သွားမယ့်လူဖြစ်လိမ့်မယ်လို့ ထင်ခဲ့တယ်. . . ဖြစ်နိုင်ရင် ဒီအတတ်ပညာတွေကိုလည်း မတတ်ချင်ပါနဲ့. . . မကောင်းမှု ဒုစရိုက်တွေ ရောပြွန်းနေတဲ့အတွက် အကုသိုလ်ဖြစ်ပါတယ်"

"ဟုတ်ကဲ့ပါ အဘ"

မောင်ကာလုက ဤသို့ပြောလိုက်သော်လည်း ၎င်း၏ ရင်ထဲကမူ. . .

"အဘပြောသလိုပဲ. . . စိတ္တနာရဒကျမ်းကို ယူဆောင်


www.burmeseclassic.com

www.burmeseclassic.com



ဇို့ ကျွန်တော့်မှာ တာဝန်အပြည့်နဲ့ရောက်လာတာပါ''

ဟု နှုတ်မဖွင့်ပဲ ပြောကြားလိုက်သည်။

''အဘ. . . ဒါဆိုရင် ဒေါ်မဲဝါကြီးတို့သားအမိက ဒီကျမ်း

အကြောင်း သိမှာပေါ့နော်''

''သိတာပေါ့ မောင်ရင်ရယ်. . . သူတို့က အဲဒီကျမ်းကြ

ကိုရထားတဲ့ ဆရာကြီးဦးဒိဗ္ဗ ရဲ့တပည့်ဖြစ်ပုံရတယ်. . . ဘာပဲဖြ

ဖြစ် သူတို့နဲ့ မပတ်သက်အောင်ရှောင်ပါကွယ်''

''အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် အဘရယ်''

''အေး. . . အေး''

အဘဦးသာဦးမောင်မှာ ဤသို့ပြောပြီး ထမင်းဆိုင်ဘက်

သို့ ထွက်သွားခဲ့သည်။

မောင်ကာလုမှာ တည်းခိုဆောင်အပေါ်ထပ်သို့ တက်သွား

ပြီး တစ်ယောက်တည်း စဉ်းစားနေမိသည်။

စိတြနာရဒနာနာရုပ်ကျမ်းတဲ့. . .။

သည်ကျမ်းကို လိုချင်သူများစွာရှိသည်။ ဤကျမ်းထဲ





ညာရုပ်များစွာမှာ မကောင်းမှုဒုစရိုက်ပြုမည့်သူများအတွက်

အလွန်ပင် အထောက်ကောင်းတစ်ခု ဖြစ်သည်။

အဘယ့်ကြောင့် တတ်ကျွမ်းလိုသနည်းဆိုမူ. . .။

လူတိုင်းမှာ ရည်ရွယ်ချက်ကိုယ်စီ ရှိကြသည်။

အားလုံးမှာ သူ့အကြောင်းနှင့်သူ ရှိကြသည်။

မောင်ကာလုမှာလည်း သည်ကျမ်းနှင့်ပတ်သက်ပြီး မရ

နေ ယူဆောင်ရမည့်အကြောင်းရှိသည်။

ဤကျမ်းစာနှင့်ပတ်သက်ပြီး မောင်ကာလုသည် နဖူးပေါ်

က်တင်ပြီး စဉ်းစားလိုက်သည်။

ဂမ္ဘီရကျမ်းစာသိုက်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့်

စိတြနာရဒ နာနာရုပ်ကျမ်း''ကြီးကား သူ့သမိုင်းကြောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူရှိသည်။

ရက္ခပူရတိုင်း ရခိုင်မင်းဆက်များသမိုင်းတွင်. . .'။

ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်ဟူ၍ ခေတ်လေးခေတ် ရှိခဲ့သည်။ လေးမြို့ခေတ်သည် ဝေသာလီခေတ် ကုန်ဆုံးပြီးနောက် အဋ္ဌနဒီမြစ်ကမ်း၌ ပဉ္စာမြို့တော်၊ ပုရိန်မြို့တော်၊ နေရဉ္စရာတောင်ငူမြို့တော်နှင့် လောင်းကြက်မြို့တော်ဟူ၍ နေရာဒေသ လေးဌာနတွင် ပြောင်းရွှေ့ကာ မြို့တော်တည်ကာ ထီးနန်းစိုက်ခဲ့သည့်အတွက် ထိုခေတ်ကို "လေးမြို့ခေတ်"ဟု ခေါ်တွင်ခဲ့လေသည်။

လောင်းကြက်မြို့တော်သည် လေးမြို့ခေတ်၏ စတုတ္ထမြောက်မြို့တော်ဖြစ်ပြီး သက္ကရာဇ်(၆၁၃)ခုနှစ်(အေဒီ၁၂၅၆)ခုနှစ်တွင် အဋ္ဌနဒီမြစ်ကမ်းနဖူး၌ "အလောမာဖြူ"မင်းကား မြို့တော်သစ်တည်ရန် နန်းတက်ခဲ့သည်။

လောင်းကြက်မြို့၏ ပဌမမြောက်ဘုရင် စောမွန်ကြီးနှင့် မိဖုရား စောဘီလူးမတို့မှ မွေးဖွားသည့် သားတော်မှာ နန်းကျ





ဦးဖြစ်ပြီး ၎င်းသည် ဆဋ္ဌမမြောက်မင်းဆက်အဖြစ် လောင်းကြက်မြို့တွင် ထီးနန်းစိုးစံတော်မူသည်။

၎င်းနန်းကျကြီး၌ တောင်ညာစံမိဖုရားကြီး စောဘို့မယ်နှင့် စောပဒုမာ၊ စောမင်းဖွားနှင့် စောဖြူ ဟူ၍ မိဖုရားလေးယောက်ရှိခဲ့သည်။ ထိုမင်းကြီးသည် စိတ်ထားဖြူစင်သူမဟုတ်သော ကောင်းမှုကုသိုလ်လည်း ပြုလေ့မရှိသည့်အပြင် ပြည်သူပြည်သားအား အခွန်အတုတ်များ တိုး၍ကောက်ခံခဲ့သည်။ တိုင်းပြည်အတွင်းရှိ သူဌေးသူကြွယ်တို့အား နှိပ်စက်ကာ ဥစ္စာပစ္စည်းများကို သိမ်းယူခြင်း၊ မင်းဆွေမင်းမျိုး အဆက်ဆက်ကိုလည်း ကြည်ဖြူနှစ်သက်ခြင်း မရှိ၍ နှိပ်စက်ညှင်းပမ်း၏။

ထို့အပြင် အရက်သေစာ သောက်စားမူးယစ်ပြီး ရမ်းကားတတ်သူဖြစ်သည်။ ပြည်တွင်း၌ ဓားလက်နက်ဟူသမျှ တစ်ခုမှ မကျန်အောင် သိမ်းဆည်းထားသည်။ ရဟန်းသံဃာများ၏ ခေါင်းရိတ်သင်ဓုန်းဓားပါမကျန် အားလုံး သိမ်းဆည်းထားသည့်အတွက် ရဟန်းသံဃာတော်များ ခေါင်းရိတ်ချိန်တန်ပါက ဓုန်း



www.burmeseclassic.com

တော်မှ သင်စုန်းမားကို ငါးရမ်း၍ရိုတ်ရသည်။

နန်းကျကြီးဘုရင်ကြီးသည် တိုင်းသူပြည်သားများအပေါ် ရင်ဝယ်သားကဲ့သို့ မအုပ်ချုပ်ပဲ ဆိုးဝါးသောင်းကျန်းလွန်းလှသည့်အတွက် ပြည်သူများမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ခဲ့ကြသည်။

အခွန်အတုတ်ကြီးစွာ ကောက်သဖြင့် လူဆင်းရဲများလာပြီး စီးပွားရေးအခြေအနေ ကျဆင်းလာခဲ့သည်။ တိုင်းသူပြည်သားများမှာ မတရားမှုများကို ခံရဖန်များလတ်သော် မငြိမ်မသက်ဆူပူအုံကြွမှုများဖြစ်ကာ နန်းကျကြီးဘုရင်အပေါ် ရွံမုန်း၍ အမျက်အငြိုးထားလာကြသည်။ သို့သော် စိတ်လက်မာန်ပါ တုန့်ပြန်လိုသော်လည်း အင်အားခြင်းမမျှ၍ သည်းခံနေခဲ့ကြသည်။

ထိုသူများထဲတွင် ရှင်စိတြွနှင့် ရှင်နရဒဟူသော ရှင်ငယ်နှစ်ပါးလည်း ပါဝင်သည်။

"ရက်စက်ယုတ်မာသည့် နန်းကျမင်းကြီးကို လက်ရုံးရည်နှင့်တိုက်၍မရသော်ငြားလည်း နှလုံးရည်နှင့် ရအောင်တိုက်ခိုက်အံ့"ဟု ကြံစည်ကာ အတတ်ပညာအမျိုးမျိုးကို လှည့်လည်





သင်ကြားခဲ့သည်။

တစ်နေ့တွင် ရှင်ငယ်နှစ်ဦးတို့သည် ခရီးသွားရင်း "မြို့င်းတောင်တန်း"အနီးရှိ တောင်ခြေရင်း၌ရှိသော ရေကန်တစ်ခု၏ ကန်ဘောင်ပေါ်တွင်ထိုင်ကာ အမောအပန်း ဖြေနေခဲ့သည်။

ကန်ဘောင်များ သစ်ပင်ရိပ်များကြောင့် အေးမြနေပြီး လေတဖြူးဖြူး တိုက်နေသည့်အတွက် ရှင်ငယ်နှစ်ပါးစလုံး အတော်ပင် အမောပြေခဲ့ပါသည်။

ထိုစဉ် ရေဗူးတောင်းတစ်လုံးမှာ လူမပါပဲ တောင်ပေါ်မှ တရွေ့ရွေ့ တောင်အောက်ဆင်းလာသည့် ထူးခြားသောမြင်ကွင်းကို တွေ့လိုက်ရသည်။ ဤအချင်းအရာကို ရှင်စိတြွက ရှေ့ဦးစွာမြင်သဖြင့် ရှင်နာရဒအား...။

"နာရဒ...ဟိုမှာ ရေဗူးတောင်းတစ်လုံး...လူမပါပဲ တောင်ပေါ်မှ ဆင်းလာနေပါလားကွဲ့"

ရုတ်တရက်ပြောလိုက်ရာ ရှင်နာရဒက သေချာစွာ ကြည့်လိုက်ရာ

www.burmeseclassic.com



ထောင်ပြီးနောက်. . .။

"ရှင်စိတြ. . . မဖြစ်နိုင်တာကို ဘာ့ကြောင့်ပြောသနည်း"

ဟု ပြန်ပြောလိုက်သည်။ ထိုအခါ ရှင်စိတြမှ. . .။

"နာရဒ. . . ဟောဟိုက တောင်နားဆီကို သေသေချာ ချာကြည့်လိုက်ပါ. . . တောင်ပေါ်က လူမပါပဲ တရွေ့ရွေ့ဆင်း လာနေတာ သင် မတွေ့သလော"

ရှင်စိတြက လက်ညှိုးညွှန်ပြပြီး သေချာစွာ ပြသောအခါ မှ. . .။

"ဟာ. . . ဟုတ်ပါရဲ့. . . ရေဗူးတောင်းတစ်လုံးဟာ သူ့ ဘာသာသူ တောင်အောက်ကိုဆင်းလာပါရော့လား. . . ဘယ်ဆီ ကိုသွားမယ်ဆိုတာကို လိုက်ကြည့်ဦးမှပဲ"

ထိုရေဗူးတောင်းမှာ တောင်ခြေသို့ဆင်းလာပြီး တောင် ခြေရင်းရှိ ရေကန်ဆီသို့သွားပြီးနောက် ရေထဲသို့ငုပ်ပြီး ရေဖြည့် လေသည်။

"ဟာ. . . ဗူးတောင်းက သူ့ဘာသာသူ ရေဖြည့်နေပါ





သား"

"ဟုတ်ပါရဲ့"

ထိုသို့ရေဖြည့်ပြီးနောက် ကန်ဘောင်ပေါ်သို့ တရွေ့ရွေ့ ပြန်တက်လာသည်ကို တွေ့လိုက်ရပါသည်။

"ဟာ. . . ဒီရေဗူးတောင်းဟာ ထူးဆန်းလှချည်လား။ ဒါဟာ လောကီပညာကျွမ်းကျင်တဲ့ပညာရပ်ဖြစ်မယ်. . . ဒီတော့ ဒီရေဗူးနောက်ကိုလိုက်ရင် အဲဒီပညာရှင်နဲ့တွေ့နိုင်တယ်"

"ဟုတ်တယ်. . . ဒီတော့. . . ဒီရေဗူးနောက်ကို လိုက် ကြည့်ကြစို့"

နှစ်ယောက်စလုံး အတွေးအခေါ် တူညီစွာဖြင့် ရေဗူး နောက်သို့ ကမန်းကတန်း အပြေးကလေး လိုက်ခဲ့သည်။

ရေဗူးတောင်းကလေးမှာ ရေပြည့်ပြီးနောက် တောလမ်း အတိုင်း သွားလေသည်။ ရေဗူးတောင်းမှာ သေးငယ်လှသဖြင့် သူသွားလမ်းကမသွားပဲ ချုံကြို ချုံကြား ကျောက်ကြို ကျောက် ကြားမှသွားရာ ရှင်ငယ်နှစ်ယောက်မှာလည်း မျက်စေ့အောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားမည်စိုးသဖြင့် ရေပူးတောင်းသွားသည့်အတိုင်း လိုက်ခဲ့သည်။

ရေပူးတောင်းကား ဆူးပင်ချုံပင်ကြား၌မှ ဖြတ်သန်းသွားသဖြင့် ငင်းတို့နှစ်ဦးမှာ စဉ်းစားမနေနိုင်ပဲ ဆူးချုံပင်ကြားမှ ဖြတ်၍လိုက်ခဲ့ရာ. . .။

''ဟာ. . . ဆူးပင်တွေနဲ့တိုက်မိပြီ''

''ဟုတ်ပါရဲ့. . . သွေးတွေချင်းချင်းနီနေပြီ''

ငင်းတို့နှစ်ဦးမှာ ဆူးစူးရာများ ခလုတ်တိုက်မိ၍ ရသော ဒဏ်ရာများကြောင့် မျက်နှာနှင့် ခြေလက်များတွင် ဒဏ်ရာဒဏ်ချက် သွေးစက်များဖြင့် ပြည့်နှက်နေသည်။

သို့တစေ. . . ငင်းတို့နှစ်ဦးမှာ ပညာလိုချင်သည့်အတွက် ဆင်းရဲဒုက္ခခံကာ ရေပူးတောင်းနောက်သို့ လိုက်ခဲ့သည်။ ရေပူးတောင်းမှာ မြို့င်းတိုင်းတောင်၏ အရှေ့မြောက်တက် (၉)သန်အရပ်ရှိ တောင်ဖြူတောင်သို့ ရောက်သွားခဲ့သည်။

''ဒီရေပူးတောင်းက တောင်ဖြူတောင်ကို တက်သွားပါလား''





''ဟုတ်တယ်. . . တောင်ဖြူတောင်ရောက်ပြီ''

ရေပူးတောင်းမှာ တောင်ဖြူတောင်အတိုင်း တက်သွားပြီး တစ်နေရာသို့ အရောက်တွင် ချိုးကွေ့သွားသည့်အတွက် ငင်းတို့နှစ်ဦးသားလိုက်ခဲ့ရာ ထိုတောင်တွင်နေသည့် ဝိဇ္ဇာမိုရ်တစ်ပါးနှင့် တွေ့လေသည်။

''ဒီရေပူးတောင်းဟာ ဝိဇ္ဇာမိုရ်ဆရာနဲ့ ဘယ်လိုများပတ်သက်ပါသလဲ''

''မင်းတို့. . . ဒီရေပူးတောင်းနောက်ကို လိုက်လာခဲ့တာ မဟုတ်လား''

''ဟုတ်ပါတယ်''

''ကျုပ်. . . ရေသုံးလိုလို့. . . ဒီရေပူးတောင်းကို ရေသယ်ခိုင်းခြင်းဖြစ်တယ်''

''ဒါဆိုရင်. . . အရှင်ဝိဇ္ဇာမိုရ်ဟာ လောကီပညာကျွမ်းကျင်သူ ပေါက်မြောက်သူလို့ ယူဆပါတယ်. . . မှန်ပါသလား



www.burmeseclassic.com

www.burmeseclassic.com



အရှင်''

ဝိဇ္ဇာဓိုရ်ကား မည်သို့မျှ ပြန်မပြောပဲ ဆိတ်ဆိတ်နေ‌ေ
သည်။ ရှင်ငယ်နှစ်ယောက်မှာ ဤသို့သော ပညာရှင်တစ်ယော
ကို တွေ့ရသည့်အတွက် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်က

''အရှင်ဝိဇ္ဇာဓိုရ်. . . ကျွန်ုပ်တို့နှစ်ဦးသည် လောကီပည
ကျွမ်းကျင်သည့် ပညာရှင်ကို ရှာခဲ့သည်မှာ နှစ်ပေါင်းကြာရှ
ခဲ့လေပြီ. . . ယခု အရှင့်ကိုတွေ့ရသဖြင့် လွန်စွာ ဝမ်းမြော
ဝမ်းသာဖြစ်ဘိ၏။ ကျွန်ုပ်တို့နှစ်ဦးအား ရင်နှစ်သည်းချာ သာ
နှစ်ဖြာကဲ့သို့ သဘောထားကာ နာနာရုပ်အတတ်ပညာများ
သင်ပေးတော်မူပါ အရှင်ဝိဇ္ဇာဓိုရ်''

ရှင်ငယ်နှစ်ဦးက ဝမ်းမြောက်ဝမ်းသာ တောင်းပန်သေ
လည်း ဝိဇ္ဇာဓိုရ်ကား ဆိတ်ဆိတ်သာနေ၏။ ထိုအခါ ရှင်ငယ
နှစ်ယောက်လည်း တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ မျက်နှာည
ငယ်သွားပြီး. . .။

''ငါတို့ကို ဝိဇ္ဇာဓိုရ်က ဘာစကားမှလည်း မပြော





လား. . . ဘာ့ကြောင့်လဲ. . . ငါတို့ကို တပည့်အဖြစ် အသိအမှတ်
မပြုချင်လို့လား''

နှစ်ဦးသား တီးတိုးတိုင်ပင်ခဲ့ကြသည်။

သည်တွင် ရှင်စိတြကာ. . .။'

''နာရဒ. . . တို့ဟာ တန်ခိုးကူဇ္ဇပါဒ်ရှိတဲ့ ဝိဇ္ဇာဓိုရ်နဲ့
ကိုယ်တိုင်တွေ့ပါရက်နဲ့ ပညာမရရင်တော့. . . ငါတို့ပန်းတိုင်
ပျောက်သွားလိမ့်မယ်''

''ဟုတ်ပါရဲ့. . . ဒီလို ဝိဇ္ဇာဓိုရ်မျိုးနဲ့ ပညာတစ်ခုခုမရလို့
တော့မဖြစ်ဘူး. . . ဒီအရှင် သနားလာအောင် ငါတို့က ဝတ်
ကြီးဝတ်ငယ်ပြုပြီး ခြေဆုပ်လက်နယ်ပြုကာ ခစားမှဖြစ်မယ်. . .
ဘာမှမရရင် မပြန်ဘူးဆိုတဲ့ သံန္နိဋ္ဌာန်ချကြစို့''

''ကောင်းတယ်. . . ဒီအကြံကောင်းတယ်''

ထိုသို့ နှစ်ဦးသား သဘောတူညီစွာဖြင့် ဝိဇ္ဇာဓိုရ်ထံပါး
တွင် ခြေဆုပ်လက်နယ်ပြုရင်း နေထိုင်ခဲ့သည်။ သို့တိုင်အောင်
ဇ္ဇာဓိုရ်ကား ပညာသင်ပေးမည်ဟူ၍ မည်သို့မျှ မပြောခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အမည်နာမနှင့် နေရပ်ကိုသာ မေးရုံသာမေးခဲ့သည်။

ရှင်စိတြနှင့် နာရဒတို့နှစ်ဦးမှာ ဖွဲ့မလျော့ဘဲ ခြေဆု

လက်နယ်ပြုကာ နေလာခဲ့ရာ ဆယ်လသို့တိုင်ခဲ့လေပြီ။

တစ်နေ့သောအခါတွင်. . .။

ဝိဇ္ဇာမိုရ်က ၎င်းတို့နှစ်ဦးအားခေါ်ပြီး. . .။

"အမောင်တို့နှစ်ဦးအား ငါ ပြောစရာရှိသည်. . .

မောင်တို့ တတ်မြောက်ချင်သည့် နာနာရုပ်အတတ်ပညာကို

သင်မပေးနိုင်ပေ။ ဤအတတ်မှာ နတ်ဘီလူးများသာ သင်

နိုင်သည်။ ဒါပေမယ့် အမောင်တို့နှစ်ဦးကို သနားသဖြင့် န

ဘီလူးများကို မြင်နိုင်သည့် မျက်စဉ်းဆေးမြစ်ကို ငါပေးလို

မည်"

ဟု ဆိုသဖြင့် ၎င်းတို့နှစ်ဦးမှာ. . .။

"သာမန်လူသားများမှာ နတ်ဘီလူးများကို မမြင်ရ

ယခုမှ နတ်ဘီလူးများကို မြင်နိုင်သည့် ဆေးမြစ်တောင့်ကို

မည်ဆိုသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်"





ဝမ်းမြောက်ဝမ်းသာစွာ လက်ခံခဲ့လေသည်။

ထို့နောက် ရှင်ငယ်နှစ်ဦးက. . . ဝိဇ္ဇာမိုရ်အား. . .။

"အရှင်. . . နတ်ဘီလူးတို့မည်သည် အလွန်ကြမ်းကြုတ်

တ်ထန်သည်ဟု ကျွန်ုပ်တို့ကြားဖူးပါသည်။ နတ်ဘီလူးနှင့်တွေ့

သော်လည်း ကျွန်ုပ်တို့အား အတတ်ပညာသင်ပေးရန် မည်သို့

ပြော၍ မည်သို့သောပညာ သင်ပေးပါမည်နည်း"

ထိုသို့ပြောကြားရာ ဝိဇ္ဇာမိုရ်က. . .။

"ဟုတ်ပေသည်. . . အသင်တို့နှစ်ဦးသည် အရှင့်အား

ဆယ်လတိုင်တိုင် ဝတ်ကြီးဝတ်ငယ်အမှုကို ပြုဘိသည်ကို ထောက်

အား၍. . . နတ်ဘီလူးတို့က သင်တို့အားမြင်လျှင် ချစ်ခင်စေ

တတ်သော ယက္ခသိန္ဓေဟမန္တာန်ကိုပေးအံ့"

ဟု ဆိုလေသည်။

"ကောင်းပါပြီ အရှင်. . . ဤမန္တာန်အား ချီးမြှင့်ပေးပါ

သော့"

"နတ်ဘီလူးတို့ ချစ်ခင်စေတတ်သော မန္တာန်ကား ဤသို့



www.burmeseclassic.com

www.burmeseclassic.com



တည်း''

"နတ်ဘီလူးတို့ချစ်ခင်စေတတ်သော ယက္ခသိန္နေဟမန္တာန်မှာ. . ."

ဩျပ်(ဥုံ)ဂန္တဗ္ဗ ရာဇော၊

အန္တလူရပဗ္ဗ တော၊ ရက္ခမဇ္ဈေဒ၊

တတောဒသဗ္ဗရော၊ ဗေဒါဗျူ

ကူလုံချတဿ၊ မုအဟဗ္ဗ

မဂ္ဂသုဇတော၊

သိဒ္ဓေဂုရ မဟာပဗ္ဗ တာ၊

သဗ္ဗ အဟံ၊

မန္တသဒါ၊ ပီယံမယံ ပီယမယံ၊

ဝိဟာဝိဟာသော

တိအာဂစ္ဆန္တုထက်ထက်

ဟူသော ယက္ခသိန္နေဟမန္တာန်တော်ကို သင်ပေးလိုက်သည်။





ထိုအခါ လက်နက်အပြည့်အစုံ ရရှိသည့် စစ်သူရဲကောင်းများ စစ်မြေပြင်သို့ ဆင်းသည့်နှယ် ငှင်းတို့နှစ်ဦးမှာ နတ်ဘီလူးတို့ကို မြင်နိုင်သော စက္ခုမသ မျက်စဉ်းဆေးမြစ်နှင့် နတ်ဘီလူးချစ်စေသည့် ယက္ခသိန္နေဟမန္တာန်တော်တို့ကို ဆောင်ယူပြီး ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

ထိုနေရာပတ်ဝန်းကျင်၌ နတ်မျက်စဉ်းခတ်၍ ကြည့်လိုက်သော် နတ်ဘီလူး ဆယ်ဦးခန့်ရှိကြောင်း တွေ့ရှိရလေသည်။

ရှင်ငယ်ညီနောင်သည် ဝိဇ္ဇာမိုရ် မှာထားသည့်အတိုင်း ဝက်ပျိုတစ်ကောင်ကို ဖမ်းဆီးဖုတ်ကင်ပြီးနောက် သေရည်တစ်အိုးကိုယူကာ ပထမဦးဆုံးတွေ့ရှိသော လောင်းကြက်အငူရှိ ခေါင်းလောင်းဆွဲတောင် နတ်ဘီလူးဆီသို့ သွားခဲ့သည်။

ခေါင်းလောင်းဆွဲတောင်မှ နတ်ဘီလူး ငပါးပုဆီသို့ ရောက်သောအခါ. . .။

"အရှင်. . . ကျွန်ုပ်တို့ အရှင့်ထံသို့ လာရောက်ပါသည်" ဟု ပြောလိုက်ရာ နတ်ဘီလူးငပါးပုမှာ လွန်စွာ အံ့ဩစွာဖြင့်. . .။



www.burmeseclassic.com

www.burmeseclassic.com

"အသင်တို့...ငါ့ကို ဘာကြောင့်မြင်တွေ့ရသနည်း"

"ကျွန်ုပ်တို့မှာ ဆရာဝိဇ္ဇာဓိုရ်ကပေးသည့် နတ်ဘီလူးမြင် မျက်စဉ်းဆေးမြစ် ရှိပါတယ်...ထိုဆေးမြစ်ကို လိမ်းထားသဖြင့် မြင်ခြင်းဖြစ်ပါတယ်"

ထိုအခါ ပေါ်းပုမှာ–

"ငါတို့ကို မင်းတို့ မမြင်အပ်"

ဟု ဆိုကာ ထိုဆေးမြစ်ကို ဒေါသတကြီးနှင့် ဝင်ရောက်လုလိုက်သည်။

"ကဲ...နတ်ဘီလူးတော့ ငါတို့ဆေးမြစ်ကိုလုပြီ...ယက္ခသိန္နေဟာမန္တာန်တော်ကို ရွတ်ကြရအောင်"

"ဩုပ်...ဂန္ဓဗ္ဗ ရာဇော...အန္ဓထူရပဗ္ဗ တော"

အစရှိသည့် ယက္ခသိန္နေဟာမန္တာန်တော်ကြီးကို ရှင်ငယ်နှစ်ဦးက တစ်ပြိုင်နက် ရွတ်ဖတ်ပူဇော်လိုက်လေသည်။ ထိုအခါ မန္တာန်တော်၏အစွမ်းကြောင့် ပေါ်းပုနတ်ဘီလူးသည် ဒေါသပြေ၍ ချမ်ခင်သွားလေသည်။





ထိုအခါ ရှင်ငယ်ညီနောင်က ပေါ်းပုနတ်ဘီလူးအား ဤသို့ပြောလိုက်သည်။

"အရှင်...ကျွန်ုပ်တို့အား အတတ်ပညာ ပေးပါလို့"

ပြောတယ် ...။

ထိုစဉ် ပေါ်းပုက...။

"ငါသည် သည့်အတတ်ကို မသင်ပြတတ်ပါ။ ဤမှ မြောက်စူးစူးအရပ်သို့ သွားလတ်သည့်ရှိသော် ပင်ညောင်ပင်ကြီး၌နေသော ရက္ခမုန်ဘီလူးဆီသို့ ရောက်မည်။ သူ့ဆီသို့ သွားမေးပါတော့"ဟု ဆိုလိုက်သည်။

ရှင်ငယ်နှစ်ဦးလည်း ရက္ခမုန်းနတ်ဘီလူးကြီးဆီသို့ သွားသောအခါ ပဒုမ္မာနတ်ဘီလူးဆီသို့ ညွှန်လိုက်သည်။ ပဒုမ္မာဘီလူးကြီးက ၎င်းသည် ဤပညာမသင့်တတ်ပါ။ အာနနဒီအရှေ့ဘက်ကမ်း လက်မတက်ရှိ ညောင်ပင်ကြီးတွင်နေသော နေက်ဇော ဘီလူးဆီသို့ ညွှန်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့လည်း နောက်ကောဘီလူးဆီသို့သွားရာ နောက်ကော

နတ်ဘီလူးက–

"ရှင်ငယ်တို့. . . ငါသည် နာနာရုပ်အတတ်ကို ငါကိုယ်တိုင် ဖန်ဆင်းတတ်သည်မှာ မှန်ပေသည်။ သို့သော် သူတစ်ပါးအား သင်ပြနိုင်သည့်အစွမ်းကို ဝေဿဝန်နတ်မင်းကြီးက ပေးမထားပါ။ နာနာရုပ်အတတ်ပညာကို တတ်လိုပါက ပြိုင်းတိုင်တောင်ထက်ရှိ ဥမင်ဝ၌ရှိသော ထိန်ပင်ကြီးတွင် နေထိုင်သည့် ဘီလူးမကြီးဆီသို့ သွား၍သင်ယူပါ"

ဟု ဆိုလေသည်။ ငင်းတို့နှစ်ဦးလည်း အားမလျှော့ပဲ ထိုဘီလူးမကြီးထံသို့ သွားခဲ့သည်။ ထိုအခါ ထိန်ပင်တွင် နေထိုင်သော ဘီလူးမကြီးက–

"ရှင်ငယ်တို့. . . ငါသည်ကား နာနာရုပ်အတတ်ကို တတ်သည်က မှန်ပေ၏။ သို့သော် ငါတို့ ဘီလူးမသည် လူယောက်ျားများကို သင်အံ့သောငှာမအပ်စွာတည်း။ ထို့ကြောင့် ထိုအတတ်ပညာကို သင်လိုပါက ငါ့မောင်ဖြစ်သော မြိတ်ချောင်း



လေးကျွေ့ မော်နတ်ဘီလူးကြီးဆီသို့သာ သွားပါကုန်"

"ကောင်းပါပြီ"

ထိုသို့ဆိုကာ ရှင်ငယ်နှစ်ဦးမှာ ထိုဘီလူးမကြီး၏မောင်ဖြစ်သော မြိတ်ချောင်းလေးကျွေ့ မော်ညောင်ပင်၌နေထိုင်သော နတ်ဘီလူးထံသို့ သွားလေသည်။

ရှင်ငယ်နှစ်ဦးမှာ ဝက်ပျိုဖုတ်ကင်နှင့် သေရည်တစ်အိုး ထမ်းကာ မြိတ်ချောင်း ဘီလူးကြီးထံသွားခဲ့သည်။ ထိုအခါ မြိတ်ချောင်းနတ်ဘီလူးနှင့် မတွေ့ပဲ သူ၏မိန်းမဖြစ်သူ နတ်ဘီလူးမနှင့် သူ့သားသမီးများသာ တွေ့ရှိခဲ့ကြသည်။

ထိုအခါ ရှင်ငယ်နှစ်ပါးက နတ်ဘီလူးမအားမေးရာ–

"အသင်၏ခင်ပွန်း အဘယ်သို့သွားသနည်း"

"ငါ၏ခင်ပွန်းကားမရှိ. . . ပင်လယ်နားကိုသွား၍ ခရုကထာန်း သားငါး အရှာသွားနေသည်။ ထိုအရပ်မှ ပြန်လာသည့်အခါတွင် လာခဲ့လော့"

"ဘယ်အချိန်ပြန်ရောက်မည်နည်း"



www.burmeseclassic.com

www.burmeseclassic.com



"လထွက်ချိန်ရောက်မှ ပြန်ရောက်မည်"

"အသင်ရှင်ငယ်တို့. . . ငါ့ခင်ပွန်းကို ဘာ့ကြောင့်လာ ရှာတာလဲ"

"ကျွန်ုပ်တို့ နာနာရုပ်အတတ်ကို သင်လိုလို့ လာပါသည်"

"အသင်တို့က လူသားတွေဖြစ်သည်. . . ဒါ့ကြောင့် ငါ့ ၏ခင်ပွန်းကား သင်ပေးမည်မဟုတ်ချေ"

ရှင်ငယ်နှစ်ဦးမှာ ဘီလူးမကြီး၏စကားကို ကြားရသော အခါ စိတ်ပျက်အားလျော့သွားကာ ဝက်ပျိုကင်နှင့် သေရည်အိုး အား ယူဆောင်ပြီး ပြန်မည်အပြုတွင် ဘီလူးလေးများက သူ့မိ ခင်အား. . .။

"အမေ. . ကျွန်တော်တို့ ဝက်ပျိုကင်ကိုစားလိုပါသည်"

ဟူ၍ ငိုယိုကာ ပြောဆိုပူဆာခဲ့လေသည်။ သားသမီးများ ငိုယိုနေသဖြင့် ဘီလူးမကြီးက. . .

"ရှင်ငယ်တို့. . . ဒီဝက်ပျိုကင်ကို ငါ့အားပေးထားခဲ့ပါ ငါ့သားသမီးများက လွန်စွာစားချင်နေသဖြင့် တောင်းခံခြင်းဖြစ်





ပေသည်"

"ကောင်းလှပေပြီ. . . ကျွန်ုပ်တို့သည် ဝက်ပျိုကင်နှင့် သေရည်အိုးကို အသင့်အားပေးပါအံ့. . . သို့သော် မြိတ်ချောင်း နတ်ဘီလူးကြီးလာလျှင် နာနာရုပ်အတတ်ပညာ သင်ကြားပေးရန် အသင် တာဝန်ယူပေတော့"

"ကောင်းလှပြီ. . . ကျွန်ုပ်ရဲ့ခင်ပွန်းလာရင် ပြောပေးပါ မည်"

ထိုသို့ဖြင့် လထွက်ချိန်ရောက်သော် မြိတ်ချောင်း နတ်ဘီ လူးကြီးသည် သားစိမ်းငါးစိမ်းများကို သယ်ဆောင်လျက် ၎င်းနေရာ သို့ ပြန်လာခဲ့သည်။ ၎င်း၏နေရာတွင် လူသားနှစ်ယောက် ရောက် ရှိနေသည်ကို တွေ့သဖြင့် ဒေါသထွက်ကာ. . .။

"အသင်လူသားတို့. . . ဒီနေရာကား ငါ၏ဗိမာန်တည်း။ လူသားတို့နှင့် မအပ်စပ်သည့်နေရာဖြစ်သဖြင့် ဤနေရာမှ အမြန် ဆုံးထွက်သွားလော့. . . အသင်တို့ ထွက်ခွာမသွားလျှင် သင်တို့ အား ရိုက်ပုတ်ညှဉ်းဆဲကာ အပြင်သို့ဆွဲ၍ လွှင့်ပစ်အံ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောကာ နှင်ထုတ်လေသည်။

ရှင်ငယ်ညီနောင်လည်း ခြိတ်ချောင်းနတ်ဘီလူးကြီး ဒေါသထွက်နေသည်ကိုသိသဖြင့်...ယက္ခသိန္နေဟ မန္တန်တော်ကိုရွတ်ဖတ်ကာ...။

"အရှင်နတ်ဘီလူးကြီး..ကျွန်ုပ်တို့ဟာ နာနာရုပ်ပညာကို သင်လိုတဲ့အတွက် ဝေးလှစွာသောနေရာမှ လာခဲ့ရပါသည်။ အရှင့်အတွက် ဝက်ပျိုသားနှင့် သေရည်အိုးကို အစ်နှင်းပါသည်။ ဤနာနာရုပ်ပညာကိုသာ သင်ပေးပါလော့"

"ကျုပ်...ဒီပညာကိုသင်မပေးနိုင်"

နတ်ဘီလူးကြီးက ငြင်းဆိုလိုက်သည်။

ထိုအခါ ဝက်ပျိုသားစားလိုသော သားသမီးများကငိုယိုကာ...။

"အဖ...ဒီလူသားနှစ်ယောက်ကို နာနာရုပ်ပညာ သင်ပေးပါရန် တောင်းပန်ပါတယ်...ဤပညာသင်ပေးမှ ဝက်ပျိုသားကို စားရမှာဖြစ်ပါတယ်...သားတို့သမီးတို့ဟာ ဒီဝက်ပျိုသားကို လွန်စွာ စားချင်ပါတယ်"





"ဟုတ်ပါတယ် မောင်ကြီးရယ်...ကလေးတွေက ဝက်ပျိုသားကို အင်မတန် ခုံမင်လှပါတယ်။ ဒီတော့ ဒီဂ ပြင်ပေါ်၌ နှစ်ဦးကို နာနာရုပ်ပညာ သင်ပေးလိုက်ပါ"

နတ်ဘီလူးမကြီးက တောင်းပန်စကား ပြေ

"မဖြစ်ဘူးရှင်မ...ဒီပညာဟာ အလွန်အန္တရာ တယ်"

"အဖရယ်...သင်ပေးလိုက်ပါ၊ သားတို့သမီးတို့ ဝက်ပျိုသားကို စားချင်လွန်းလို့ပါ"

"ဟုတ်ပါတယ်မောင်ကြီးရယ်၊ ဒီတစ်ခါတော့ သားတို့သမီးတို့နဲ့ ကျွန်မရဲ့ဆန္ဒကိုလိုက်လျောပါ...ကလေးတွေလည်း ဒီဝက်ပျိုသားကို စားပါစေတော့"

ဘီလူးမကြီးနှင့် သားသမီးများက အကြိမ်ကြိမ်ချော့မော့တောင်းပန်သည့်အတွက် နောက်ဆုံးတွင် ခြိတ်ချောင်းနတ်ဘီလူးကြီးမှာ စိတ်အားလျှော့ကာ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . မင်းတို့ ဒီလောကဆန္ဒရှိနေမှတော့ ဒီတ
ကြိမ် ငါလိုက်လျောကာ နာနာရုပ်ပညာကို သင်ပေးအံ့"
ထွက်ရေ ဟု ဆိုလေသည်။
ဖတ်ကာ . . . အခါ ရှင်ငယ်နှစ်ဦးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ
"အ
သားနှင့် သေရည်အိုးကို ဘီလူးမကြီး၏လက်သို့ အပ်
ကို ခဲ
က်သည်။ နတ်ဘီလူးမိသားစုလည်း ထိုအစားအစာများကို
တပျော်တပါး စားသောက်ခဲ့ကြသည်။ ထို့နောက် ရှင်သူငယ်
ညီနောင်အား . . .။
"ကဲ . . . အသင်တို့တတ်မြောက်ချင်တဲ့ နာနာရုပ်ပညာကို
သင်ပေးအံ့၊ အဋ္ဌနနဒီမြို့ပြင်ရဲ့သောင်ပြင်ကို ကျွန်ုပ်နှင့်အတူ
လိုက်ခဲ့ပေတော့"
ဟုပြောကာ သောင်ပြင်သို့ ခေါ်ဆောင်သွားခဲ့သည်။
ထို့နောက် . . .။
"နာနာရုပ်အတတ်ပညာကား များစွာကျယ်ပြန့်လှပေ
သည်။ ထိုအတတ်ပညာထဲတွင် ရှိန်းဆာယာပိုမောက်၍ ကိုယ်





ပျောက်သည့် အတတ်ပညာ၊ သက်ပြောင်းကိုယ်ခွာအတတ်၊
ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာတို့ ပါဝင်သည်။
"ဟုတ်ကဲ့ပါအရှင်"
ဖြိတ်ချောင်းနတ်ဘီလူးကြီးသည် သဲသောင်ပြင်ပေါ်၌
ထာမန္တန်တော်များကို

တောင်ဝှေးဖြင့်ရေးပြီး ပြုဖွယ်ကိစ္စများကို ပြောပြ
သင်ပေးခဲ့လေသည်။ ရှင်ငယ်နှစ်ဦးမှာလည်း ဇဝနဉာဏ်၊ တိက္ခ
ဉာဏ်၊ ဂမ္ဘီရဉာဏ်တို့နှင့် ပြည့်စုံသဖြင့် ထိုမန္တန်များကို တစ်လုံး
တစ်ပါဒမကျန် ရွတ်ဆိုကျက်မှတ်ထားလိုက်သည်။
ငှင်းရှင်ငယ်တို့ ကျက်မှတ်ပြီးချိန်တွင် သဲသောင်ပြင်ပေါ်၌
ရေများတက်လာပြီး လှိုင်းဂယက်များက ရိုက်ခတ်ဖျက်ဆီးလိုက်
သည်။ ရှင်ငယ်နှစ်ဦးမှာ နာနာရုပ်အတတ်ပညာကို ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်သွားသောအခါ နန်းကျကြီး၏မိဖုရားလေးယောက်

ထံသို့ ရုပ်ပြောင်းရုပ်လွဲအတတ်ဖြင့် နန်းကျမင်းကြီးဟန်ဆောင်ကာ

ထိုမိဖုရားတို့ကို ပစ်မှားခဲ့ကြသည်။

ထိုသို့ ပစ်မှားစွာများလတ်သော် မိဖုရားစောပဒုမ္မာက

သက်ာမကင်းဖြစ်ကာ မင်းကြီးအားလျှောက်တင်ခဲ့လေသည်။

"...မင်းကြီးကား ရှေးယခင်ကနှင့်မတူ၊ ကျွန်တော်

မျိုးထံသို့ အရောက်အပေါက်များလွန်းစွတကား...။ အဘယ်သို့

ဖြစ်ဘိသနည်း"

"ငါကား မိဖုရားလေးပါးထံသို့ အညီအမျှသာရောက်

သည်"

ဟု ပြန်လည် မိန့်ကြားတော်မူပါသည်။

"မင်းကြီး...မနေ့ညက ကျွန်တော်မျိုးမအဆောင်သို့

ရောက်ပါသလော"

"မရောက်ပါ"

"ဟိုတစ်ညကကော"





"မရောက်ပါ"

"သို့ဆိုလျှင် စဉ်းစားရခက်ဘိသည်။ မင်းကြီး ကျွန်တော်

မျိုးမထံသို့ ညတိုင်းရောက်ပါသည်"

"အိမ်း...ဒါဆိုလျှင် စဉ်းစားစရာတွေပဲ။ ဒီအကြောင်း

စ်မြစ်ကို သိလိုသည်"

"မှန်ပါ့ဘုရား..အသို့ပြုရမည်နည်း"

"ဒီနေ့ညလာပါက ဖယောင်းဆီအ~ ည့်ဖျော်ကာ ထိုသူ၏

ကျောကုန်း၌ ကပ်ချည်လော့"

"မှန်လှပါဘုရား"

ညအချိန်သို့ရောက်သော် နန်းကျမင်းကြီးဟန်ဆောင်၍

မိဖုရားအဆောင်သို့ ရောက်ရှိလာခဲ့သည်။

မိဖုရားစောပဒုမ္မာသည် မင်းကြီးပြောကြားထားသည့်

အတိုင်း အယောင်ဆောင်လာသူအား ဖက်ရှိုက်ပြု၍ ကျောကုန်းကို

...ဝါးစုံဖြင့် ကပ်လိုက်သည်။ ထို့နောက် မင်းကြီးထံ အကြောင်း

...ားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးကလည်း မင်းချင်းတို့ကို ချက်ချင်းခေါ်ပြီး. . .။

"အသင်သူသည် ကျောကုန်း၌ လက်ဝါးစုံ ဖယောင်းဆီ ကပ်ထားသည့်အရာရှိသူဖြစ်အံ့။ ထိုသူအား ဖမ်းဆီးခေါ်ဆောင်ခဲ့ပါကုန်"

"မှန်လှပါဘုရား"

မင်းချင်းတို့လည်း ထိုသူအားရှာရန် မြို့တွင်းသို့ထွက်ခဲ့လေသည်။

ရှင်ငယ်နှစ်ပါး တစ်ညလုံးပျော်ပါးထားပြီး ယခုကဲ့သို့ ဆောင်းလရာသီဖြစ်သဖြင့် မြို့တံခါးဝရှိရပ်ပေါ်တွင် ကျောကုန်းကို နေပူဆာလှုံ၍ အိပ်ပျော်နေခဲ့သည်။ မင်းချင်းတို့လည်း ဖယောင်းဆီလက်ဝါးစုံပုံသဏ္ဌာန် ကျောတွင်ရှိနေသည့် ရှင်ငယ်နှစ်ဦးကိုဖမ်းဆီးကာ မင်းကြီးရှေ့တော်သို့ ခေါ်ဆောင်လာခဲ့သည်။

မင်းကြီးက ထိုအကြောင်းကိုမေးရာ ရှင်ငယ်ညီနောင်ကလည်း. . .။

"မှန်ပါသည်ဘုရား. . . ကျွန်ုပ်တို့ညီနောင်သည် ရှပ်ခြင်းရုပ်လွဲအတတ်ပညာကို တတ်ပါသည်။ ဤပညာဖြင့် မှားယွင်းမိပါသည်ဘုရား"

သတ်လိုကသတ်စေတော့ဟု စိတ်တွင်တွေးကာ အမှန်အတိုင်း သံတော်ဦးတင်ခဲ့လေသည်။ သို့သော် အထင်နှင့်အမြင်မှာ ခင်အောင်လွဲခဲ့လေပြီ. . .။

မင်းကြီးမှာ နဂိုကပင် ကောက်ကျစ်စဉ်းလဲသူဖြစ်သည့်အတွက် သည်ပညာအား လွန်စွာတတ်မြောက်ချင်သဖြင့် ၎င်းတို့အား အမျက်တော်မရှုပဲ. . .။

"ရှင်ငယ်ညီနောင်တို့. . . မင်းကြီးကို ဒီပညာသင်ပေးပါလော့. . အကယ်၍ သည်ပညာသင်ကြားပေးသည်ရှိသော် အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့်အပြင် မင်းဆရာအဖြစ် ခေါ်ကွယ်ဆည်းကပ်ပါမည်" ဟူ၍ ရှိသေစွာ တောင်းပန်လေသည်။ ထိုအခါ ရှင်ငယ်နှစ်ဦးမှာ စဉ်းစားပြီး. . .။

"အရှင်မင်းကြီး. . . အရှင့်အား ကျွန်တော်မျိုးတို့က ဒီပညာသင်ပေး၍ တတ်မြောက်ပါလျှင် ကျွန်တော်မျိုးတို့ကို သင့်





www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ ထို့ကြောင့် ဒီအတတ်ပညာကို မသင်ဝံ့''

ဟုဆိုကာ ငြင်းဆန်ခဲ့သည်။

ထိုအခါ မင်းကြီးက. . .

''မင်းကြီးအား ဤပညာကိုသာ သင်ပေးပါ၊ ငါသည်

အသင်ဆရာတို့အား မပြစ်မှားပါအံ့။ ကြီးစွာသောသစ္စာကိုဆို၍

သစ္စာရေကို သောက်ပါမည်''

သစ္စာဆိုပြီး အကြိမ်ကြိမ်တောင်းပန်သဖြင့်. . .။

''အရှင်မင်းကြီး. . . အရှင့်၏သစ္စာမြဲပါစေ။ ဤပညာဖြင့်

သူတစ်ပါး၏မယား၊ သူတစ်ပါး၏သမီးပျိုများအား ဖောက်ပြန်

သောအမှုကို မပြုပါဟု ကတိသစ္စာပြုပါ''

''ကျွန်ုပ်မင်းကြီးသစ္စာပြုပါ၏''

''အကယ်၍ မင်းကြီးသည်ကတိသစ္စာပျက်ယွင်းလေသော်

ကျွန်တော်မျိုးတို့ညီနောင်က အရှင်၏အသက်ကို နှုတ်ယူပါမည်

ဤကတိကိုရော မင်းကြီးကပေးနိုင်ပါ၏လော''

ရှင်ငယ်ညီနောင်က သစ္စာခံနိုင်းခဲ့သည့်မင်းကြီးမှာ ထို





ညာကို လွှန်စွာတတ်မြောက်လိုသည့်အတွက် ရှင်ငယ်ညီနောင်

ို့ပြောသမျှကတိကို ပေးလေသည်။

''ရှင်ငယ်ညီနောင်တို့တောင်းသည့်ကတိကို ငါ့အသက်

င်နှင်း၍ ကတိသစ္စာပြုပါ၏''

''ကောင်းပြီ၊ အရှင်မင်းကြီးအား သင်ကြားပေးအံ့''

ထိုသို့ဆိုကာ ချန်သင့်သည့်အတတ်ကိုချန်ကာ သင့်

တော်မည့်အတတ်များကို သင်ပေးခဲ့သည်။ မင်းကြီးသင်ကြား

တတ်မြောက်သောအခါ ရှင်ငယ်ညီနောင်မှာ ပြိုင်းတိုင်းတောင်မှ

ရှေ့မြောက်အရပ်၌ရှိသော ငုင်းတို့ဆရာ ဝိဇ္ဇာမိုရ်နေထိုင်သည့်

ရပ်၌ နေထိုင်ခဲ့ကြသည်။

ထိုအခါ နန်းကျမင်းကြီးမှာ ရှင်ငယ်ညီနောင်ထံမှ တတ်

မြောက်သောအတတ်ကို အသုံးပြု၍ သူတစ်ပါး သားမယား

သူတစ်ပါးသမီးတို့ကို ပြစ်မှားလေတော့သည်။

ပြည်သူပြည်သားများမှာ ထိုကိစ္စကြောင့် ကြောင့်ကျမှု

ကာ တစ်ချို့သောသူများသည် ဤမြို့တော်မှ စွန့်ခွာသွားကြ


www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်နေ့သော် လောင်းကြက်မြို့တော်၏ စည်သဘင်အမတ်ကြီး၏သမီး ပန်းနီလာမှာ လွန်စွာ လုပချောမောကြောင်း သတင်းရလာသဖြင့် မင်းကြီးက ၎င်းအားဆက်သရန် အမိန့်တော်ရှိခဲ့သည်။

သည်တွင် စည်းသဘင်အမတ်ကြီးမှာ ရိုင်းစိုင်းယုတ်မာသည့် မင်းကြီးအား မဆက်သလိုသဖြင့် ရုတ်တရက် သေဆုံးသွားဟန်ပြု၍ သူမကိုယ်စား ထင်းစည်းများကို သဂြိုဟ်လိုက်သည်။ ထိုသို့ ဥပါယ်တံမျဉ်း ကြံစည်ပြီး လက်ျာနန္ဒသူ၏သားနှင့် တိတ်တဆိတ် လက်ထပ်ပေးလိုက်သည်။

ဤသို့ လျှို့ဝှက်စွာထားသော်လည်း ဤအကြောင်းကို အထောက်တော်တပ်မှူးမှတစ်ဆင့် သိရှိသွားကာ လက်ျာနန္ဒသူနှင့် စည်သဘင်အမတ်ကြီးတို့၏ ဥစ္စာစည်းစိမ်ကို သိမ်းဆည်းခဲ့သည်။ ထို့နောက် ပန်းနီလာကိုလည်း မင်းပြောင်အဖြစ် ထားလိုက်လေသည်။





"တောက်. . . ရိုင်းစိုင်းယုတ်မာတဲ့ နန်းကျကြီးမင်း အလှည့်ကျရင် မခွဲ့နဲ့. . . ခံစားပေတော့. . . ငါတို့ ရှင်ငယ်နှစ်ဦးကို သွားရှာပြီး ဆုံးမခိုင်းမယ်"

စည်သဘင်အမတ်ကြီးနှင့် လက်ျာနန္ဒသူတို့နှစ်ဦး တိုင်ပင်ကာ ရှင်ငယ်နှစ်ဦးနှင့် တိတ်တဆိတ်ဆက်သွယ်ခဲ့လေသည်။

ရှင်ငယ်နှစ်ဦးမှာ နဂိုကပင် နန်းကျကြီးမင်းကို မုန်းတီးသည့်အတွက် ထိုနာနာရုပ်ပညာကို သင်ကြားခဲ့ခြင်းဖြစ်ပြီး အချိန်ကောင်းကို စောင့်နေသူများဖြစ်သည်။ ယခုကဲ့သို့ အမတ်ကြီးများက လာရောက်တိုင်ပင်သဖြင့်. . .။

"အင်း. . . အချိန်အခါသင့်ပြီ. . . မင်းကြီးအား သူတစ်ပါးသားမယားနှင့် သမီးပျိုများအား မဖျက်ဆီးရန် အကြိမ်ကြိမ်သစ္စာကတိပြုခဲ့သည်။ ယခုမူ မင်းကြီးသည် ဤကတိကို ဖောက်ဖျက်ကာ သစ္စာပျက်ယွင်းခဲ့လေပြီ။ သစ္စာပျက်ယွင်းပါလျှင် အသက်ကို ပေးလျော်ရမည်ဟူ၍ ကတိရှိခဲ့သည်။ သည့်အတွက် ကျွန်ုပ်တို့ညီနောင်သည် အသင်တို့နှင့်အတူ ယခုပင်လိုက်ခဲ့အံ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ အမတ်ကြီးနှင့်အတူ လောင်းကြက်မြို့တေ
သို့ လိုက်လာခဲ့သည်။

ရှင်ငယ်ညီနောင်က ကတိသစ္စာချိုးဖျက်သည့် မင်းကြီ
အား သုတ်သင်ရန် ကျွဲဖြူကြီးနှစ်ကောင်အဖြစ်ပြုကာ မြို့
အတွင်း၌ သောင်းကျန်းလေသည်။ တိုင်းသူပြည်သားများက
ကျွဲဖြူကြီးရန်ကို နှိမ်နင်းပေးရန် တောင်းဆိုသောအခါ နန်းက
ကြီးမင်းသည် ဆင်တော်စီးကာ ထွက်လာခဲ့သည်။

"ကျွဲဖြူဆိုတာ အင်မတန်ရှားပါတယ်... ကျွဲဖြူအစ
ဟုတ်မဟုတ် ငါ့ပညာစွမ်းနဲ့ ကြည့်မှပဲ"

မင်းကြီးသည် ဆင်ထက်မှနေ၍ ကျွဲဖြူနှစ်ကောင်အာ
ရင်း၏ပညာဖြင့် ကြည့်သောအခါ...။

"ဟာ... ဒါ ကျွဲဖြူအစစ်မှမဟုတ်ဘဲ... နာနာရုပ်အ
တတ်နဲ့ ပြုထားတဲ့ ကျွဲနှစ်ကောင်ပဲ... ဒါဆိုရင် ဒီကျွဲဖြူနှ
ကောင်ဟာ ငါ့ကိုဒဏ်ခတ်ဖို့ရောက်လာတဲ့ ငါ့ဆရာ ရှင်ငယ်ည
နောင်ပဲဖြစ်ရမယ်"





ရင်း၏ဆရာများဖြစ်ပြီး ကတိချိုးဖောက်သဖြင့် သေဒဏ်
ပေးရန်လာမှန်း သိသည့်အတွက်...။

"ကဲ... ငါလည်း နာနာရုပ်အတတ်ပညာနဲ့ ရုပ်ပြောင်း
ရပ်လွှဲ ချိုးငှက်အသွင်ပြောင်းပြီး ပြေးမှဖြစ်မယ်"

ဤသို့စိတ်ကူးကာ ဆင်ထက်မှပင် ချိုးငှက်အသွင်ပြောင်း
ကာ အဋ္ဌနနဒီမြစ်၏ တစ်ဖက်ကမ်းသို့ ပြေးလေသည်။

(မှတ်ချက်။ ။ ကျွဲဖြူနှစ်ကောင်တွဲ၍ တိုက်ခဲ့သည့်
နေရာကို ကျွဲတွဲဟု ခေါ်ဆိုခဲ့ကြသည်။ ယခုအခါ "ကျွဲတဲ"ဟု
ခေါ်တွင်လျက်ရှိသည်။)

ထိုအခါ ရှင်ငယ်နှစ်ဦးမှာ နန်းကျကြီးမင်းသည် ချိုးငှက်
ဟန်ဆောင်၍ ပြေးသည်ကိုမြင်သဖြင့်...။

"နန်းကျကြီးမင်းတော့ ချိုးငှက်ဟန်ဆောင်ပြီး ပြေးပြီ...
ငါတို့က သိန်းငှက်အသွင်နဲ့လိုက်မှဖြစ်မယ်"

ရှင်ငယ်ညီနောင်က သိန်းငှက်အသွင်နှင့် လိုက်လေ
သည်။ နန်းကျကြီးမင်းမှာ မလွတ်နိုင်မှန်းသိ၍ ချေးအသွင်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ တောထဲသို့ ပုန်းသျှိုးနေလိုက်သည်။

"အင်း. . . နန်းကျုံကြီးက ချေအသွင်ပြောင်းမှတော့. . . ငါတို့က ကျားအသွင်ပြောင်းပြီး လိုက်အံ့"

ရှင်ငယ်ညီနောင်က ကျားအသွင်ပြောင်းပြီးလိုက်ရာ ဓ ကြီးက ဆက်ရက်ငှက်အသွင်ပြောင်းကာ ဥနနဒီမြစ်၏ အနေ ဖက်ကမ်းသို့ ပျံသန်းလာပြီး စုရုံးကြည့်ရှုနေသော လူ့အုပ်ထဲ လူအသွင်ပြောင်းကာ ပြေးဝင်လိုက်သည်။

ရှင်ငယ်ညီနောင်လည်း လူ့အသွင်ပြောင်းကာ လိုက် ၍ ဓားနှင့်ခုတ်သည်ရှိသော လက်ယာနားရွက် ပြတ်သွားသ မင်းကြီးလည်း သွေးများယိုစီးသည့်ဒဏ်ရာကို လက်ဖြင့်အုပ် ခန္ဓိသာရဘုန်းတော်ကြီးကျောင်းသို့ ပြေးဝင်ကာ. . .။

"အရှင်ဘုရား. . . ရှင်ငယ်ညီနောင်ဟာ တပည့်တေ ကို လိုက်လံသတ်ဖြတ်နေပါတယ်ဘုရား. . . အခုလည်း အနေ မှ တောက်လျှောက်လိုက်လာပါတယ်ဘုရား. . . တားဆီး ဥာက်မူပါဘုရား"





ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ကြီးမှ. . .။

"အရှင်မင်းကြီး. . . ငါတို့ကျောင်းတွင် ရန်သူကိုတားရန် ဘာလက်နက်မျှမရှိ. . . ယုတ်ဆွအဆုံး သင်ဇုန်းဓားပင်မရှိပေ" မိမိအပြစ်နှင့်မိမိ ခံရချေပြီ"

မင်းကြီးလည်း သွေးသုတ်ရန် ပုဝါတောင်းသောအခါ ပုဝါတစ်ပိုင်းမျှ မရှိပေ။ နောက်ဆုံး၌ ရင်းတည်ဆောက်ထား သော ကောင်းမှုတော်ကျောက်ဂူအတွင်းသို့ဝင်ကာ တံခါးပိတ် ၍ နေလေသည်။

ရှင်ငယ်နှစ်ဦးလည်း ဂူဝသို့ရောက်လာပြီး. . .။

"မင်းကြီးကား. . . ကတိသစ္စာချိုးဖောက်ကာ မိမိကိုယ် ကျိုးကိုသာကြည့်ပြီး ပြည်သူတို့အား မတရားညှင်းပမ်းနှိပ်စက် သည့်မင်းကြီးသည် ဂူမှထွက်၍ ကတိအတိုင်း အသတ်ခံမည် လော. . . မင်းကြီး၏ ကောင်းမှုတော်ဂူကိုဖျက်ပြီး မင်းကြီးအား ငါတို့သတ်ရမည်လော"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းကြီးလည်း သစ္စာပျက်လျှင် အသက်ခံရမည်ကို ကတိပြုထားသဖြင့် ၎င်း၏ကောင်းမှုတော်ဂူကို ဖျက်စီးမခံပဲ ဂူထဲမှထွက်ကာ အဖမ်းခံရှုံးသာရှိချေပြီ။

ထိုအခါ နန်းကျကြီးသည် လက်မှသွေးများဖြင့် ဂူအတွင်းရှိ ဆင်းတုတော်၏ ဒူးတော်စွန်းအား သုတ်လိမ်းပြီးနောက်. . .။

"ဤသွေးကို မည်သို့ဆေးကြောသော်လည်း မပျောက်ပါစေနှင့်. . .တပည့်တော်သည် ရန်သူတော်တို့ကို ရန်ကြွေးပြန်ဆပ်ပြီး တပည့်တော်ကိုယ်တိုင် ဆေးကြောမှသာလျှင် ကျေပျက်ပါစေသတည်း"

ထိုသို့ဆုတောင်းကာ ကောင်းမှုတော်ဂူမှ ထွက်လာခဲ့သည်။ အပြင်သို့ရောက်သည်နှင့် ရှင်ငယ်နှစ်ဦး၏ဓားချက်ဖြင့် နတ်ရွာစံတော်မူပါသည်။

ဤဇာတ်လမ်းကား ဤမျှနှင့်ပြီးဆုံးမည်ဟု ထင်ခဲ့ပါသည်။ သို့သော်လည်း ဤဇာတ်လမ်းကား မပြီးပြတ်သေးပေ။ ဤဇာတ်လမ်းဖြစ်ပေါ်ပြီး နှစ်ပေါင်း(၉၆၀)ကြာမြင့်သောအခါ





ဒုတိယမြောက်ဦးမင်းဆက်၌ဖြစ်သော သီရိသုဓမ္မရာဇာမင်းလက်ထက်တွင် လေးမြို့စား "ကေုသလ"အမတ်တစ်ပါး ပေါ်ပေါက်ခဲ့ပါသည်။

ကေုသလမှာ ဗေဒင် ယတြာ အစီအရင် စသည့် အတတ်ကို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်တတ်မြောက်သူဖြစ်ပြီး မင်းကြီးသီရိသုဓမ္မာရာဇာအား လုပ်ကြံကာ နရပတိဘွဲ့အမည်ဖြင့် မင်းပြုခဲ့လေသည်။

သက္ကရာဇ်(၁၀၀၀)ပြည့်နှစ်တွင် နန်းတက်ပြီး လောင်းကြက်မြို့ဟောင်း ကျောက်ဂူအတွင်းရှိ ဆင်းတုတော်အား ရေသပ္ပါယ်ပူဇော်သောအခါ ဘုရားဆင်းတုတော်ဒူးစွန်းမှ သွေးကွက်များ ပျောက်ပျက်သွားခဲ့သည်။

သို့ည်တွင် နရပတိမင်းသည် မိမိသည် နန်းကျကြီးမင်းမှ လူဝင်စားဖြစ်သည်ဟု ယုံကြည်ကာ သကျသာကီဝင်မင်းမျိုးမင်းနွယ်၊ မင်းသားများကို တိတ်တဆိတ် ခေါ်ယူဖျောက်ဖျက်ပစ်ရာ သီရိဓမ္မရာဇာမင်းနှင့် မိဖုရား နတ်သျှင်မယ်တို့လည်းထက်



www.burmeseclassic.com

www.burmeseclassic.com



တွင် သကျသာကီဝင်မင်းဆက် ပြတ်တောက်ခဲ့လေပြီ။

ဤသည်ကား နာနာရုပ်ပညာကို တတ်ကျွမ်းခဲ့သည့် နန်းကျကြီးနှင့် သူ၏ဆရာဖြစ်သော ရှင်ငယ်စိတြနှင့် နာရဒတို့၏ ဖြစ်ရပ်မှန်သမိုင်းကြောင်းတစ်ခုပင် ဖြစ်ပေသည်။

❖ ❖ ❖

## အခန်း ( ၅ )
## ''ဂမ္ဘီရကျမ်းစာသိုက်''

ဤအဖြစ်အပျက်ကား...။

မောင်ကာလုတို့မျိုးရိုးစဉ်ဆက် အမုန်းတရား အငြိုးအတေးတို့ဖြင့် မိသားစုဘဝတစ်ခုလုံး ကြေမွပျက်စီးသွားအောင် ခင်နာသည်းကျွမ်း ဖြစ်စေခဲ့သည့် အမုန်းရန်ငြိုးတစ်ခု...။

သည်ဖာတ်လမ်း၏ အဓိကဇာတ်ကောင်မှာ မောင်ကာလု၏မိခင် ဖြစ်လာမည့် ''ပန်းကေသီ''ဟူသည့် မိန်းမချောကလေးတစ်ဦး...။

ပန်းကေသီကား အများနှင့်မတူအောင် ချောမောလှပသကဲ့သို့ လူတကာငေးကြည့်ရအောင် ''ဆံပင်တစ်ရပ် လှသည်



www.burmeseclassic.com

www.burmeseclassic.com



ရစ်''ဟု ဆိုရလောက်အောင် ဆံကေသာအလှပိုင်ရှင် ကွမ်းတောင်ကိုင်မလေးတစ်ဦးပင်. . .။

သူမသည် ဆူးရစ်ချောင်းရွာဇာတိဖြစ်ပြီး ဤရွာတွင် မြောက်ဦးဘုရင် မင်းဗာကြီး တည်ထားသော ရန်ကာဘုရားကြီးရှိသဖြင့် ထိုရွာကလေးကား လူသိများလှပေသည်။

ရန်ကာဘုရားကြီးသမိုင်းကြောင်းကလည်း အမျှားနှင့်မတူ ထူးခြားလှပေသည်။ မြောက်ဦးမြို့တွင် ထီးနန်းအုပ်ချုပ်သည့် မင်းဗာကြီးသည် မိမိမြို့တော်အား ရန်သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အလို့ငှာ ရှင်မြတ်ဝါတည်းဟူသော ဂန္ဓာရီပညာရပ်ကို တစ်ဖက်ကမ်းခတ်မျှ တတ်မြောက်သော ရှင်မြတ်ဝါဟူသည့် ပုဂ္ဂိုလ်ကြီးအား. . .။

''အရှင်. . .မြောက်ဦးမြို့တော်ကို အန္တရာယ်မဖြစ်အောင်ကာကွယ်ပေးပါ''

''ကောင်းပြီ. . .ဤမြို့တော်ကို ရန်သူအပေါင်းမှ အန္တရာယ်မပြုနိုင်အောင် အကာကြီးတစ်ရာ အကာငယ်တစ်ထောင်





လောက်အစီအမံ ပြုပေးမယ်''

''ကောင်းပါပြီအရှင်''

ထိုသို့ မင်းဗာကြီးက လျှောက်ထားသည့်အတွက် အကာကြီးတစ်ရာ အကာငယ်တစ်ထောင်တွင် ပါဝင်သည့် ဘုရားများကို တည်တော်မူခဲ့သည့် ဂုဝ်းတို့အနက်. . .။

ရှင်မြတ်ဝါက မြောက်ဦးမြို့တော်၏ မြောက်အရပ်ဖြစ်သော ဆူးရစ်ချောင်းကျေးရွာတွင် ဘုရားကြီးတစ်ဆူကို တည်ခဲ့သေသည်။ ထိုဘုရားကြီးမှာ ဂန္ဓာရီပညာရပ်များဖြင့် ဘေးအန္တရာယ်ရန်ခွယ်အပေါင်းတို့ကို ကာကွယ်နိုင်ရန်အလို့ငှာ တည်ထားသည့်ဘုရားကြီးဖြစ်၍ ''ရန်ကာဘုရား''ဟူသော ဘွဲ့အမည်ပေးခဲ့ပါသည်။ မင်းနှင့်ပြည်သူ ကြည်ဖြူစွာ ဆရာ ဒကာ စုံညီစွာဖြင့် တည်ခဲ့သည့်ဘုရားကြီးဖြစ်၍ ပြည်သူအများ လာရောက်ပူဇော်ကြသဖြင့် ဆူးရစ်ချောင်းရွာကလေးမှာ စည်ကားသိုက်မြိုက်လှသည်။ ပွဲတော်ချိန်များတွင် လူတိုး၍ မပေါက်အောင် ပြည့်ကျပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည် တနံတလျား၌ ပျံ့ရှေးယခင်ကပင် ဂမ္ဘီရ ပညာရပ်များ ဂန္ဓာရီအတတ်ပညာများ ထွန်းကားခဲ့သည်။ ဂမ္ဘီရ ဆိုသည်မှာ နက်နဲသော ပညာရပ်ဖြစ်ပြီး ၎င်းကို ရိုးရိုးစင်းစင်း ရှင်းရှင်းလင်းလင်းမှ ရှုပ်ထွေးခြင်း၊ လျှို့ဝှက်ခြင်း၊ အသိရခက် ခြင်း၊ တွေးတောဆင်ခြင်ရန် နက်နဲခြင်း စသည့် အဓိပ္ပါယ်ဖွင့် ဆိုသည်။

ဂမ္ဘီရနှင့်တွဲနေသည့်အရာမှာ ဂန္ဓာရီအတတ်ပညာဖြစ် ပြီး ၎င်းတို့သည် အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဗြောင်း စသည့် အယူတော်မင်္ဂလာနှင့် ဆက်နွယ်နေသည်။ ဤပညာရပ် များ၏ ခရီးစဉ်ကား ကျယ်ပြောလှပေသည်။ တကောင်းခေတ် သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ ကေတုမတီ၊ ဟံသာဝတီ၊ တောင်ငူခေတ်၊ ညောင်ရမ်းအင်းဝ ခေတ်၊ ကုန်းဘောင်ခေတ်အထိ အစဉ်အဆက်ရှိခဲ့သည်။

ဂန္ဓာရီပညာရပ်မှာ နိဿရည်းနိဿယ၊ အတတ်အသိ ဒဿနိက၊ တက္ကဗေဒ၊ ယောဂ၊ သမထ၊ စူဠမဟာ၊ မျဉ္ဇူဇနုပဒ

အိုးယွန်းယှဉ်စာပေ



လက်ဝဲ၊ လက်ယာ၊ အဖြူအမည်း စသည်ဖြင့် များပြားလှသည့် အတတ်ပညာများဖြစ်သည်။ ထိုဂန္ဓာရီအတတ်ပညာများသည် ထိုအချိန်က လွန်စွာ တိုးတက်လှသဖြင့် ရသေ့များ ပညာရှင် များက ရှေးအစဉ်အဆက် ဆရာ့ဆရာကြီးများ ရေးသားထား သည့် ကျမ်းများကို အမှီပြု၍ ဂမ္ဘီရကျမ်းစာများ အများအပြား ရေးသားခဲ့လေသည်။ ၎င်းတို့ကို "ဂမ္ဘီရကျမ်းစာသိုက်"ဟု ခေါ် ခဲ့လေသည်။

ထိုအချိန်က မြောက်ဦးမြို့တော်တွင် နေလိုလလိုထင် ရှားသော ဂမ္ဘီရပညာရှင်ကြီး ရှင်မြဝါအကြောင်းမှာ မပြောမပြီး ဆိုသလို ထင်ရှားလှပေသည်။

ရခိုင်၊ မြောက်ဦးရွှေပြည်ကောင်းစားစဉ်အခါက. . .။ မြဝါ၊ ဘစောသီရိနှင့် မြတ်သာထွန်းဟူသော သူငယ်ချင်းသုံးဦး ရှိခဲ့သည်။ ၎င်းတို့သုံးဦးသားမှာ ငယ်စဉ်ကလေးဘဝက တောင် ညီတိုက်ဆရာတော် အရှင်အဂ္ဂမုနိထံတွင် စာပေပညာများ သင် ကြားခဲ့သည်။

အိုးယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အရွယ်ရောက်သော် ၎င်းတို့သုံးဦးသည် မဇ္ဈိမဒေသ
နာလန္ဒတက္ကသိုလ်၌ သွား၍ပညာသင်ကြားခဲ့သည်။ အချိန်တ
သောအခါ မြတ်သာထွန်းက "မဟာပညာကျော် ဝိမလအမ
ကြီး"အဖြစ်သို့ ရောက်ခဲ့သည်။

ဘစောသီရိမှာ မင်းဟာကြီးမင်း ဖြစ်ခဲ့သည်။ မြဝါ
ကား. . . ခတ်ပြောင်း ခတ်ပြန် ခတ်ရိုက်ခတ်ဆင် ရုပ်
တတ်ကို ခတ်လေးပါး မြှုလေးပါးခွဲခြမ်းစိတ်ဖြာသောအတတ်
ယတြာလေးဆယ် ဝိကြမ္မာသုံးဆယ် အစရှိသော ဂန္ဓာရီအတတ်
ပညာများကို သင်ကြားလာသဖြင့် ထိုပညာတွင် ထဖက်က
ခတ်မျှ ပေါက်မြောက်သော ပညာရှင်တစ်ဦး ဖြစ်လာခဲ့သည်

ဂန္ဓာရီပညာရှင်များမှာ ခေတ်အဆက်ဆက် တိုးပွား
ပြီး ၎င်းတို့ပညာရပ်များကို နောင်လူနောင်သားတို့ လေ့လာ
ရန် ရည်ရွယ်ပြီး ကျမ်းပြုခဲ့ရာ ရှင်ဥတ္တမသီရိ၏ ကပလက်
ကျမ်းကြီးမှာ ဂမ္ဘီရလောက၌ ယနေ့တိုင် နေတစ်ဆူ လတစ်
သဖွယ် ထင်ရှားကျော်စောခဲ့လေသည်။





ထိုဂမ္ဘီရ ကျမ်းစာသိုက်ထဲတွင် လွန်စွာ လျှို့ဝှက်သော
"စိတြနာရဒ နာနာရုပ်ကျမ်း"တစ်ကျမ်းလည်း အပါ
အဝင် ရှိခဲ့လေသည်။ ဂမ္ဘီရပညာရှင်များက ထိုကျမ်းစာအုပ်အား
လိုက်လံရှာဖွေသော်လည်း တွေ့ရှိသည်ဟု အတိအလင်း မည်သူ
မျှ မပြောနိုင်ခဲ့ချေ. . .။

သို့သော် ထိုကျမ်းကြီးကို လိုချင်သည့် ပုဂ္ဂိုလ်အများ
အပြားမှာ တောတောင်ရေမြေအနှံ့ လိုက်လံရှာဖွေနေဆဲပင် ဖြစ်
လေသည်။

❖ ❖ ❖

ထိုအချိန်တွင်. . .။

ထိုဆူးရစ်ချောင်းကျေးရွာ၏ အနောက်ဘက်၌ သားရဲ
တိရစ္ဆာန်ပေါ်များသည့် ကြီးမားသော တောအုပ်ကြီးတစ်ခုရှိသည်။

ရွာနီးချုပ်စပ်ရှိ ရွာအပေါင်းမှ မုဆိုးများသည် ထိုတော



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်းသို့ အမဲလိုက်လေ့ရှိသည်။ သားကောင်များပေါ လွန်းသည့်အတွက် အမဲမရသည့်မုဆိုးဟူ၍ မရှိအောင်ဖြစ် သည်။

ထိုမုဆိုးများထဲတွင် ရှိုပန်းအောင်နှင့် ဒိဗ္ဗ တို့သားအ အမဲလွန်စွာရသည့် မုဆိုးကျော်များပင် ဖြစ်သည်။

ဒိဗ္ဗ မှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီး အသားညို ထောင်ထောင်မောင်းမောင်း ကြံ့ခိုင်သောခန္ဓာကိုယ်ရှိသည်။ သ ရုပ်ရည်မှာ ရွက်ကြမ်းရေကြိုမှုရှိသော်လည်း အလုပ်ကြမ်း၊စိ ကြမ်းဖြစ်သောကြောင့် လူကြမ်းတစ်ဦး၏ပုံပေါ်နေသည်။

ရုပ်ကြမ်းစိတ်ကြမ်းဖြစ်သော်လည်း ယခုလို အ ရောက်လာချိန်တွင် သူ၏ရင်ထဲတွင် မေတ္တာဆိုသည့်အရာတ ပေါက်ဖွားလာခဲ့သည်။

သူ၏မေတ္တာကား နုယ်နုယ်ရရမဟုတ်၊ သူမေတ္တာရှ မိန်းမပျိုကား ဆူးရစ်ချောင်းရွာ၏ အလှပဂေး "ပန်းကေသီ" ဖြစ်သည်။ သူက ပန်းကေသီကို စွဲစွဲလန်းလန်းချစ်မိသ





န်းကေသီမှလွဲလျှင် ဘယ်မိန်းကလေးကိုမျှ မကြိုက်၊ အားလုံး င့်ဆန်ကွဲများဟုသာ ထင်မိသည်။

တစ်ချို့ကလည်း ဒိဗ္ဗ ကို မမီသည့်ပန်း တုံးခုံ၍လှမ်းသည် ာ ဆိုကြသည်။ တစ်ယောက်စကား တစ်ယောက်နားဆိုသကဲ့သို့ ဗ္ဗ က သူမကိုစိတ်ဝင်စားနေမှန်း အပျိုမတစ်သိုက်က ပြော၍ ခဲ့သည်။

"ဟင်း. . . ဒီလိုရုပ်မျိုးနဲ့ အမဲလိုက်တဲ့မုဆိုးကများ၊ အမဲ နယ် ဟင်းအိုးမှအားမနာ. . . ငါ့ကို လာကြိုက်သေးတယ်"

"ဘာဘဲဖြစ်ဖြစ် ကိုဒိဗ္ဗ က အရုပ်ဆိုးပေမယ့် စိတ်ရင်း ကောင်းရှာပါတယ်"

"စိတ်ရင်းကောင်းတာ မကောင်းတာ ငါနားမလည်ဘူး။ ဒီလို အရုပ်ဆိုးအကျည်းတန်တဲ့သူကို စိတ်ကူးထဲတောင် ထည့်လို့ ရဘူး"

သည်စကားများကြောင့် ဒိဗ္ဗ မှာ ပန်းကေသီကို အဝေးက ာ ကြည့်နေရရှာသည်။ တစ်နေ့တွင်. . .။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကေသီတို့ အပျိုချောတစ်သိုက် ဘုရားကပ်ရန် တော ထဲသို့ ပန်းခူးထွက်ခဲ့ကြသည်။ တောထဲတွင်ရောက်ရှိနေသော ဒိဗ္ဗ က ပန်းကေသီတို့အုပ်စု ပန်းခူးထွက်လာမှန်းသိသဖြင့် လှပ သော သစ်ခွပန်းများကို သစ်ပင်ပေါ်သို့တက်ခူးကာ ပန်းကေသီ ထံသို့သွားကာ. . .။

"ပန်းကေသီတို့ ပန်းခူးထွက်လာတယ်ဆိုလို့ ကျွန်တော် ပန်းလာပေးတာပါ"

ပြုံးရွှင်သောမျက်နှာပေးနှင့် ပန်းပေးခဲ့သည်။

ပန်းကေသီမှာ နဂိုကပင် အရုပ်ဆိုး၍ ကြည့်မရသည့် အထဲ သူငယ်ချင်းများရှေ့တွင် ပန်းလာပေးသည့်အတွက် ရှက်သွေးသန်းသွားကာ. . .။

"ကျွန်မ မယူချင်ဘူး"

ဟု ငြင်းဆန်လိုက်သည်။ သည့်တွင် ဒိဗ္ဗ က. . .။

"ယူပါ ပန်းကေသီရယ်၊ ပန်းကေသီအတွက် ကျွန်တော် အပင်ပန်းခံပြီး သစ်ပင်ပေါ်တက်ပြီး ခူးလာတာပါ"





"ရှင့်ဟာရှင် သစ်ပင်ပေါ်တက်ခူးခူး၊ တောင်ပေါ်က တက်ခူးခူး ကျွန်မနဲ့မဆိုင်ဘူး။ ရှင်ခူးလာတဲ့ပန်းကိုလည်း ကျွန်မ ယူဘူး"

"မငြင်းပါနဲ့ ပန်းကေသီရယ်၊ ကျွန်တော် စေတနာနဲ့ ပေးတာပါ"

ဟုဆိုကာ ပန်းကေသီထံသို့ အတင်းထိုးပေးလေသည်။

ပန်းကေသီမှာ ဒိဗ္ဗ နှင့် အများကပိုင်းစနေသည့်ကြားမှာ ဤသို့ သစ်ခွပွင့်များကို အတင်းပေးသဖြင့် ရှက်သွားကာ. . .။

"ဒီလောက်ပေးချင်တာ. . . ကဲဟာ၊ ကဲဟာ"

ပြောပြောဆိုဆို ပန်းများကိုခြေပစ်လိုက်သည်။ လှပ သော သစ်ခွပန်းကလေးများ မြေပေါ်၌ ပြန့်ကျဲသွားသည်။

"ဒီလောက်လှတဲ့ ပန်းကလေးကို ဘယ်လိုများလုပ်လိုက် ရသလဲ ပန်းကေသီရယ်"

ဒိဗ္ဗ သည် အမြတ်တနိုးယူဆောင်လာသည့် ပန်းကလေး များ မြေမှာကြွေကျသွားအောင် ပြုရက်သဖြင့် ဤသို့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အပျိုတစ်သိုက်ကလည်း ဒိဗ္ဗ ကချစ်နေမှန်းသိသဖြင့် ရှောင်ပေးခဲ့ကြသည်။ သည်တွင် ဒိဗ္ဗ က အခါအခွင့်ရသည်နှင့်

"ပန်းကေသီရယ်. . . ကျွန်တော်ဟာ ပန်းကေသီကို စွဲစွဲလန်းလန်းနဲ့ ချစ်မိသူပါ၊ အခွင့်အခါမသာလို့ ချစ်ရေးမဆိုရတာပါ။ အခုတော့ ကျွန်တော့်ရဲ့အချစ်ကို လက်ခံပါနော် ပန်းကေသီ"

ပန်းကေသီအား ချစ်ရေးဆိုလိုက်လေသည်။

ထိုအခါတွင် အလှမာန်တက်နေသည့် ပန်းကေသီမှာ အနာပေါ်တုတ်ကျသည့်နှယ် ဆတ်ဆတ်ခါအောင်နာကျည်းပြီး. .

"ရှင့်လိုတောသားမှဆိုးနဲ့ ကျွန်မနဲ့ တူသလား၊ တန်သလား"

"မတူမတန်ဆိုတဲ့စကား မပြောပါနဲ့၊ စဉ်းစားပေးပါ ပန်းကေသီ"

"ဘာမှ စဉ်းစားစရာမလိုဘူး၊ ရှင့်ကိုဘယ်တော့မှလည်း မကြိုက်ဘူး"





"စကားအကုန် မပြောပါနဲ့၊ စဉ်းစားပြီးမှ အဖြေစကားပြောပါ ပန်းကေသီ"

ပြောပြောဆိုဆို ဒိဗ္ဗ မှာ မချင့်မရဲဖြစ်ကာ ပန်းကေသီ၏ လက်ကိုဆွဲကာ ပြောလိုက်သည်။

"ဟင်. . . ရှင်ဘာလုပ်တာလဲ၊ လွှတ်ပါ"

"မလွှတ်နိုင်ဘူး"

"ကဲ"

"ဖျန်း"

မည်သို့မျှ မရည်ရွယ်ထားသော အပြုအမူတို့ဖြင့် လက်ဖျံပြန်လိုက်သည်။ ဒိဗ္ဗ ၏ ဘယ်ဘက်ပါးတစ်ပြင်လုံး ပူထူသွားခဲ့သည်။ အခြေအနေတင်းမာနေမှန်းသိသဖြင့် အပျိုတစ်သိုက်ပုန်းနေရာမှ ထွက်လာခဲ့သည်။ ဒိဗ္ဗ မှာ မမျှော်လင့်ဘဲ ပါးရိုက်ခံရသည့်အတွက် ရှက်စိတ်မွန်ကာ. . .။

"ပန်းကေသီ. . . ငါနင့်ကိုချစ်တယ်. . . နင့်ကို မရရအောင်ယူပြီး လက်စားချေပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ကာ တောတွင်းသို့ ဝင်ပြေးလေသည်။

ပန်းကေသီကလည်း. . .။

"အဟင့်. . . ဟင့်. . . ရှက်လိုက်တာ"

ဒီဗွ ၏အပြောကြောင့် ရှက်သွေးဖြာကာ ငိုယိုခဲ့လေသည်။ သူငယ်ချင်းအပျိုတစ်သိုက်က. . .။

"ပန်းကေသီရယ် မငိုပါနဲ့. . . သူ့ကိုမချစ်လို့ ရှက်ရမ်းရမ်းပြီးပြောတာပါ. . . တိတ်နော်"

ပန်းကေသီကို ချော့မော့ကာ ပြန်ခဲ့လေသည်။ ထိုအချိန်မှစ၍ ဒီဗွ တစ်ယောက်မှာ ဆူးရစ်ချောင်းကျေးရွာသို့ သိပ်မလာတော့ပဲ တောထဲ၌သာ အနေများခဲ့သည်။ ထိုသို့ဖြင့် မကြာမီ ရှင်း၏ဖခင်ကြီး ရှိပန်းမောင် သေဆုံးသွားသည့်အတွက် ဒီဗွ တစ်ယောက် ဤရွာမှ ပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။

ဒီဗွ မှာ ဖခင်ကြီး သေဆုံးသွားသဖြင့် တစ်ယောက်တည်း အထီးကျန်စွာ နေခဲ့ရသည်။ ပန်းကေသီကို အလွန်အမင်းချစ်သလောက် ကိုယ်ထိလက်ရောက် စော်ကားသွားသည့် အဖြစ်





အပျက်ကိုတွေးရင်း စိတ်နာမိသည်။ ထို့ကြောင့် ထိုတောကြီးအတွင်း နေထိုင်လှည့်လည်ကျက်စားရင်း တောပျော်ကြီးအဖြစ် နေထိုင်ခဲ့သည်။

တောကြီးအတွင်းမှ အမဲလိုက်၍ရသည့် သားကောင်များကို အခြားရွာများသို့ လှည့်လည်ရောင်းချကာ တစ်ဝမ်းတစ်ခါး ရှာဖွေစားသောက်ခဲ့သည်။ ထိုသို့ အခြားရွာသို့ အမဲများ သွားရောင်းစဉ် သတင်းတစ်ခု ကြားသိခဲ့ရသည်။

"ရမ္မာနာရုမြို့စားမင်းက ရန်ကုန်ဘုရား လာဖူးရင်းနဲ့ ပန်းကေသီကိုမြင်ပြီး ချစ်ကြိုက်သွားလို့. . . လာပြီးတောင်းရမ်းတဲ့"

ဤသတင်းကိုကြားရသောအခါ ဒီဗွ ၏ရင်တစ်ခုလုံး မှောက်ထိုးမှောက်လန် ဖြစ်သွားသလို ခံစားရသည်။ ရည်းစား ဖြစ်ခဲ့သော်လည်း ဒီဗွ အင်မတန်ချစ်သည့် ပန်းကေသီ လက်ဆုံတော့မည်ဟူသောသတင်းမှာ မိုးကြိုးသွားအလား ပြင်းထန်စွာ ခံစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကေသီ. . . ပန်းကေသီ. . . မင်းကို ငါ အရမ်းချစ်တယ်. . . မင်းကိုမရရင် ငါ ရူးရချည်ရဲ့"

"မင်းကတော့ မြို့စားကတော်ဖြစ်တော့မှာမို့ ပျော်နေမှာပေါ့. . . ငါကတော့ အရူးတစ်ပိုင်း ဖြစ်နေပြီ"

တောတွင်းတစ်နေရာမှ ပန်းကေသီကို တမ်းတကာ အသည်းကွဲခဲ့သည့် ဒိဗ္ဗ ၏အဖြစ်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိချေ။

မကြာမီ ရမ္မာနာရမြို့စားလေး သီဟနန္ဒသူနှင့် ပန်းကေသီတို့၏မင်္ဂလာပွဲကြီးကို ရမ္မာနာရမြို့တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့လေသည်။

ထိုသတင်းကိုကြားကတည်းက ဒိဗ္ဗ မှာ အလုပ်လုပ်ချင်သည့်စိတ် မရှိတော့ပဲ တငေးငေး တမှိုင်မှိုင်နှင့် တွေဝေကာ အခြားရွာများသို့ပင် အမဲလိုက်မရောင်းတော့ပဲ မိမိစားဖို့လောက်သာ ရှာခဲ့သည်။

ထိုသို့ဖြင့် ခြောက်လခန့်အကြာတွင်. . .။

အိုးယွန်းယှဉ်စာပေ



တောတွင်း၌ လှည့်လည်ကာ သွားနေခိုက် ချေအုပ်တစ်အုပ်နှင့် တွေ့ခဲ့သည်။

"အင်း. . . ဘာပဲဖြစ်ဖြစ် ချေတစ်ကောင်လောက်တော့ ရအောင်ပစ်မှပဲ"

စိတ်မပါသော်လည်း မိမိစားဖို့ ရှာရပေမည်။

"ချေတစ်ကောင်လောက်ရထားရင် မီးကင်ထားလိုက်မယ်. . . အနည်းဆုံး တစ်ပတ်စာလောက်တော့ ဖူလုံလောက်ပါရဲ့"

သည်အတွေးနှင့် ချေအုပ်နောက်သို့ လိုက်ခဲ့သည်။ ချေအုပ်ထဲမှ ဆူဖြိုးသော ချေတစ်ကောင်ကို ဒိဗ္ဗ မျက်စေ့ကျခဲ့သည်။ ထိုချေကလည်း အုပ်စုအပြင်ဘက်သို့ ထွက်လာသဖြင့်. . .။

"အတော်ပဲ. . . ဒီချေကိုပစ်မှ"

ဒိဗ္ဗ သည် ထိုချေကို အသေအချာချိန်ပြီး ပစ်လိုက်သည်။

"ဒုတ်"

ချေ၏ဝဲဘက်လက်ပြင်ကို လျှပ်ပြီးထိမှန်သွားသည်။

အိုးယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"တောက်. . . နာတာပဲ. . . ချက်ကောင်းမထိဘူး"

ချေမှာ ချက်ကောင်းမထိသည့်အတွက် လန့်၍ပြေးလေသည်။

"အို. . . ဒီကောင်တော့ အလွတ်မခံနိုင်ဘူး. . . ဒီချေနောက် ရအောင်လိုက်မှ"

ဒီဗ္ဗ သည် ချေကိုအလွတ်မခံပဲ ၎င်းနောက်သို့ အပြေးလိုက်ခဲ့သည်။ ချေကား တောနက်ထဲသို့ ဝင်၍ပြေးလေသည်။ ဒီဗ္ဗ ကလည်း အပြေးမြန်သူဖြစ်၍ တောက်လျှောက်လိုက်ခဲ့သည်။

တစ်နေရာသို့အရောက်တွင် သစ်ပင်ချုံနွယ်များနှင့် ဖိတ်ဖုံးနေသော ဂူပေါက်ဝအတွင်းသို့ ချေက ပြေးဝင်သွားခဲ့သည်။

"ချေက ဂူထဲဝင်သွားပြီ. . . ငါလိုက်သင့်ရဲ့လား"

တချို့ဂူအတွင်း၌ အဆိပ်ရှိသော မြွေကြီးများ ကိန်းအောင်းနေတတ်သဖြင့် ဒီဗ္ဗ ချင့်ချိန်ကာ တွေးလိုက်သည်။

ထို့နောက် သစ်ကိုင်းတစ်ကိုင်းကိုချိုး၍ ဂူဝမှ တဖြန်းဖြန်းနှင့်ရိုက်လိုက်သည်။ အတန်ငယ် စောင့်ကြည့်သည့်တိုင် မည်သို့မျှ အသံမကြားရသဖြင့် ဂူထဲသို့ ဝင်ကြည့်ခဲ့သည်။

ဂူကြီးမှာ အပေါ်တွင်တစ်ထပ် အောက်တွင်တစ်ထပ်ရှိသော နှစ်ထပ်အိမ်ဂူ အမျိုးအစားဖြစ်သည်။

"ဂူက အပေါ်မှာတစ်ထပ်. . . အောက်မှာတစ်ထပ်ပါလား"

ဂူကြီးအတွင်း လှည့်လည်ကြည့်လိုက်သောအခါ ဂူ၏အောက်ခြေတွင် အပြင်သို့ထွက်သည့် ဂူပေါက်ကလေးတစ်ပေါက်ကို တွေ့ရှိရသည်။ သို့သော်. . . ချေကောင်ကိုမမြင်ရပေ။

"ချေကတော့ ဒီဂူပေါက်ကထွက်သွားပြီလားမသိဘူး. . . ဂူထဲမှာ ဘာကောင်မှမတွေ့ရဘူး"

ထိုစဉ် တစ်နေရာ၌ ကျောက်ကုတင်ကဲ့သို့သော ခပ်မြင့်မြင့်အရာဝတ္ထုတစ်ခုကို တွေ့လိုက်ရသည်။ ထိုကုတင်ပေါ်တွင်

ဟောင်းနွမ်းဆွေးမြေ့နေသော အညိုရောင်သက်နုံးကဲ့သို့သော ဝတ်ရုံနှင့် ရစ်ပတ်ထားသည့် အရိုးစုကြီးတစ်ခုကို တွေ့လိုက်ရသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အရိုးစုကြီးတစ်ခုပါလား"

ဒီဗွ က အံ့သြစွာကြည့်လိုက်သည်။

"ရသေ့တစ်ပါးပါးရဲ့ အရိုးစု ဖြစ်ပုံရတယ်"

"ဘယ်တုန်းကများ သေသွားသလဲ မသိဘူး. . . အန်

တောင်ကျနေပြီ"

"ဘာပဲဖြစ်ဖြစ်. . . လူမသိ သူမသိ သေနေတာနဲ့တူ

တယ်. . . ဒီတော့ ဒီအလောင်းကို ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်

ပေးမှပဲ"

BURMESE CLASSIC .com

ဒီဗွ က စိတ်ကြမ်း လူကြမ်းဖြစ်သော်လည်း လူသားချင်း

စာနာထောက်ထားသောစိတ်ဖြင့် ဂူအပြင်တစ်နေရာ၌ တွင်းတူး

ကာ ကောင်းစွာမြှုပ်နှံကာ သင်္ဂြိုဟ်ပေးလိုက်သည်။

"ကဲ. . . ရသေ့ကြီးခင်ဗျား. . . ကျွန်ုပ်က ကောင်းစွာ

မြေမြှုပ်ပေးလိုက်ပါပြီ. . . ကောင်းကောင်းမွန်မွန် နေရစ်ပါတော့"

ထိုသို့ပြောဆိုပြီး ကျောက်ဂူသို့ပြန်လာခဲ့သည်။

ဒီဗွ မှာ နဂိုကပင် စိတ်မချမ်းမသာဖြစ်နေသူပီပီ. . .





"ချေလည်းမတွေ့တဲ့အတူတူ မထူးတော့ပါဘူး. . . ချေ

နောက်လည်းမလိုက်တော့ဘူး. . . ဒီညအဖို့တော့ ဒီဂူထဲမှာပဲ

တစ်ညအိပ်လိုက်တော့မယ်"

ထိုသို့သောစိတ်ကူးဖြင့် ကျောက်ကုတင်ပေါ်တွင် ရှိနေ

သော အညစ်အကြေး ဖုန်မှုန့်များကို ဖယ်ရှားသန့်စင်ပေးခဲ့သည်။

ညအချိန်သို့ရောက်သောအခါ ၎င်းတွင်ပါလာသည့်

သွယ်အိတ်ကလေးကို ခေါင်းအုံးကာ အိပ်လိုက်သည်။

ညဉ့်သန်းခေါင်ကျော်အချိန်တွင် ဒီဗွ အိပ်မက်တစ်ခုမက်

ခဲ့သည်။ အိပ်မက်ထဲတွင်. . .။

ကောင်းကင်မှရသေ့တစ်ပါး ပျံကြွလာပြီး ကျောက်ဂူအဝ

သို့ အရောက်တွင် ကောင်းကင်မှ အောက်သို့ဆင်းလိုက်သည်။

ထို့နောက် ရသေ့ကြီးသည် ကျောက်ဂူဝ၌ ရပ်လိုက်သည်။

ရသေ့ကြီး၏မျက်နှာမှာ တည်ကြည်စွာဖြင့် ခေါင်းငြိမ့်

ပြီး. . .။

"ဒကာဟာ. . . ဒီဂူကို မျက်စေ့လည်လမ်းမှားပြီး ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသူမဟုတ်လော"

"ဟုတ်ပါသည်. . . အရှင်ကမည်သူနည်း"

"ငါကား. . . ဒီကျောက်ဂူ၌နေသော ရသေ့ကြီးဖြစ်သည် ငါသည် ခန္ဓာဟောင်းကို စွန့်ပစ်ခဲ့သည်။ ခန္ဓာဟောင်း ရှိနေသေ သည့်အတွက် ငါသွားလို့ရှာ မသွားနိုင်ပေ။ ယခုအခါ အသင် ဒကာသည် ငါ့၏အလောင်းကို ကောင်းစွာသဂြိုဟ်ပေးခဲ့သည် အတွက် ယခု ငါလိုရာသို့ သွားနိုင်ပေတော့မည်။ သင်သည် ကား ငါ၏ကျေးဇူးရှင်ပေတည်း"

"ကျွန်ုပ်ဟာ သည်မျှလုပ်ပေးရသည့်အတွက် တာဝ မကြီးပါ. . . သည်မျှနှင့် ကျေးဇူးမတင်ထိုက်ပါ"

"အသင့်အတွက်မှာ အသေးအဖွဲ့ကိစ္စဖြစ်ဘိ၏။ သို သော် ငါ့အတွက်ကား လွန်စွာ အကျိုးထူးခဲ့ပြီ။ သို့အတွက် ဒ ကာအား အကျိုးထူးတစ်ခုကိုပေးအံ့"

"ကျေးဇူးတင်ပါသည် အရှင်"

"ဒကာအား တစ်ခုမှာမည်။ မိုးကြီးလေကြီး တိုက်သေ





ဒကာမကြောက်ပါနှင့်. . . ကျောက်ဂူထဲကလည်း မထွက်ပါနှင့်၊ ကံကောင်းခြင်းများသည် ကောင်းမှုပြုသူအတွက် ခံစားစေအံ့။ သို့သော် ဖြူစင်သောစိတ်သည် သင့်အတွက် ထာဝစဉ် အကျိုး ထူးကို ခံစားရမည်ဖြစ်သော်လည်း ညစ်နွမ်းသောစိတ်သည် ဒကာ ၏ ကြမ္မာဆိုးကို ယူဆောင်လာလိမ့်မည်"

"မှန်ပါဘုရား"

ရသေ့ကြီးမိန့်သည့်စကားကို အပြည့်အစုံ နား ခဲ့ပေ။ စိတ်ထားကောင်းလျှင် ဘဝခရီးကား ကောင်းမွန်ပေမည်။ စိတ်ထားမကောင်းလျှင် ဘဝခရီးကားမကောင်း ဟူ၍ ပြောသည် ဟုသာ မှတ်သားလိုက်ပါတော့သည်။

ထို့နောက် ရသေ့ကြီးသည် စိတ်ချသွားသည့်အလား ရယ်နေသော ဂူပေါက်ဝမှ ရှာန်ခရီးဖြင့် ကောင်းကင်သို့ ပျံတက် သွားလေသည်။ ထို့နောက် ဒိဗ္ဗ လည်း အိပ်ရာမှ လန့်နိုးခဲ့သည်။

"အိပ်မက်က ထူးဆန်းလိုက်တာ. . . ငါတော့ ဘာတွေ နဲ့များ ရင်ဆိုင်တွေ့မလဲ. . . မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးတောရင်း မိုးစင်စင်လင်းခဲ့သည်။

နံနက်မိုးလင်းသော်. . .။

ရာသီဥတုကား သာယာနေသည်။ နေရောင်ခြည်က ထိုဂူကြီးပေါ်သို့ ဖြာထွက်ကျနေသည်။ ဒိဗ္ဗ သည် ဂူကြီးအပြင်သို့ ထွက်ကာ လမ်းလျှောက်ရင်း ညကမက်သည့် အိပ်မက်အကြောင်း အကာသ ဦးကာ ပြုံးမိသည်။

အတွက် "ငါလောက်ကံဆိုးတဲ့လူက ဘာအကျိုးထူးရမှာမို့လဲ. . . နေ့ခင်းက ရသေ့အလောင်းကြီးကို မြေမြှုပ်မိတာကို စိတ်စွဲပြီး အိပ်မက်,မက်တာနဲ့တူပါတယ်. . . အခုအထိတော့ ရာသီဥတုက ကောင်းနေတယ်"

ထိုသို့စဉ်းစားနေစဉ်. . .။

တောင်ဘက်မှာ လေခပ်ပြင်းပြင်း တိုက်ခတ်လာသည့် အတွက် သစ်ရွက်ခြောက်များ လွင့်လာခဲ့ပါသည်။ တဖြည်းဖြည်း မိုးကောင်းကင်တောင်ဘက်မှာ ညှိုမည်းလာသည်။

"ဟာ. . . မိုးတွေမည်းလာပြီ. . . ဂူကြီးထဲဝင်နေမှပဲ"





ဒိဗ္ဗ သည် မိုးတောင်က ညှို့လာပြီဖြစ်၍ ဂူကြီးထဲသို့ ဝင်လာခဲ့သည်။ သူထင်သည့်အတိုင်းပင် မကြာမီ မိုးကြီးလေကြီး ပြင်းထန်စွာ ရွာသွန်းပါတော့သည်။ လျှပ်ပန်းလျှပ်နွယ်များ ကလည်း တလက်လက်ဖြာထွက်ကာ. . .။

"ဂိုမ်း. . . တလိမ်း. . . လိမ်း. . . ဂိုမ်း" ဟူ၍ ဂူကြီး၏ အနောက်ဘက်သို့ မိုးကြိုးပစ်လိုက်ရာ နားကွဲလုခမန်း ဖြစ်သွားခဲ့ပါတော့သည်။

"အမလေး. . . ဘုရား. . . ဘုရား"

မိုးကြိုးပစ်သည့်အရှိန်ကြောင့် ဒိဗ္ဗ မှာ ယောင်ရမ်းကာ ဘုရားတ,ခဲ့မိပါသည်။ ခဏအကြာတွင် မိုးကြိုးပစ်လိုက်သည့် ဂူ၏ အနောက်နံရံနေရာမှ အက်ကြောင်းများပေါ်လာပြီး. . .။

"ဟာ. . . ကျောက်သေတ္တာလေးတစ်လုံးပါလား"

တစ်ပေအရွယ်အစားခန့်ရှိသော ကျောက်သေတ္တာတစ် လုံး ပေါ်ထွက်လာခဲ့သည်။ ဒိဗ္ဗ မှာ ကျောက်သေတ္တာလေးကိုတွေ့ သည်နှင့် သေချာစွာ ကိုင်ကြည့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုသေတ္တာလေးမှာ ကနုတ်ပန်းထွင်းကုသားပြီး လက်ရာမှာ သေသပ်လှပေသည်။ သေတ္တာလေးကိုကြည့်ရုံနှင့် ထိုအထဲတွင် ထူးခြားသည့် အရာတစ်ခုခု ရှိမည်ဆိုသည်ကို စိတ်ထဲက သိနေသည်။

ထို့ကြောင့် သေတ္တာလေးကို အမြန်ဆုံးဖွင့်ကြည့်သည်။ သို့သော် လွန်စွာ လေလုံနေသည့် ပစ္စည်းကို ဖွင့်ရခက်သည့်နှယ် နည်းနည်းမျှပင် မရွေ့ချေ။

"တစ်ခုခုနဲ့ သော့ခတ်ထားသလိုပဲ. . . သော့လည်းမတွေ့ရပါလား"

မည်သို့မျှ ဖွင့်မရသည့်အတွက် သေတ္တာလေးကို လှည့်ပတ်ကြည့်လိုက်သည်။ အထက်အောက် လှန်လှောကြည့်လိုက်သည်။

ခက်သည်က မည်သို့သော နေရာမျှမတွေ့။ မည်သည့်ပတ္တာနေရာမျှ မတွေ့ချေ. . .။

"အင်း. . . အထဲမှာ ဘာပါသလဲဆိုတာ သိချင်ကာမှ ဖွင့်လို့မရဘူး"





"ဒီလောက်တောင်ဖြစ်လှနေတာ"

မည်သို့မျှ ဖွင့်မရသည့်အဆုံးတွင် ကျောက်သေတ္တာကလေးကို ကျောက်ကုတင်၏ ခေါင်းရင်းသို့တင်ထားလိုက်သည်။

ထိုစဉ် လိပ်ပြာတစ်ကောင်သည် ကျောက်ဂူအတွင်းသို့ ပျံဝဲလာပြီး ဟိုမှသည်မှပျံသန်းကာ ကျောက်ကုတင်ပေါ်သို့ ပထမဦးစွာ နားလိုက်သည်။

ဒိမ္မသည် ကျောက်ဂူအတွင်းသို့ဝင်လာသည့် လိပ်ပြာငယ်၏ လှုပ်ရှားမှုကို အံ့သြစွာကြည့်နေစဉ် လိပ်ပြာကလေးမှာ ကျောက်သေတ္တာလေးတွင်ရှိသော ကနုတ်ပန်းတစ်ပွင့်ဆီသို့နားပါလိုက်သည်။

ထို့နောက် ဒုတိယကနုတ်ပန်းဆီသို့ နားသည်။ တအကြာတွင် တတိယကနုတ်ပန်းနှင့် စတုတ္ထကနုတ်ပန်းအပေါ်၌ နားသည်။ ထို့နောက် လိပ်ပြာကလေးမှာ ဂူပေါက်၏အပြင်ဝသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

"လိပ်ပြာကလည်း ထူးထူးဆန်းဆန်း ဒီကျောက်သေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြီး "ကျောက်သေတ္တာမှာ လာနားတယ်"

ဒိဗ္ဗ သည် လိပ်ပြာ၏ ထူးခြားသောအကြောင်းကို စဉ်းစားမိသည်။ ထို့နောက် ကျောက်သေတ္တာကနုပ်ပန်းလေးပွင့်ပေါ်သို့ တစ်ပွင့်စီနားသည့် ဖြစ်ရပ်ကိုပါ တွေးတောရင်း ၎င်း၏စိတ်၌ အသိဉာဏ်တစ်ခု ဝင်းလက်သွားခဲ့သည်။

"ဒီလိပ်ပြာကလေး နားတဲ့နေရာတွေက ကျောက်သေတ္တာရဲ့ လျှို့ဝှက်ချက်နဲ့များ ဆက်စပ်နေမလား"

"ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လိပ်ပြာနားကနုပ်ပန်းနေရာကလေးကို နှိပ်ကြည့်ဦးမှပဲ"

ဤသို့သောစိတ်ကူးဖြင့် ကျောက်သေတ္တာ၏ ပထမဦးဆုံးသော ကနုပ်ပန်းကို စတင်နှိပ်လိုက်ရာ...။

"ဟာ... ကနုပ်ပန်းကလေး လည်သွားပြီ"

ပထမကနုပ်ပန်းကလေးမှာ လည်သွားပြီး ခွေသွားစိတ်သဖွယ် ဒုတိယကနုပ်ပန်းတွင် တွေ့ဆိုင်နေသည်။

"ဒုတိယ ကနုပ်ပန်းကို နှိပ်ကြည့်ဦးမှပဲ"





ဒိဗ္ဗ က ဒုတိယကနုပ်ပန်းအား နှိပ်လိုက်ရာ ပထမနှင့် ဒုတိယကနုပ်ပန်းမှာ 'တတိယ ကနုပ်ပန်းအား တွေ့ဆိုင်နေသည်။

"အင်း... ဒီကျောက်သေတ္တာကို ကနုပ်ပန်းသော့ချက်နဲ့ ပိတ်ထားတာကိုး"

ဒိဗ္ဗ သဘောပေါက်သွားခဲ့ပြီ။

ထို့ကြောင့် တတိယကနုပ်ပန်းကို နှိပ်လိုက်ရာ စတုတ္ထကနုပ်နှင့်တွေ့ဆိုင်ပြီး

"ထပ်"

ဆိုသည့် အသံနှင့်အတူ ကျောက်သေတ္တာပွင့်သွားပါတော့သည်။

"ကျောက်သေတ္တာပွင့်သွားပြီ"

ကျောက်သေတ္တာအတွင်းသို့ ကြည့်လိုက်သောအခါ အနီရောင်ကတ္တီပါအိတ်ဖြင့် ထည့်ထားသည့် ကြေးနီပုရပိုက်ကြီးကို တွေ့ရှိရသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ )

## "စိတြနာရဒ နာနာရုပ်ကျမ်း"

"စိတြ-နာရဒ နာနာရုပ်ကျမ်းကြီး"

အနီရောင် ကတ္တီပါအိတ်စွပ်ကို ဖယ်လိုက်သောအခါ ကြေးနီပြားများပေါ်တွင် ရေးထိုးထားသည့် စာတန်းကြီးမှာ. . .။

"စိတြ-နာရဒ နာနာရုပ်ကျမ်းကြီး"

ဟူ၍ ဖြစ်ပါသည်။

"စိတြ-နာရဒ နာနာရုပ်ကျမ်း ဆိုပါလား။ စိတ်ဝင်စားစရာပဲ၊ ဖတ်ကြည့်ဦးမှ"

ဒီပ္ပ သည် ထိုကျမ်းကြီးကိုတွေ့သောအခါ စိတ်ဝင်စားရုံမျှမက လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဒုတိယမြောက် ကြေး





ပြားချပ်ကို လှည့်ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

"ဖေယျတုသဗ္ဗ မင်္ဂလံ"

ဤကျမ်းကြီးကို ဖတ်ရှုရသူသည် ရှေးဘဝအဆက်ဆက်က ဂန္ဓာရီပညာရပ်များ ဂမ္ဘီရပညာရပ်များနှင့် အထုံရေစက် ပါရမီပါလာသူများ ဖြစ်ပေလိမ့်မည်။ ယခုဘဝတွင်လည်း ပါရမီအထုံရေစက် ဆက်လက်တိုးပွားလေ့လာဆည်းပူးနိုင်ရန်အတွက် ဤကျမ်းကြီးကို ရေးသားခဲ့ခြင်းဖြစ်ပေသည်။

ဤကျမ်း၏မူလကား ရှင်ငယ်စိတြနှင့် ရှင်ငယ်နာရဒတို့အား ခြိတ်ချောင်းနတ်ဘီလူးကြီးမှ သင်ကြားပေးသော မန္တာန်များပင် ဖြစ်ပေသည်။ လောင်းကြက်မြို့မှ ရှင်ငယ်နှစ်ပါး ထားရစ်ခဲ့သော မန္တာန်များကိုစုစည်း၍ ဂမ္ဘီရကျမ်းစာသိုက်တွင် တစ်ခုအပါအဝင်ဖြစ်သော "နာနာရုပ်ကျမ်း"ကို ကျွန်ုပ် ရှင်ရသေ့ကြီး "ဘရဂုဏ"မှ ပြုစုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

☛ စာမူကိစ္စများနှင့်ပတ်သက်၍ ဝေဖန်အကြံပြုလိုလျှင် –

ကိုယွန်းယှဉ် စာပေတိုက်

အမှတ်(၅၈)၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊

ရန်ကုန်မြို့။ ☎ : 09 51 66140



ဤကျမ်းတွင်ပါရှိသည့်အတိုင်း ကျင့်ကြံပါက မိမိ၏ဘဝ
တွင် အကျိုးထူးများကို ခံစားရပေမည်။ လွဲမှားသော မကောင်းမှု
တွင် အသုံးချပါက ဒုက္ခနှင့်ရင်ဆိုင်တွေ့ပေမည်။

ကျွန်ုပ်ရသေ့ကြီး ပရဂုဏာ၌ တပည့်သုံးဦးရှိသည်။ ၎င်းတို့
သုံးဦးမှာ မင်းညီမင်းသားများဖြစ်ပြီး တအူတုံဆင်း ညီရင်းအစ်ကို
ရင်းများ ဖြစ်ကြသည်။ တပည့်အကြီးဆုံးမှာ သူရနန္ဒမင်းသားခေါ်
အစ်ကိုကြီးဖြစ်ပြီး သာရနန္ဒနှင့် အဂ္ဂနန္ဒတို့မှာ ညီလတ်၊ညီငယ်

ကိုယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အသီးသီးဖြစ်ကြသည်။

တပည့်ကြီးသူရနန္ဒမှာ စိတ်သဘောထားကောင်းမွန်သ

ဖြစ်ပြီး သမထစခန်းကို ပေါက်မြောက်အောင် ကျင့်ကြံလိုသည်

ဆန္ဒရှိသဖြင့် ရသေ့အသွင်ဖြင့်ပြောင်းကာ ရှင်နန္ဒဘွဲ့အမည်နှင့် ဤ

ကျောက်ဂူတွင် နေထိုင်ခဲ့သည်။

၎င်းနောက် တပည့်နှစ်ဦးဖြစ်သည့် သာရနန္ဒနှင့် အဂ္ဂနန္

တို့ကား လောကီရေးရာ အတတ်ပညာများကိုသာ တတ်ကျွမ်းလ

သည့်အတွက် ၎င်းတို့နှစ်ဦးအား ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာ

ကိုသာ သင်ပေးခဲ့သည်။

သာရနန္ဒကား ကြမ်းတမ်းပြီး အနိုင်ယူလိုစိတ်ကြီးမားသူ

ဖြစ်၍ ကျားအဖြစ်သို့ ရုပ်ပြောင်းနိုင်သည့် ရုပ်ပြောင်းရုပ်လွှဲပညာ

ကို သင်ကြားပေးလိုက်သည်။ ၎င်းသည် ထမံသီအရပ်သို့သွားကာ

ဆရာကြီးဘွဲ့ခံ၍ နေထိုင်ခဲ့သည်။

အဂ္ဂနန္ဒမှာကား ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းနောင်

အရပ်တွင် နေထိုင်ကာ





ပညာကိုသုံး၍ ဆရာကြီးဘွဲ့ကို ခံယူခဲ့သည်။

ရသေ့ရှင်နန္ဒအား ကျွန်ုပ်တတ်ကျွမ်းသည့် နာနာရုပ်

ပညာရပ်အားလုံးကို သင်ကြားပေးခဲ့သည်။ ထို့နောက် ကျွန်ုပ်သည်

ဤဂူကြီး၌ ရှင်နန္ဒအား သေတပန်သက်တဆုံးနေထိုင်ရန် မှာကြား

ပြီး မစ္ဆိမအရပ်သို့ ထွက်ခွာသွားခဲ့သည်။

ဤနေရာတွင် ဒိမ္ဗ မှာ စာဖတ်ခြင်းကို ရပ်လိုက်သည်။

"ဪ. . . အရိုးကျနေတဲ့ ရသေ့ကြီးဟာ ရှင်နန္ဒပဲဖြစ်

လိမ့်မယ်. . . ငါဟာ သူ့အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်

ပေးလို့ ငါ့ကိုဒီလို အဖိုးမဖြတ်နိုင်တဲ့ ဒီပညာပေးတာဖြစ်မယ်၊

ဆက်ဖတ်ကြည့်ဦးမှပဲ"

ထိုအတတ်ပညာများနှင့် မန္တန်များကား. . . .

ဤသို့ဖြစ်၏။ ထိုသို့ဖြင့် ကြေးနီချပ်တိုင်းတွင် အတတ်

ပညာနှင့် တွဲဖက်ပြီး ရွတ်ဖတ်ရမည့်မန္တန်များကို ရေးသားထားခဲ့

သည်။

ဒိမ္ဗ မှာ ထိုအတတ်ပညာကို လွန်စွာစိတ်ဝင်စားသည်



www.burmeseclassic.com

www.burmeseclassic.com



အလျှောက် မန္တန်များကို နေ့စဉ်ကျက်မှတ်ခဲ့ပါသည်။

ဒီဗ္ဗ မှာ ဉာဏ်ပညာနည်းပါးသူဖြစ်၍ တော်တော်နှင့်မ နိုင်ပေ။ တစ်ချို့မန္တန်များမှာ ခက်ခဲလှသဖြင့် တစ်လခန့်ကျက် မှတ်ရသည်လည်း ရှိသည်။

တစ်ချို့မန္တန်များမှာ တစ်ပတ်ခန့် ကျက်မှတ်ရုံနှင့်ရသည် ထို့သို့ဖြင့် မန္တန်များကိုကျက်မှတ်ခဲ့ရာ တစ်နှစ်ကျော်ခန့်အချိန် တွင် အားလုံးသောမန္တန်များကို ကျက်နိုင်ခဲ့လေသည်။

ပထမတွင် မန္တန်ရွတ်သော်လည်း ဒှာန်ကတိုင်းမကျ အရာမထင်ခဲ့ပေ။ လေ့လာရင်းကျက်မှတ်၊ ကျက်မှတ်ရင်းလေ့လာ ပြုခဲ့ရာ နှစ်နှစ်ခန့်အချိန်တွင် ဤပညာကို အတော်အတန်တတ် ကျွမ်းခဲ့သည်။

၎င်းသည် နဂိုကပင် ဤတောထဲမှ မထွက်လိုသည့်အ တွက် ဂူအောင်းကာ နေထိုင်ခဲ့သည်။

ပထမဦးစွာ ဂူရှေ့တွင်ဖြတ်သွားသော ယုန်ငယ်ကလေး များကို စမ်းသပ်ခံ သားကောင်အဖြစ် စမ်းကြည့်ခဲ့သည်။





သူသည် လေးဘက်တွားပြီး ရှေ့လက်နှစ်ဖက် နှင့်ယက်လိုက်ပြီး နောက်ခြေထောက်အစုံက အားဖြင့်ကန်လိုက်ကာ ရှေ့မှပြေးနေသော ယုန်ဆီသို့ တဟုန်ထိုးရောက်သွားပါတော့သည်။

သူ၏လက်နှစ်ဖက်ဖြင့် ယုန်ကို ခုန်အုပ်လိုက်သည်။ ပြီးတော့ ပါးစပ်နှင့်ကိုက်ချီကာ ဂူထဲသို့ ယူဆောင်လာခဲ့သည်။ ပြီးနောက် ယုန်ကိုအရေဆုတ်၍ မီးကင်စားလိုက်သည်။ သူ၏ တစ်ဝမ်းတစ်ခါးကား လွယ်ကူစွာ ရှာစားနိုင်ခဲ့ပြီ။

ကြာလာသောအခါ မီးကင်နေသည်မှာ အလုပ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



သည့်ဟု ထင်မြင်လာသည်။ ထို့ကြောင့် ဖမ်းမိသည့်သားကော
များကို အစိမ်းစားသည့်ဘဝသို့ ရောက်လာသည်။

ဆံပင်များ၊ နှုတ်ခမ်းမွေးများ၊ မုတ်ဆိတ်များကို မရိ
သည့်အတွက် သူ၏မျက်နှာမှာ အမွေးအမျှင်များနှင့် ဖုံးအုပ်
သည်။ အဝတ်အစားများမှာ စုတ်ပြဲကုန်သဖြင့် ဖမ်းမိသည်
သားကောင်အရေများကို ဝတ်ဆင်ခဲ့သည်။

ဒိဗ္ဗ ကား တဖြည်းဖြည်း ဘဝပြောင်းလဲခဲ့လေပြီ. . .

ထိုတောတွင်းသို့ လာရောက်သည့် မုဆိုးများ၊ ပန်းရ
ထွက်သူများ၊ မှိုချိုးမျှစ်ချိုးသူများ၊ ဆေးမြစ်ရှာသူများနှင့် ဒိဗ္ဗ မှ
တစ်ခါတစ်ရံဆုံတွေ့ရာ. . .။

"အမလေး. . . မည်းမည်းကောင်ကြီး"

ဟုဆိုကာ ကြောက်လန့်တကြား ထွက်ပြေးခဲ့ကြသည်
သူ၏ပုံသဏ္ဌာန်မှာ ကြမ်းတမ်းပြီး အမွေးအမျှင်များကြောင့်သူ့ကို
ကြောက်ရွံ့ခဲ့ကြသည်။

ဒိဗ္ဗ ကား နဂိုက အနိမ်ခံခဲ့ရသည့် ဘဝမျိုးနှင့်နေလာသ





ဖြစ်၍ ၎င်းကိုကြောက်ရွံ့ထွက်ပြေးသည်ကို ဂုဏ်ယူကာ ဝမ်းသာ
ပဆုံးရှိနေခဲ့သည်။

"ဟား. . . ဟား. . . ဟား ငါ့ကို မုဆိုးသားဆိုပြီး လူရာ
မသွင်း၊ အရေးမလုပ်တဲ့ကောင်တွေ၊ ငါ့ရုပ်ကိုမြင်တာနဲ့ ကြောက်
လန့်နေကြပြီ. . . ဒါတောင်ငါ့ရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာကို
ထုတ်မသုံးသေးဘူး။ ဒီပညာကို ထုတ်သုံးလိုက်လို့ကတော့ ဒင်းတို့
ဘယ်လောက်တောင် ဖိန့်ဖိန့်တုန်မလဲ မဆိုနိုင်ဘူး။ ဟား. . .
ဟား. . . ဟား"

တစ်ကိုယ်တည်း သဘောကျကာရယ်မောနေခဲ့သည်။

သည်လိုနှင့်ပင် ထိုတောအုပ်ကြီးနှင့် မည်းမည်းကောင်
ကြီးအကြောင်းမှာ တစ်နေ့တစ်ခြား လူသိများလာခဲ့သည်။ တစ်ချို့
ကလည်း မျက်စိအထင်မှားကာ ပြောခြင်းဖြစ်၍ မည်သည့်အကောင်
မျှ မရှိကြောင်း ပြောဆိုငြင်းခုံနေခဲ့ကြသည်။

ထိုသို့ဖြင့် တရွေ့ရွေ့ အချိန်ကျော်လွန်ခဲ့ရာ နှစ်ပေါင်း
နှစ်ဆယ်ကျော်မျှ ကြာခဲ့လေပြီ။ ဒိဗ္ဗ မှာ ပန်းကေသီအား သူ၏



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦးဟု တစ်ဘက်သတ်ထင်မှတ်ခဲ့သည့်အတွက် အနှစ်နှ ဆယ်ကျော်သည့်တိုင် မမေ့နိုင်ဘဲ သတိရတမ်းတနေဆဲ. . .။

ထိုအတောအတွင်း ပန်းကေသီမှာ မြို့စားကြီးနှင့်ပေါ ဖက်၍ သားကြီးမောင်ရာဟုနှင့် သားငယ်မောင်ကာလု ဟူ သားနှစ်ဦးမွေးဖွားခဲ့သည်။ သားကြီးမောင်ရာဟုမှာ အသက်နှ ဆယ် အရွယ်သို့ပင်ရောက်ခဲ့ပြီး သားငယ်မောင်ကာလုမှာ အသက်တစ်ဆယ့်ရှစ်နှစ်အရွယ် ရောက်ခဲ့လေသည်။

မောင်ရာဟုနှင့် မောင်ကာလုမှာ ဓားရေးလှံရေးမှအ လက်နက်မဲ့၊ ဓ လက်နက်ပါသော ကိုယ်ခံသိုင်းပညာရပ်များ သင်ကြားခဲ့သည်။

သားကြီးမောင်ရာဟုမှာ ဓားခုတ်လှံထိုးပညာ၌ လွန်စွာ ကျွမ်းကျင်လှသဖြင့် ဖခင်ကြီးသီဟနန္ဒသူ သွားလေရာတိုင်းတွ တပ်မှူးလေးအဖြစ် လိုက်ပါခဲ့ရသည်။ မောင်ကာလုမှာ ပညာ သင်ဆဲကာလဖြစ်၍ မိခင်နှင့်အတူ နေခဲ့ရသည်။

ထိုနေ့ကား ပန်းကေသီအတွက် ကြမ္မာဆိုးတိုးဝေ





ဝင်ရောက်ခဲ့လေသလား. . သို့တည်းမဟုတ် ဒိဗ္ဗ အတွက် ကံကြမ္မာ က မျက်နှာသာပေးခဲ့လေသလား. . .။

ကံကြမ္မာမိုးကား အငြိုးနှင့်ရွာခဲ့သော နေ့တစ်နေ့ဖြစ်ခဲ့ သည်။ မြို့စားကြီးသီဟနန္ဒသူနှင့် သားကြီးတပ်မှူးလေး ကိုရာဟု တို့မှာ ကဥ္စပနဒီမြို့စားမင်းထံသွားကာ တိုင်းရေးပြည်ရေးဆွေးနွေး နေသဖြင့် ရှမ္ဗာနာရ၌ မရှိချေ။ ဤတွင် တစ်ဦးတည်းပျင်းရိနေ ခိုက် အဖော်ကောင်းသဖြင့် ပန်းကေသီမှာ ဆူးရစ်လေးကျေးရွာသို့ ရောက်လာခဲ့သည်။

ထိုရွာမှ ပန်းကေသီ၏သူငယ်ချင်းများမှာ နှစ်ပေါင်းနှစ် ဆယ်ကျော် ကွဲကွာနေသည့် ပန်းကေသီအား အားရဝမ်းသာကြို ဆိုခဲ့ကြပါသည်။

“ပန်းကေသီရယ်၊ နှစ်ပေါင်းနှစ်ဆယ်ကျော် ကွဲကွာနေ သမယ့် အရင်ကလို ချောတုန်းလှတုန်းပဲ”

“ချောမှာပေါ့အေ. . . မြို့စားကတော်ဆိုတော့ ဘာမှ သုပ်ရတာမှ မဟုတ်ပဲ၊ ကျော့ကျော့မော့မော့ နေရုံပဲဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘဲဖြစ်ဖြစ် ပန်းကေသီက ချောကလည်းချော၊ ကံကလဲ အရမ်းကောင်း. . . မြို့စားမင်းကလည်း ချစ်မှချစ်ပဲ"

တစ်ယောက်တစ်ပေါက်ပြောရင်း ပျော်ရွှင်နေခဲ့ကြသည်။ ထိုရွာ၌ တစ်ညအိပ်ပြီးနောက်. . .။

နောက်တစ်နေ့နံနက်တွင်. . .။

"ဘုရားမှာပန်းကပ်ဖို့ တောထဲမှာပန်းသွားခူးဦးမယ်။ ပန်းကေသီလိုက်ခဲ့ပါလား"

"တောကအဝေးကြီးပဲ. . ခြေညောင်းမှာ ကြောက်တယ်"

"အမလေး ပန်းကေသီရယ်၊ ညည်းက ဒီရွာသူဖြစ်ပြီး မြို့စားကတော်ဖြစ်မှ ခြေညောင်းသလေးဘာလေးနဲ့"

"လိုက်ခဲ့ပါအေ. . . ညည်း တစ်ယောက်ထဲကျန်ခဲ့တော့ ပျင်းစရာကြီးနေမှာ"

"ဟုတ်ပါတယ် ပန်းကေသီရယ်၊ ညည်း လိုက်ခဲ့ပါအေ"

အားလုံးက ဝိုင်းခေါ်သည့်အတွက် ပန်းကေသီမှာ မငြင်းနိုင်တော့ပဲ. . .။





"ကဲပါအေ. . . ညီးတို့လိုက်စေချင်သပဆိုလည်း လိုက်ခဲ့ပါမယ်"

"ဒါမှ. . . ပန်းကေသီ"

ပန်းကေသီက ၎င်းတို့နှင့်အတူ တောထဲသို့ပန်းခူးလိုက်ညည်ဆိုသဖြင့် သူငယ်ချင်းတစ်စု အားရ ဝမ်းသာသွားခဲ့သည်။

ပန်းကေသီတို့အုပ်စုသည် ရွာအနောက်ပိုင်းမှထွက်ကာ တောအုပ်ဆီသို့ သွားခဲ့ရသည်။ ပန်းကေသီမှာ မသွားသည်မှာ ကြာပြီဖြစ်သည့်အလျှောက် တောအုပ်အဝင်တွင် ခြေထောက်များ ညောင်းညာလာခဲ့သည်။

"မသွားတာကြာလို့လားမသိဘူး၊ ခြေထောက်တွေတောင် ညောင်းလာပြီ"

"ဒါဆို ဒီညောင်ပင်မှာ ခဏနားရအောင်"

တောအုပ်ရှိ ညောင်ပင်ကြီးအောက်၌ထိုင်ရင်း ခေတ္တနားနိုင်းသည်။ ညောင်ပင်အောက်တွင်နားရင်း စကားစမြည် ပြောခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကေသီ. . . နင်မှတ်မိသေးလား"

"ဘာကိုလဲဟင်"

"နင်အပျိုဘဝတုန်းကဒီတောအုပ်ထဲကို ပန်းလာခူးတော့ ဒိဗ္ဗ နဲ့တွေ့တာလေ"

"အေးလေ၊ ဒိဗ္ဗ ကငါ့ကိုရမလားလို့ ပန်းပေးတာ။ ဒါနဲ့ ဒိဗ္ဗ တစ်ယောက်ရော ရှိသေးလား"

"ဒိဗ္ဗ တစ်ယောက်တော့ သေတယ်လို့ မကြားမိဘူး။ ဒါပေမယ့်ပျောက်နေတာ အနှစ်နှစ်ဆယ်လောက်ရှိပြီ"

"ဒါဆို ဘယ်သွားနေလဲ"

"ဒါတော့ ဘယ်သူမှမသိဘူး"

"ကဲ. . . အမောပြေကြပြီလား၊ ပြေပြီဆို တောထဲဝင်ပြီး ပန်းခူးကြစို့"

"အေး. . . အေး"

အချိန်ရှိတုန်း ပန်းခူးရန် ပန်းကေသီတို့တစ်သိုက် တောထဲသို့ ဝင်လာခဲ့သည်။ ဖြစ်ချင်တော့ ဒိဗ္ဗ ကလည်း ဂူပြင်သို့ထွက်





ချိန်နှင့် တိုးခဲ့သည်။

"အလို. . . မိန်းမတစ်သိုက်ရဲ့ အသံပါလား။ ပန်းခူးလာတာနဲ့တူတယ်"

မိန်းမတစ်သိုက်၏ ဆူညံသံကိုကြားသဖြင့် ဒိဗ္ဗ သတိထား လိုက်မိသည်။

"တစ်ချိန်တုန်းက ဒီတောကြီးထဲမှာ ပန်းကေသီကို ပန်း ခူးပေးလိုက်မိလို့ ငါ ပါးရိုက်ခံခဲ့ရတယ်"

ဒိဗ္ဗ က ဤသို့စဉ်းစားရင်း မိန်းမတစ်သိုက်၏ရယ်သံများကို ကြားသဖြင့်. . .။

"ဘယ်သူတွေများ လာပါလိမ့်၊ ချောင်းကြည့်ဦးမှပဲ"

ဤသို့သောအတွေးဖြင့် မိန်းမတစ်သိုက်အား ချောင်း ကြည့်ရာ. . .။

"ဟာ"

ဒိဗ္ဗ မှာ အံ့ဩလွန်း၍. . . အသည်းနှလုံးများ ပြောင်းပြန် ဖြစ်သွားသည့်အလား တုန်တုန်ရီရီဖြစ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်း. . . ပန်းကေသီပါလား"

"နှစ်တွေဒီလောက်ကြာတာတောင် အ ှင်အတိုင်းပဲ လှ ရက်နိုင်လွန်းတယ်"

ထိုသို့ ရေရွတ်ရင်း သူမ၏အလှမျက်နှာကလေးကို ခြောင်းကြည့်ခဲ့သည်။ ဒိဗ္ဗ ရင်တွေ တလှပ်လှပ်ခုန်လာသည်။ သူ၏ အိပ်ပျော်နေသောနှလုံးသားတို့ နိုးကြားလာခဲ့ပြီ။ ပန်းကေ သီကိုတွေ့မှ အပေါင်းများအသစ်ဖြစ်ခဲ့သည်။

"ပန်းကေသီတို့ ပန်းလာခူးတာလား. . . နားထောင် ကြည့်ဦးမှပဲ"

ဒိဗ္ဗ ထပ်မံ ခြောင်းပြီးနားထောင်လိုက်သည်။

"ပန်းကေသီရေ. . . ဒီနားမှာပန်းရှားတယ်၊ ဟိုဘက်နား သွားခူးကြမယ်"

"ကောင်းသားပဲ၊ သွားကြတာပေါ့"

ဒိဗ္ဗ ကောင်းစွာ သဘောပေါက်သွားခဲ့သည်။ ဟိုးအရင် အနှစ်နှစ်ဆယ်ကျော်က အကြောင်းများ တရိပ်ရိပ်ပြန်ပေါ်လာ





သည်။ ဒိဗ္ဗ သည် ယောင်ရမ်းကာ မိမိပါးကို ကိုင်ကြည့်လိုက်သည်။

"သူ. . . တစ်ချိန်တုန်းက ဒီတောထဲမှာ ငါ့ရဲ့ပါးကို ရက်ရက်စက်စက်ရိုက်ခဲ့တာ"

သို့သော်လည်း ပန်းကေသီကိုတွေ့တော့ စိတ်မနာနိုင်ပဲ ချစ်ခြင်းမေတ္တာတို့သာလျှင် စိုးမိုးနေခဲ့သည်။ အနှစ်နှစ်ဆယ်ကျော် ၌ တစ်ခါပြန်တွေ့ခဲ့ရသည့် တစ်ဖက်သတ်ချစ်ရသူ ပန်းကေသီကို ျက်တောင်တစ်ချက် မခတ်နိုင်အောင် ကြည့်နေမိသည်။

သည်တွင် ဒိဗ္ဗ ၏ ဦးနှောက်ထဲတွင် အတွေးတစ်ခု ဝင် ရောက်လာသည်။ ဟိုးယခင်က သစ်ခွပန်းကလေး ပေးခဲ့သလို ခုလည်း ပေးချင်လာမိသည်။

"ငါဟာ သစ်ခွပန်းကလေးတွေကို ပေးလိုက်ရင် တစ်ခါက ဗ္ဗ ဆိုတဲ့လူတစ်ယောက်ကို ပန်းကေသီ သတိရမှာလား"

ထိုအတွေးနှင့် သစ်ခွပန်းကလေးများကိုခူးရန် ကြံရွယ် ိုက်သည်။ သစ်ခွပန်းကလေးများမှာ အလွန်မြင့်သော ပင်ယံ က်တွင် ပွင့်နေကြသည်။ ဟိုးအရင်က သည့်သစ်ခွပန်းကလေး ားကို လိုချင်လွန်းလှသဖြင့် ရင်ဘတ်အပွန်းခံကာ သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုဖက်တက်ပြီး ခူးခဲ့သည်။ ပြီးတော့ ပန်းပေးခဲ့သည့်အဖြစ်ကြောင့် ရက်ရက်စက်စက် ပါးရိုက်ခြင်းခံခဲ့ရသည်။

ဒါပေမယ့် မမှတ်နိုင်ပါ။ အခုလို ပညာတတ်မြောက်သည့်အချိန်တွင် ပင်ယံထက်မှ သစ်ခွပန်းလှလှကလေးများကို အရင်လို ရင်ဘတ်အပွန်းခံဖို့ မလိုတော့ပါ။ အလွယ်တကူ ခူးနိုင်ခဲ့ပြီ. . .။ ဒိဗ္ဗ က သူ့ပညာစွမ်းဖြင့် သစ်ခွပန်းလှလှကလေးများကိုခူးကာ ပန်းကေသီ လာမည့်လမ်းရှိ တောင်ကမူလေးတွင် ချထားခဲ့သည်။

မကြာမီ ပန်းကေသီတို့အုပ်စုသည် တောင်ကမူလေးနား အရောက်တွင် သစ်ခွပန်းမျိုးစုံကို တွေ့လိုက်ရသည်။

"ဟယ်. . . သစ်ခွပန်းတွေတော့"

"ဟုတ်ပါ့. . . လှလိုက်တဲ့ပန်းတွေ"

"ဘယ်သူကများ လာခူးပေးထားလဲမသိဘူး"

"ဟဲ့. . . ဘယ်သူကများ လာခူးပေးမှာလဲလို့"

"ဟုတ်ပါ့. . . ဟုတ်ပါ့"





သစ်ခွပန်းများကိုတွေ့သဖြင့် တစ်ယောက်တစ်မျိုး အမျိုးမျိုးပြောနေကြသည်။

ထို့နောက် သူငယ်ချင်းတစ်စုက သစ်ခွပန်းများကို ကောက်ယူပြီး ပန်းကေသီကိုပေးကာ. . .။

"ဟိုး လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်တုန်းက. . . ပန်းကေသီကို ဒိဗ္ဗ က ပန်းပေးတာ သွားသတိရတယ်"

ကျော့စိန်မေက ဤသို့ပြောလိုက်သည်။

"ဟင်း. . . ညည်းက ဒိဗ္ဗ ဆိုတဲ့ ဘာမှမဟုတ်တဲ့အကောင်ကို သတိရနေသေးတယ်"

"ဒိဗ္ဗ ဆိုတဲ့လူက ညည်းကို တကယ်ကြိုက်တာတော့"

"ဟုတ်တယ်. . . ညည်းလည်း လင်ယူရော. . . သူလည်း တို့ရွာကပျောက်သွားတော့တာပဲ"

သူငယ်ချင်းအုပ်စုက ဝိုင်းပြောသဖြင့် ပန်းကေသီက

"တော်ကြပါတော့အေ. . . ငါကတော့ ဒိဗ္ဗ ကိုကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဒိဗ္ဗ အကြောင်းကိုပြောနေစဉ် ဒိဗ္ဗ က ခြောင်း၍နားထောင်နေခဲ့သည်။ သည့်တစ်ခါတော့ သူခူးထားပေးခဲ့သည့် သစ်ခွပန်းကလေးများကို ပန်းကေသီက ရင်မှာပိုက်ထားသည့် အတွက် ဒိဗ္ဗ ကျေနပ်ခဲ့သည်။

ပန်းကေသီကိုကြည့်ရင်း. . .ကြည့်ရင်း နှစ်ယောက်ချင်း တွေ့ချင်လာခဲ့သည်။

သူသည် လှပသည့် ရောင်စုံငှက်ကလေးအသွင်ဖြင့် ချုံပုတ်ပေါ်မှ သာယာသောအသံလေးဖြင့် အော်မြည်နေခဲ့သည်။

“ဟယ်. . .ငှက်ကလေးက လှလိုက်တာ”

“ဟုတ်ပါရဲ့. . .အသံကလေးကလည်း သာယာလိုက် တာ”

ထိုသို့ပြောဆိုနေစဉ် ငှက်ကလေးမှာ ပန်းကေသီ၏ပခုံး တွင် လာနားလိုက်သည်။

“ငှက်ကလေးက ပန်းကေသီပခုံးမှာ လာနားတယ်. . . ပန်းကေသီတော့ လာဘ်ကောင်းတာပဲ”





ငှက်ကလေးမှာ ချက်ချင်းပင် ပျံသန်းသွားပြီး ချုံပုတ် တစ်ခုပေါ်တွင် နားနေလိုက်သည်။ ပန်းကေသီမှာ အလွန်လှပ သော ငှက်ကလေးကို လွန်စွာ ဖမ်းလိုသဖြင့် ချုံပုတ်ဆီသို့ အ ပြေးသွားလိုက်သည်။

သည့်တွင် ငှက်ကလေးမှာ တောနက်ရှိရာဘက်ရှိ ပန်း ချုံဆီသို့ ပျံသွားပြန်သည်။ ချုံပုတ်တစ်ခုနှင့်တစ်ခုမှာ သိပ်မဝေး လှသဖြင့် သူမက အပြေးကလေး လိုက်ဖမ်းခဲ့သည်။

ကျန်သူငယ်ချင်းများမှာ ပန်းကေသီကိုစောင့်ရင်း အနီး တွင်တွေ့သည့် ပန်းများကိုခူးကာ စကားတပြောပြောနှင့် ကျန် ရစ်ခဲ့သည်။

ပန်းကေသီမှာ ငှက်ကလေးနောက်သို့လိုက်ရင်း. . .လိုက် ရင်း တောနက်ထဲသို့ရောက်သွားကာ သူငယ်ချင်းတစ်စုနှင့် ကွဲ ကွာသွားခဲ့သည်။

ဒိဗ္ဗ သည် ချက်ချင်းပင် လှပချောမောသည့် အမျိုးသား တစ်ဦးအသွင် ဆောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှမလေး. . . ဒီတောကြီးထဲမှာ ဘာ့ကြောင့် တ
ယောက်တည်းလာတာလဲ"

ခွန်းချိုသောအသံဖြင့် နှုတ်ဆက်လိုက်သည်။

ပန်းကေသီမှာ တောကြီးထဲတွင် ချောမောလှသည့်
ယောက်ျားပျိုကိုတွေ့ရသဖြင့် အံ့ဩကာ. . .။

"မောင်ကြီးရော. . . ဘယ်လိုဖြစ်ပြီး တောထဲရောက်
တာလဲ"

"မောင်ကြီးလည်း. . . တောလည်ထွက်ရင်း အဖော်
နဲ့ကွဲသွားလို့ပါ"

"ပန်းကေသီလည်း ပန်းခူးထွက်ရင်း. . . အဖော်တွေ
ကွဲသွားလို့ပါ"

"ဒါဆိုရင် ရှေ့ဆက်မသွားပါနဲ့. . . ရှေ့မှာ တော
သထက်နက်တယ်. . . ဒီတော့ မောင်ကြီးနဲ့လိုက်ခဲ့ပါ. . .
အဖော်တွေရှိရာ ပို့ပေးပါ့မယ်"

ချောမောပြီး မွန်မွန်ရည်ရည် စကားပြောတတ်သ





လူရွယ်နှင့်တွေ့သဖြင့် ၎င်းခေါ်ဆောင်ရာ လိုက်ခဲ့ပါသည်။

ဒီဗ္ဗ မှာ နဂိုကပင် အင်မတန်ချစ်သည့် ပန်းကေသီအား
မိ၏ မူလရုပ်ကိုပြလိုသော်လည်း အခြေအနေ ပြောင်းလဲသွား
ည်ကိုစိုးမိသည်။ ပန်းကေသီ၏ အပြုံးအရယ်နှင့် ချစ်စဖွယ်
ကားလေးများကို သူကြားလိုသည်။

ထို့ကြောင့် သူမအား သူငယ်ချင်းများရှိရာသို့ လိုက်ပို့
ပေးခဲ့သည်။

"ဒီမှာ ခင်ဗျာ. . . သူ တောထဲမှာမျက်စေ့လည် လမ်း
မှာနေလို့. . . ကျွန်တော်လိုက်ပို့တာပါ"

ထိုလူရွယ်မှာ ရုပ်ရည်ရူပကာ ချောမောရုံမျှမက စကား
ပြောရာတွင် ရည်မွန်သဖြင့် ပန်းကေသီ၏ သူငယ်ချင်းများက
ဝိုင်းဝန်းကာ. . .။

"ကျွန်မတို့ရဲ့သူငယ်ချင်း ပန်းကေသီကို အခုလိုလိုက်ပို့
တာ ကျေးဇူးတင်ပါတယ်ရှင်"

"ကောင်းပါပြီ. . . ဒါပေမယ့် ဒီတောထဲမှာ ကျားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်တွေ ရှိတယ်လို့ပြောတယ်. . . သူငယ်ချင်းကို သေသေ

ချာချာ ခေါ်ထားပါခင်ဗျာ''

''ဟုတ်ကဲ့ပါရှင်''

''ဒါဆို. . . ကျွန်တော် သွားတော့မယ်''

ထိုလူရွယ်က နှုတ်ဆက်ပြီး တောတွင်းဘက်သို့ ဆက်

သွားခဲ့သည်။ မကြာမီ ထိုလူရွယ် ပျောက်ကွယ်သွားခဲ့သည်

ထိုအခါမှ. . .။

''ခုနက လူက ဘယ်လိုအဆင့်အတန်းလဲ. . . ဘယ်

နာမည်လည်း မသိလိုက်ရပါလား. . . မေးတောင် မမေးလိုက်

ဘူး''

ပန်းကေသီ၏ သူငယ်ချင်းတစ်စုမှာ ထိုလူငယ်ကို တသ

သပြောရင်း ကျန်ရစ်ခဲ့လေသည်။ ဒီဗ္ဗ မှာ ချုံကွယ်မှကြည့်ရင်

''တကယ်လို့. . . မင်းတို့ လွမ်းစွာ အထင်ကြီးတဲ့ လူရွယ်

ကလေးဟာ ငါ ဒီဗ္ဗ လို့သာ သိခဲ့ရင်. . . မင်းတို့ ဒီလောက်

ပျူငှာဖော်ရွေပါတော့မလား''





ယောကျ်ားတန်မယ့်ဖြစ်သော်လည်း မိမိ၏ဘဝမှန်

အခြေအနေအတွက် ဝမ်းနည်းကာ မျက်ရည်များ ဝေလာခဲ့ပါ

တော့သည်။

ပန်းကေသီတို့ အမျိုးသမီးတစ်သိုက်မှာ တောပန်းများ

ခူးရင်း ပျော်ရွှင်စွာ ပြန်သွားခဲ့သည်။

တွေ့လိုက်ရသည့် ခဏတာအချိန်ကလေးသည် အတိတ်

ကို ပြန်လည်နှိုးဆွသကဲ့သို့ ဖြစ်ချေပြီ. . .။ အစက တောကြီး

မျက်မည်းတွင် ပျော်ခဲ့သလောက် ယခုမူ ဒီဗ္ဗ မှာ မည်သို့မျှ

မနေနိုင်တော့ပေ။

ညအချိန်တွင် ပန်းကေသီ တည်းခိုသည့်အိမ်သို့ လွမ်းစွာ

သွားချင်လှသည်။

၎င်း၏စိတ်ကို မည်ကဲ့သို့မျှ ထိန်းချုပ်၍မရပေ. . .။

ထို့ကြောင့် ဒီဗ္ဗ သည် ရှိန်းဆာယာ ကိုယ်ပျောက်ကာ

သွားခဲ့သည်။ ပန်းကေသီတို့ သူငယ်ချင်းတစ်စုမှာ စကားပြော

နေသည်ကို တွေ့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကေသီရယ်...ဒီမှာရောက်တုန်း နေပါဦးလား"

"နေလို့မရတော့ဘူး...မြို့စားမင်းက ခထာသွားတာဆိုတော့ မနက်ဖြန် သဘက်ခါလောက်ဆိုရင် ပြန်ရောက်ချင်ရောက်မှာ"

"ဒါဆို...နောက်တစ်ခေါက်လာရင် ကြာကြာလေးနေရမယ်နော်"

"အေးပါ"

၎င်းတို့ပြောစကားကို နားထောင်သောအခါ ပန်းကေသီမှာ နောက်တစ်နေ့၌ ပြန်တော့မည်ကို ဒိဗ္ဗ သိလိုက်သည့်အတွက် စိတ်မကောင်းစွာ ပြန်လာခဲ့သည်။

"သူ...မနက်ဖြန် ပြန်မယ်ဆိုပါလား"

"ငါတော့ ဒုက္ခပဲ...ငါ့ဘာသာငါ နေ,နေတာအကောင်းသား...အခုတော့ ငါ့ဆီကို သူရောက်လာတာနဲ့ ငါ့စိတ်တွေ ဘယ်လိုမှ ထိန်းမရတော့ဘူး"

ဒိဗ္ဗ ၏စိတ်ထဲတွင် ပန်းကေသီနောက်သို့ လိုက်လိုသည့်





စိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့လေပြီ...။

ပန်းကေသီမှာ ဘာမျှမသိရှာပေ။

နောက်တစ်နေ့ နံနက်တွင်

ပန်းကေသီသည် သူငယ်ချင်းများကို နှုတ်ဆက်ကာ မြင်းရထားလုံးဖြင့် ပြန်သွားခဲ့လေသည်။

ဒိဗ္ဗ သည် မည်သို့မျှ မနေနိုင်သည့်အဆုံးတွင် ကိုယ်ရောင်ဖျောက်ကာ ပန်းကေသီရှိရာသို့ လာခဲ့သည်။ ဒိဗ္ဗ ရောက်ချိန်တွင် ပန်းကေသီ၏မြင်းရထားမှာ ထွက်ခွာသွားချေပြီ။

ထို့ကြောင့် သိန်းငှက်အသွင်ဖြင့် တဟုန်ထိုးလိုက်လေသည်။ မကြာမီ မြင်းရထားကို မီလာခဲ့သည်။ သူသည် မြင်းရထားပေါ်သို့ ဆင်းသက်ကာ လိပ်ပြာအသွင်ဖြင့် မြင်းရထားထဲသို့ဝင်ရောက်ကာ မြင်းရထား၏နံရံတွင် တွယ်ကပ်ကာလိုက်လာခဲ့သည်။ နန်းကေသီကား မည်သို့မျှ မသိရှာပဲ မိမိအိမ်ဆီသို့ စိတ်လက်ပေါ့ပါးစွာ ပြန်လာခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

## ‘‘ပန်းကေသီ၏အမုန်းကျိန်စာ’’

ပန်းကေသီသည် မွေးရပ်ဌာနီ ဆူးရစ်ချောင်းရွာကလေးမှ ရမ္မနာရမြို့သို့ ပြန်လာခဲ့ရာ ညနေစောင်းအချိန်တွင် ထိုမြို့သို့ ရောက်ရှိလာခဲ့သည်။

မြို့စားမင်းစံအိမ်တော်၏ ဆင်ဝင်ပေါက်ဝ၌ မြင်းရထားကိုရပ်လိုက်သည့်တစ်ပြိုင်နက် အိမ်တော်စောင့် အမျိုးသမီးကလေးများက. . .။

‘‘အစ်မတော်. . . ပြန်လာပြီ’’

‘‘အစ်မတော်. . . နေကောင်းပါစ’’

‘‘အေး. . . နေကောင်းတယ်’’





ဤသို့ ဝမ်းသာအားရ ဆီးကြိုနှုတ်ခွန်းဆက်ကြသည်။

ဒီဗွ သည် စံအိမ်တော်အားကြည့်ရင်း. . .။

‘‘အား. . . တယ်ကောင်းတဲ့အိမ်ကြီးပါလား’’

ဤသို့ပြောလိုက်သည်။

ဒီဗွ ၏ဘဝတွင် ဤသို့သော ခမ်းနားကြီးကျယ်ပြီး အဆောင်ဆောင် အခန်းများစွာရှိသည့် စံအိမ်တော်ကို တစ်ခါမျှ မြင်ဖူးခဲ့ပေ။ စံအိမ်တော်ကို သေချာစွာ ကြည့်ရှုခဲ့သည်။

ထိုစဉ် အိမ်တော်စောင့် အမျိုးသမီးကလေးများက ပန်းကေသီအား ကြိုဆိုပြီး အိမ်ထဲသို့ခေါ်ဆောင်သွားခဲ့သည်။ ဒီဗွ လည်း ရှိန်းဆာယာအတတ်ဖြင့် ကိုယ်ပျောက်ကာ သူမနောက် လိုက်လာခဲ့သည်။

ပန်းကေသီမှာ တောလမ်းတစ်လျှောက်လုံး လိုက်ပါလာရသဖြင့် ခန္ဓာကိုယ်နှင့် အင်္ကျီလုံချည်တို့၌ ဖုံမှုန့်များ ကပ်လာခဲ့သည်။ ခန္ဓာကိုယ်မှာလည်း ငြီးစီစီဖြစ်နေသဖြင့်. . .။

‘‘အစ်မတော်. . . ရေချိုးဦးမယ်’’



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ပန်းကေသီ"

ပန်းကေသီ ရေချိုးရန်အတွက် အဆောင်အတွင်း၌ ပြုလုပ်ထားသော အုတ်ကန်ငယ်အတွင်း၌ စံအိမ်တော်အမျိုးသမီးလေးများက ရေပူရေအေးစပ်ကာ...။

"အစ်မတော်... ရေချိုးရန်အသင့်ဖြစ်ပါပြီ"

"ကောင်းလှပြီ"

ပန်းကေသီသည် ရေပူရေအေးကန်အတွင်းသို့ ရေချိုးဆင်းခဲ့သည်။

ဒိဗ္ဗ မှာ ထိုအခန်းအတွင်း၌ ရှိနေသဖြင့် မတွေ့ချင် မြင်ရက်သားဆိုသကဲ့သို့ ဖြစ်နေပါသည်။

ပန်းကေသီမှာ ရေချိုးခန်းအတွင်း မည်သူမျှ မရှိဟူသော အထင်ဖြင့် လွတ်လွတ်လပ်လပ် ရေချိုးလေသည်။ ဒိဗ္ဗ မှာ မိန်းကလေးများနှင့် နီးစပ်စွာ မနေဖူးသဖြင့် ယခုတွေ့ရှိရသည်မှာ အထူးအဆန်းသဖွယ် ဖြစ်နေပါသည်။

ပန်းကေသီမှာ မိန်းမလှလေးတစ်ယောက်၏ သဘာဝ





အတိုင်း ရှိုက်ဖိုကြီးငယ် အသွယ်သွယ် ဖွံ့ဖြိုးသူဖြစ်ရာ အလွန်နီးကပ်စွာ မြင်နေရသော ဒိဗ္ဗ မှာ အသက်ရှူမှားမတတ် ဖြစ်နေပါတော့သည်။

"ဒီလောက်လှတဲ့ မိန်းမမျိုး တစ်ခါမှ မတွေ့ဖူးဘူး... ဒီလိုမှန်းသိရင် ဘာပဲဖြစ်ဖြစ် ပန်းကေသီကို မရ,ရအောင် ယူပါရဲ့... အခုတော့ သားနှစ်ယောက်အမေ ဖြစ်နေတာတောင် ဒီလောက်လှရက်နိုင်လွန်းတယ်"

ဒိဗ္ဗ မှာ ရင်တလှပ်လှပ်တုန်ရီလာသည်။ ပုထုဇဉ်ယောကျ်ားတစ်ယောက်ဖြစ်ပြီး တောကြီးအလယ်၌ ကြီးပြင်းခဲ့ရသူ ဒိဗ္ဗ အတွက် ပန်းကေသီ၏ ဆွဲဆောင်နိုင်သော ခန္ဓာကိုယ်အချိုးအစား ပြေပြစ်မှုမှာ သူ၏ဘဝင်နှလုံးကို ဆွဲယူလှုပ်ကိုင်သကဲ့သို့ ရှိချေသည်။

ရေချိုးသန့်စင်ပြီးနောက် အမျိုးသမီးလေးများက အမွှေးနံ့သာရည်များ သွေးပေးကာ တစ်ကိုယ်လုံး လိမ်းကျံပေးခဲ့သည်။ အမွှေးနံ့သာများကြောင့် သူမ၏တစ်ကိုယ်လုံးမှာ မွှေးကြိုင်သင်း



www.burmeseclassic.com

www.burmeseclassic.com



ပျံ့နေပါသည်။

ထို့နောက် လှပသော အဝတ်အစားများ ဝတ်ဆင်လိုက်သောအခါ စံအိမ်တော်၏ အရှင်သခင်မလေးမှာ အလှတွင် အယဉ်ဆင့် ခိုသကဲ့သို့ လွန်စွာ လှပတင့်တယ်နေပါသည်။

ယခင်က စေ့စေ့မကြည့်ခဲ့ရသော ပန်းကေသီ၏မျက်နှာကလေးကို အနီးကပ်ကြည့်ရှုခွင့်ရခဲ့သည်။

"လှလိုက်တဲ့ ပန်းကေသီရယ်. . . နတ်သမီးလေးတစ်ပါးအလားတောင် ထင်မိတယ်"

လှုံကြွမ်းစိတ်ကြွမ်းဖြိုး ဒိဗ္ဗ မှာ ပန်းကေသီနားမှ တဖဝါးမျှ မခွာနိုင်အောင် ဖြစ်နေခဲ့သည်။

"ပန်းကေသီကို ငါ အရမ်းချစ်မိနေပြီ. . . ဘယ်လိုလုပ်ရပါ့"

သူ၏အတွေးများ ယောက်ယက်ခတ်နေသည်။ ထို့ကြောင့် စံအိမ်တော်မှ ထွက်လာကာ ပန်းဥယျာဉ်ထဲ၌ ထိုင်ရင်း စဉ်းစားနေခဲ့သည်။





သူသည် ပန်းကေသီ၏အလှကို အလုံးစုံမြင်ရသဖြင့် ကျွေကြောင့်ဖြစ်သော တပ်မက်မှု၊ အမွှေးနံ့သာကြောင့်ဖြစ်သော တပ်မက်မှုများကြောင့် စိတ်မငြိမ် လူမငြိမ် ဖြစ်နေပါတော့သည်။

"သူနဲ့နီးစပ်အောင်. . . ငါ တစ်ခုခုတော့ ကြံစည်မှပဲ"

ညနေခင်း လေပြေကလေး တိုက်ခတ်နေချိန်တွင် ဒိဗ္ဗသည် ပန်းကေသီနှင့် မည်သို့မည်ပုံ နီးစပ်ရမည်ကို တွေးတောနေမိသည်။

"ငါဟာ ရုပ်ပြောင်းရုပ်လွှဲ ပြုလုပ်နိုင်တဲ့အတတ်ပညာကို တတ်မြောက်တာပဲ. . . သူနဲ့နီးစပ်ချင်ရင် အလွယ်ကလေးပဲ၊ သူ့ယောက်ျား သီဟနန္ဒသူ အသွင် ပြောင်းလိုက်မယ်"

ဒိဗ္ဗ သည် ရမ္မက်ဇောကြောင့် မကြံစည်သင့်သည့်အကြံကို ကြံစည်မိသည်။ ရသေ့ကြီးအိပ်မက်၌ ပြောကြားသော စကားနှင့် ကြေးနီပုရပိုက်တွင်ပါသော အကြောင်းတရားများကို ဆန့်ကျင်ဘက်ပြုကာ မကောင်းမှုသောအမှုကို မပြုသင့်မှန်းသိလျက် သူ ကြံစည်ခဲ့လေပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com



သူက ချက်ချင်းပင် မြို့စားကြီး သီဟနန္ဒသူအသွင်သို့ ပြောင်းလိုက်သည်။

ထို့နောက် စံအိမ်တော်ထဲသို့ ဝင်ရောက်ခဲ့လေပြီ. . .။

ပန်းကေသီမှာ ရုတ်တရက် ရောက်လာသော မြို့စားမင်းကို တွေ့လိုက်သောအခါ အံ့ဩစွာဖြင့်. . .။

"မောင်တော် တစ်ပါးတည်း ရောက်လာသည်မှာ ထူးဆန်းလှဘိသည်"

ဤသို့ပြောလိုက်သည်။ သည့်တွင်. . .။

"မထူးဆန်းပါ နှမတော်. . . မောင်တော်တို့တပ်တွေ ရမ္မာနာရမြို့ကို ပြန်ရောက်ပါပြီ. . . အရေးကိစ္စရှိ၍ မြို့ပြင်၌ ခေတ္တထားခဲ့ပြီး နှမတော်လေးကို တွေ့ချင်လို့. . . မောင်တော် စံအိမ်တော်သို့ ပြန်လာခြင်းဖြစ်တယ်"

"သြော်. . . မောင်တော်ရယ်. . . အကဲပိုလှပါဘိ"

"နှမတော်လေးရယ် မသွားမဖြစ်လို့ ခွဲသွားရပေမယ့် မောင်တော်မှာ တစ်နေ့တစ်ရက်မှ မခွဲနိုင်ပါဘူး. . . ဒါကြောင့်





အမြန်ဆုံးပြန်လာခဲ့တာ"

"နှမတော်လေးကလည်း မောင်တော့်ကိုလွမ်းနေတာပါ"

သီဟနန္ဒသူမှာ မိန်းမဖြစ်သူ ပန်းကေသီကို အချစ်ကြီး ချစ်မှန်းသိသဖြင့် သူမ ယုံမှားသံသယမဖြစ်ပဲ ခင်ပွန်းသည်ဟု ယုံမှတ်လိုက်သည်။

ထိုညတစ်ညတာ အချိန်ကုန်ဆုံးသွားခဲ့သည်။

နံနက်မိုးလင်းသောအခါ. . .။

အခန်းအတွင်း ငူငူကြီးထိုင်နေသော သီဟနန္ဒသူကို တွေ့လိုက်ရသဖြင့် ပန်းကေသီမှာ ရင်ထိတ်သွားကာ. . .။

"မောင်တော်. . . ဘာများအလိုမကျလို့ပါလိမ့်. . . နှမလေးကို ပြောပြပါ"

"ဟင်း"

ဒီဗ္ဗ မှာ အယောင်ဆောင်ကာ သူတစ်ပါး၏သားမယားကို ပစ်မှားထားသူဖြစ်၍ တဟင်းဟင်းနှင့် မထွေးနိုင် မမြိုနိုင်အောင် ဖြစ်နေသည်။ ဤသို့ ပစ်မှားခဲ့သည့်ဖြစ်ရပ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မြို့စားမင်းလာလျှင် ဗူးပေါ်သလို ပေါ်ပေမည်။

သည်တော့ အဖြစ်မှန်ကို ဖွင့်ပြောမှတော်ပေမည်…

စိတ်ဆုံးဖြတ်ကာ…။

"နှမတော်လေး… မောင်တော်ပြောမယ့်စကားကို သေ…

ချာစွာ နားထောင်ပါလော့"

"ကောင်းပါပြီ… နားထောင်နေပါမည်"

ပန်းကေသီက ခင်ပွန်းသည်၏မျက်နှာကို မော့ကြည့်ကာ…

သူပြောမည့်စကားကို ငံ့လင့်နေခဲ့သည်။

"မောင်တော်… အမှန်စကားကိုပြောဆိုပါမယ်…

တကယ်တော့ ဝမောင်တော်ဟာ မင်းရဲ့မောင်တော်အစစ် သီဟ…

နန္ဒသူ မဟုတ်ပါ"

"မောင်တော်… ဤကိစ္စဟာ ကြည်စားရမယ့်ကိစ္စ…

ဟုတ်ပါ"

"ကြည်စား စ,နောက်ပြောဆိုခြင်း မဟုတ်ပါ"

"မောင်တော် ဒီရုပ်သည်ရှည်ဟာ နှမတော် မျက်…





မမှားပါ… မောင်တော် အစစ်အမှန်ဖြစ်သည်မှန်း သိပါသည်"

"မဟုတ်ဝံ့ပါ… မောင်တော်ဟာ သီဟနန္ဒသူအဖြစ်

ဟန်ဆောင်လာသူပါ"

"ဒါဆိုရင်… ရှင်ဘယ်သူလဲ"

"ဒိဗ္ဗ"

ပြောပြောဆိုဆို ဒိဗ္ဗ အသွင်သို့ ပြောင်းလိုက်သည်။

"အလို… ရှင်… အရှိင်းအစိုင်း ဒိဗ္ဗ"

"ဟုတ်ပါတယ်"

"ရှင်… ဘာဖြစ်လို့ ဒီလိုဟန်ဆောင်ရတာလဲ"

"မင်းကိုချစ်လွန်းလို့ပါ"

"မကြံအပ် မစည်အပ်… ကျွန်မမှာ ကာမပိုင်ခင်ပွန်း

ရှိပါရက် ရှင်ဟာ မောင်တော်ဟန်ဆောင်ပြီး ကာမကိုခိုးယူသွား

ခဲ့တယ်… ဒီအပြစ်ဟာ ဘယ်လောက်ကြီးတယ်ဆိုတာ ရှင်

သိ ရှော့သလား"

"ပြစ်ဒဏ်ခတ်မယ်ဆိုတာ သိပါသည်… သို့သော်ငြားလည်း…



www.burmeseclassic.com

www.burmeseclassic.com



ပန်းကေသီကို တောထဲမှာတွေ့လိုက်ရကတည်းက ဘယ်လိုမှ မနေနိုင်တော့ပဲ လိုက်လာခဲ့တာပါ''

''ရှင်ပြောတာကို ကျွန်မ နားမလည်ဘူး. . . ဒီလောက် အစောင့်အကြပ်တွေရှိတဲ့ကြားထဲက ရှင် ဘယ်လိုဝင်လာသလဲ''

''ငါဟာ. . . ရုပ်ပြောင်းရုပ်လွှဲအတတ် ရှိန်းဆာယာကိုယ်ပျောက်အတတ်ကို တတ်သည့်အတွက် ပန်းကေသီရဲ့စံအိမ်တော်ထဲကို အလွယ်တကူဝင်ရောက်နိုင်ပြီ. . . မြို့စားမင်းအသွင် ဖြလုပ်နိုင်စွမ်းရှိပေသည်''

''ဒါဆိုလျှင်. . . ရှင်ဟာ ဂန္ဓာရီအတတ်ပညာ တတ်ကျွမ်းခဲ့သပေါ့''

''မှန်ပါသည်''

''ဂန္ဓာရီသမားတစ်ယောက်ဟာ သူ့ကိုယ်သူ ကောင်းအောင်ကျင့်ကြံကြိုးစားရသလို တစ်ပါးသူ၏ အကျိုးကိုလည်း မဖျက်စီးရပေ။ ယခုမူကား အသင်ဟာ ကျွန်မကိုပစ်မှားခဲ့တဲ့အတွက် ကျွန်မရဲ့ခင်ပွန်း ကျွန်မရဲ့သားရဲ့ ဘေးချက်နဲ့သေပါစေ''





''ပန်းကေသီ. . . ဤသို့သော ကျိန်စာမျိုး မဆိုပါလင့်၊ ကျုပ်တတ်ကျွမ်းတဲ့ပညာကား အလွန်ပင် အဆင့်မြင့်သည့်အတွက် သင့်ယောက်ျား၊ သင့်သားဟာ ကျုပ်ကို မသတ်နိုင်၊ အကယ်၍ သူတို့ ကျုပ်အား တိုက်ခိုက်ပါက သူတို့သာလျှင် အကျိုးပျက်စီးကာ သေပွဲဝင်လတ္တံ့''

''အသင် မည်ကဲ့သို့ဆိုစေ. . . သစ္စာပျက်ယွင်းသူ၏ နောက်ဆုံးရလဒ်ကား သစ္စာရှိသူ၏ ကျိန်ဆိုသည့် ကျိန်စာအတိုင်း ဖြစ်ပေမည်။ ထို့ကြောင့် ကျွန်ုပ်၏စံနန်းတော်မှ အသင် ထွက်ခွာသွားလော့''

''ပန်းကေသီက နှင်မှတော့ ကျုပ်သွားပါမည်. . . ကျုပ် နောက်ဆုံးစကားတစ်ခု ပြောခဲ့မည်။ ကျုပ်ဟာ ငယ်စဉ်ကတည်းက ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့။ ပန်းကေသီတစ်ယောက်ကိုသာ ချစ်ခဲ့သည်။ ကျုပ် အသက်သေဆုံးသည့်အထိ, မင်းမှတစ်ပါး အခြားမိန်းကလေးကို မချစ်ပါ။ မင်းကိုသာလျှင် စွဲမြဲစွာ ချစ်ဘိသည်။ ဤအကြောင်းကို မင်းသိလျှင် ကျုပ် ကျေနပ်ပြီ''



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောဆိုပြီးနောက် စံအိမ်တော်မှ ဒိဗ္ဗ ထွက်ခွာသွားခဲ့သည်။ ပန်းကေသီမှာ အိပ်ရာပေါ်၌ မျက်နှာမှောက်ကာ တသိမ့်သိမ့်ငိုကြွေးခဲ့သည်။

"ငါဟာ. . .အမှန်အမှားကို မဝေခွဲနိုင်အောင် ကာမများယွင်းခဲ့ပြီ. . .ငါ့ရဲ့မောင်တော်ကို ဘယ်လိုရင်ဆိုင်မလဲ. . . သည်ကိစ္စမှာ မည်သူမျှ မသိသော်လည်း သစ္စာတရားကသိပေမည်။ အမှန်တရားကို ဖုံးကွယ်၍ အသက်ရှင်ခြင်းထက် ဖွင့်ဟပြောဆိုဝန်ခံခြင်းကား သင့်ပေမည်"

ထိုသို့ငိုကြွေးရင်းနှင့် အသက်ရှူလိုက်တိုင်း နှလုံးသား၌ တမြေ့မြေ့လောင်ကျွမ်းခဲ့သည်။ မောင်တော်အား သည်အကြောင်းကို ဖွင့်ဟဝန်ခံရန် ဆုံးဖြတ်လိုက်သည်။

ပန်းကေသီမှာ တစ်နေ့တစ်နေ့ မှိုင်တွေကာ ငေးမောနေသည်။ အိမ်တော်ထိန်း အမျိုးသမီးများကလည်း ပန်းကေသီ၏ ပြောင်းလဲသွားသည့်ပုံစံကြောင့် အံ့သြကာနေမိသည်။

ထိုတစ်နေ့. . .။





ရမ္မာနာရမြို့စားကြီး သီဟနန္ဒသူနှင့် သားတော်ရာဟုတို့ရောက်ရှိလာခဲ့သည်။ မြို့စားကြီးမှာ ပန်းကေသီအား ချစ်လွမ်းလှသည့်အတွက် အိမ်ပြန်ရောက်သည်နှင့်. . .။

"နှမတော်. . . ပန်းကေသီ"

"မောင်တော်"

ပန်းကေသီအား လွမ်းဆွတ်လှစွာဖြင့် အပြေးကလေး ...က်လိုက်သည်။

"နှမတော်ကို လွမ်းလိုက်တာ"

"နှမတော်လည်း ဒီလိုပါပဲ မောင်တော်ရယ်"

ပြောရင်းဆိုရင်း ပန်းကေသီမှာ အဖြစ်ဆိုးကိုတွေးမိကာ ...ျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

"နှမတော်. . . ဘာဖြစ်လို့မျက်ရည်ကျရတာလဲ"

"မောင်တော့်ကိုလွမ်းလို့ပါ"

ကျမျက်ရည် ထွေထွေစီးပေမယ့် ရောက်ရောက်ချင်း ...ဆောက်နဲ့ထွင်းနေသလို ဖြစ်နေမည်စိုးသဖြင့် လွမ်းလို့ပါဟု...



www.burmeseclassic.com

www.burmeseclassic.com



စကားဖြင့် ဖြေသိမ့်လိုက်သည်။

"ဩော်. . . နှမတော်ကလည်း ကလေးကျနေတာပဲ. . . တိတ်ပါ"

အကြောင်းမသိသူ မြို့စားကြီးမှာ ပန်းကေသီအား ချော့မော့လိုက်သည်။ ပန်းကေသီမှာ မြို့စားကြီးအား အဖြစ်မှန်ကို ပြောရန် အချိန်ကောင်းကို စောင့်နေခဲ့သည်။

နောက်တစ်နေ့တွင်. . .။

မြို့စားကြီးမှာ အိမ်တော်တွင် နားနေခိုက်. . .။

"မောင်တော့်ကို နှမတော် ပြောစရာရှိပါတယ်"

"ဘာများတောင်းဆိုချင်လို့လဲ နှမတော်"

"တောင်းဆိုစရာမရှိပါ မောင်တော်. . . အပြစ်တစ်ခုကို ဝန်ခံချင်လို့ပါ"

"ဒီလောက်လိမ္မာတဲ့ ချစ်ဇနီးမှာ ဘာအပြစ်များ ရှိနိုင်မှာလဲ"

"အမှန်တကယ်ပင် အပြစ်ပြုမိပါသည်"





"ဘာအပြစ်ဖြစ်ဖြစ်. . . မောင်တော် ခွင့်လွှတ်သည်"

"မောင်တော်. . . နှမတော် ပြောမည့်စကားမှာ လွန်စွာထူဆန်းလွန်းသည့်အတွက် ကျေးဇူးပြု၍ နားဆင်ပေးပါ"

"ပြောပါ နှမတော်"

သည်တွင် ပန်းကေသီမှာ ဖြစ်သမျှအကြောင်းစုံကို မျက်ရည်များနှင့် ပြောကြားလိုက်သည်။

"တောက်" မြို့စားမင်းသည် လွန်စွာ ဒေါသထွက်ကာ ကျယ်လောင်စွာ တောက်ခေါက်လိုက်သည်။

"ငါလိုမြို့စားမင်းရဲ့ ချစ်မယားကိုတောင် ဒီလိုစော်ကားမော်ကား ပြုရဲသလား"

"ဒီကောင့်ကို အရှင်မထားဘူး. . . သူနေတဲ့တောကြီးတစ်ခုလုံးကို မွှေနှောက်ပြီး သတ်ပစ်မယ်"

"မောင်တော်. . . သူ့မှာ ထူးခြားတဲ့အတတ်ပညာ တတ်ကျွမ်းသူဖြစ်လို့ မောင်တော့်ကို ရန်ပြုမှာစိုးလို့ပါတယ်"

"မစိုးရိမ်လင့် နှမတော်. . . ကိုယ့်ကိုစော်ကားသူအား



www.burmeseclassic.com

www.burmeseclassic.com



တန်ပြန်တုန့်ပြန်ရန် သတ္တိရှိရမည်။ သေသည့်ရှင်သည့်ကား အရေ
မဟူ''

''မောင်တော်. . . နှမတော်ဟာ သစ္စာတရားကို မြတ်နိုး
သူဖြစ်၍ အမှန်တရားကို ဖွင့်ဟထုတ်ဖော်ခြင်း ဖြစ်ပါတယ်
သို့ပေမယ့် နှိုင်းနိုင်းချိန်ချိန် ချိန်ဆတော်မူပါ''

''နှမတော် ပန်းကေသီရယ်. . . မောင်တော်ဟာ ဒေါသ
အမျက်ထွက်ပြီး ပြောလိုက်ခြင်း ဖြစ်ပေသည်။ သည်ကိစ္စထဲမှာ
နှမတော်ရဲ့အမှား မရှိပါ။ နှမတော်ရဲ့သစ္စာကို ယုံကြည်သူဖြစ်
၍ နှမတော် မည်သို့မျှ စိတ်မကောင်းခြင်း၊ ကြောင့်ကျခြင်းမဖြစ်
ပါနှင့်''

''ခွင့်လွှတ်ပါ မောင်တော်. . . သစ္စာမပျက်ယွင်းသော်
လည်း နှမတော်ရဲ့မေတ္တာပန်း နွမ်းခဲ့ရပါပြီ''

ပန်းကေသီမှာ ပြောပြောဆိုဆို ရှိုက်ကြီးတငင် ငိုကြွေး
ခဲ့သည်။

''နှမတော်ရယ်. . . ပင်ပန်းလှပါဘိ. . . တိတ်ပါတော့





ကွယ်''

မြို့စားကြီးမှာ နှလုံးမသာယာရှိစွာဖြင့် စံနေတော်မူခဲ့
သည်။ နောက်တစ်နေ့ နံနက်အလင်းသို့ရောက်ချိန်တွင်. . .။

အိပ်ခန်းဆောင်အတွင်း၌ အဖြူရောင်ပဝါရှည်ကြီးအား
ကြိုးသဖွယ်အသုံးပြုကာ ဆွဲကြိုးချ သေဆုံးနေသည့် ပန်းကေသီ
ကိုတွေ့လိုက်ရာ. . .။

''အမလေး. . . ပန်းကေသီ. . . ဘယ်လိုလုပ်လိုက်ပါ
လိမ့်''

''ရက်စက်လိုက်တာ နှမတော်ရယ်. . . မောင်တော်ဟာ
နှမတော်ကို ဘာပဲဖြစ်နေဖြစ်နေ ခွင့်လွှတ်တဲ့သူပါ''

''ဘာလို့များ. . . လူ့ဘဝကထွက်ခွာသွားရပါလိမ့် နှမ
တော်ရယ်''

စံအိမ်တော်တစ်ခုလုံး ဆူညံသွားခဲ့သည်။

မြို့စားကြီးကတော့ ပန်းကေသီမှာ အိပ်ခန်းထဲတွင် ဆွဲ
ကြိုးချကာ အသက်ဆုံးစီရင်သွားခဲ့ပြီ. . .။ အိမ်တော်ထိန်း အိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်အမျိုးသမီးအားလုံးက အံ့ဩနေခဲ့သည်။

"မြို့စားကြီးကတော်ဟာ ဘယ်မှာစိတ်ညစ်စရာရှိလို့ သတ်သေရပါလိမ့်"

မည်သူတွေက အမျိုးမျိုးထင်ကြေးပေးကြသော်လည်း အသက်တမျှ ချစ်ခဲ့သူ ပန်းကေသီ သေဆုံးသွားသည့်အတွက် မြို့စားကြီးမှာ ရင်ကွဲပက်လက်ဖြစ်နေခဲ့သည်။

အရူးကြီးတစ်ယောက်လို စိတ်ထွေပြားကာ ပန်းကေသီကို တမ်းတမဆုံးအောင် ရှိနေခဲ့သည်။

"ပန်းကေသီရယ်. . . မင်းအပေါ်မှာ မောင်တော်ဟာ နှမ်းစေ့တစ်စေ့လောက်တောင် အချစ်မလျော့ခဲ့ပါဘူး. . . အမှန်တရားကိုဝန်ခံပြီးမှတော့ ဘာဖြစ်လို့ သတ်သေရတာလဲ"

"မင်းမရှိရင်. . . မောင်တော် ဘယ်လိုပျော်အောင်နေရမလဲ"

"မင်းပြန်လာလှည့်ပါ"

နေ့စဉ်နေ့တိုင်း တမ်းတကာ ကြေကွဲဝမ်းနည်းနေခဲ့သည်။





ထိုသို့ဖြင့် နန်းကေသီအား ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနောက် သူ၏ဒေါသများမှာ ဒိဗ္ဗ အပေါ်တွင် မထိန်းနိုင်အောင် ပေါက်ကွဲခဲ့လေသည်။

"ငါတို့မိသားစုလေးဟာ. . . အလွန်အေးချမ်းစွာနေခဲ့တာ. . . ဒိဗ္ဗ ဆိုတဲ့အကောင် နှောင့်ယှက်လို့ အခုတော့ ငါတို့မိသားစုလေး ပြိုကွဲခဲ့ပြီ"

"ဒင်းဟာ တရားခံပဲ. . . ဒီတော့ ဒင်းကို အပြတ်ရှင်းရမယ်"

မြို့စားကြီး သီဟနန္ဒသူမှာ သောကမီး တဖျပ်ဖျပ်လောင်မြိုက်ခဲ့သည်။ နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချခဲ့သည်။

"ဒိဗ္ဗ ဆိုတဲ့ ကောက်ကျစ်စဉ်းလဲတဲ့အကောင်ကို အသေတိုက်မယ်"

ဤသို့ဆုံးဖြတ်ပြီးနောက် သားကြီးရာဟုနှင့် သားငယ်ကာလုအား ပန်းကေသီ သတ်သေရခြင်းအကြောင်းရင်းကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။

သားနှစ်ယောက်လုံးမှာ အံ့ကိုတင်းတင်းကြိတ်ကာ မိခင်၏အဖြစ်ဆိုးကို ရင်နာနာနှင့် နားထောင်ခဲ့လေသည်။

“တောက်”

“ဒီလောက်လူမဆန်တဲ့အကောင်ကို သားရဲ့လက်နဲ့ ချေမှုန်းပစ်မယ်”

သားကြီးရာဟုက အံကိုကြိတ်ရင်း ကြိတ်မနိုင်ခဲမရပြောလိုက်သည်။ သားငယ် ကာလုမှာ. . .။

“ဒီလူ့ကို သားကိုယ်တိုင်သတ်မယ်”

“ကဲ သားတို့. . . ဒီကိစ္စမှာ သားတော်ကြီးရာဟုနဲ့ ဖခင်တို့ တပ်စိပ်တစ်စိပ်နဲ့ သွားပြီးတိုက်မယ်. . . သားငယ်က ဖခင်ကိုယ်စား ဒီရမ္မာနာရမြို့မှာ နေရစ်ခဲ့ပေတော့”

မြို့စားကြီး၏စကားကို နားထောင်ကာ မောင်ကာလုကနမ္မာနာရမြို့၌ နေရစ်ခဲ့သည်။ မြို့စားကြီး သီဟနန္ဒသူနှင့် သားမောင်ရာဟုတို့မှာ တပ်စိပ်တစ်စိပ်နှင့် ဒိဗ္ဗ နေထိုင်ရာ တောအုပ်





အတွင်းသို့ ထွက်လာခဲ့သည်။

“လူမဆန်တဲ့ ဒိဗ္ဗ ရေ. . . မင်းရဲ့အသက်ကိုယူဖို့ ငါလာခဲ့ပြီ”

မြို့စားကြီးမှာ သေဆုံးသွားသည့် ပန်းကေသီ၏မျက်နှာကိုမြင်ယောင်ကာ ဒိဗ္ဗ အား ရက်ရက်စက်စက် ချေမှုန်းရန် ဒေါသဖြင့် ကြိမ်းဝါးခဲ့လေသည်။ သူတို့တပ်စိပ်မှာ တဖြည်းဖြည်း တောအုပ်အနီးသို့ ရောက်လာခဲ့သည်။

ဒိဗ္ဗ မှာ တောအုပ်ထဲတွင်နေသော်လည်း တစ်နေ့တွင် ဤပြဿနာနှင့် ရင်ဆိုင်ရလိမ့်မည်ဟု စဉ်းစားထားသည်။ သူသည် သစ်ပင်ထက်မှနေ၍ မြို့စားကြီးအလာကို နေ့စဉ် စောင့်ကြည့်နေခဲ့သည်။

အမှောင်ထဲကရန်သူက အလင်းမှလာသူ၏ လှုပ်ရှားမှုကို အရင်သိရသည်ဟု ဆိုသကဲ့သို့ ဒိဗ္ဗ က အရင်ဆုံး သူတို့တပ်စိပ်ကို တွေ့ခဲ့သည်။

“ဟင်. . . သူတို့ ငါ့ကိုသတ်ဖို့ လာနေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသက်ကိုကာကွယ်ဖို့ တစ်ခုခုတော့ လုပ်ရမယ်"

"မြို့စားကြီးက ငါ့ကိုအထင်သေးတယ်နဲ့တူတယ်... တပ်စိပ်တစ်စိပ်လောက်နဲ့လာနေပြီ... ဒီတပ်စိပ်တစ်စိပ်လောက်တော့ ငါက မမှုဘူး... ငါ့အကြောင်းကိုသိရအောင်ပြမယ်"

ထိုသို့စဉ်းစားကာ ပြင်ဆင်စရာရှိသည်ကို ပြင်ဆင်လိုက်သည်။ မြို့စားကြီးနှင့်တပ်စိပ်ကား...။

တဖြည်းဖြည်း တောအုပ်ထဲသို့ ဝင်လာခဲ့သည်။

"အင်း... ဒင်းတို့တော့ တောအုပ်ထဲဝင်လာပြီ၊ ငါနေတဲ့ကျောက်ဂူကို ရောက်အောင် မျှားခေါ်သွားမယ်"

ထိုသို့စိတ်ကူးကာ တောစပ်၌ မုဆိုးတစ်ဦးအသွင် ပြောင်းလိုက်သည်။ ထိုစဉ် မြို့စားကြီးက...။

"မုဆိုးကြီး... ဒီတောကြီးထဲမှာ ဒိဗ္ဗ ဆိုတဲ့လူတစ်ယောက်နေတဲ့နေရာ သိပါသလား"

"ဒိဗ္ဗ လား... အဲဒီလူက အလွန်ကြောက်စရာကောင်းတဲ့သူပဲ... သူ့ကို တော်ရုံတန်ရုံ ဘယ်သူမှ မဖမ်းနိုင်ဘူး... အလွန်အင်အားကြီးတယ်... တစ်ကိုယ်လုံးမှာလည်း အမွေးတွေနဲ့"

"အင်အားကြီးတာ မကြီးတာ အသာထား... သူတယ်နေရာမှာနေတယ်ဆိုတာသာ ပြောပါ"

"ဒီကတည့်တည့်သွားရင် တောနက်ထဲအဝင်မှာ ကျောက်ဂူတစ်ခုရှိလိမ့်မယ်... အဲဒီကျောက်ဂူမှာ ဒိဗ္ဗ ဆိုတဲ့သူနေတယ်"

"ဒီလိုလမ်းညွှန်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကောင်းပါလေရဲ့ဗျာ"

မုဆိုးကြီးကပြုံးပြီး ချုံပုတ်အတွင်းသို့ဝင်ကာ ပျောက်ကွယ်သွားခဲ့သည်။ ဒိဗ္ဗ ကား... မှုလရုပ်သွင်ဖြင့် ကျောက်ဂူဝ၌ မတ်တပ်ရပ်ကာ စောင့်နေခဲ့သည်။

မြို့စားကြီးမှာ မုဆိုးညွှန်ပြသည့် တောလမ်းအတိုင်းလာခဲ့ရာ မကြာမီ ကျောက်ဂူဝအနီးသို့ ရောက်လာခဲ့သည်။

ကျောက်ဂူဝဆီသို့ လှမ်းကြည့်လိုက်သောအခါ...။

ခံပက်စုတ်ဖွား မုတ်ဆိတ်မွေးထူလပျစ်နှင့် အမွေးအမျှင်







www.burmeseclassic.com

www.burmeseclassic.com



များ ရှုပ်ထွေးနေသော မသတီစရာ လူတစ်ယောက်ကို တွေ့လိုက်ရသည်။

သည့်ပုံကိုမြင်ကတည်းက ထိုသူမှာ ဒိဗ္ဗ ဖြစ်မည်ဟုထင်ကာ. . .။

"ဒိဗ္ဗ ဆိုတာ. . . မင်းလား"

ကျားဟိန်းသည့်အသံကဲ့သို့ အားမာန်အပြည့်နှင့်မေးလိုက်ရာ. . .။

"ဒိဗ္ဗ ဆိုတာကျုပ်ပဲ. . . မြို့စားကြီး တစ်နေ့မှာရောက်လာမယ်မှန်းသိလို့ ကျုပ်စောင့်နေခဲ့တာ"

"ဟုတ်တယ်. . . မိုက်ရိုင်းယုတ်မာတဲ့သူကို ဆုံးမဖို့ ငါလာခဲ့တာ"

"သိပ်လည်းအပြောမကြီးပါနဲ့ မြို့စားကြီးရယ်. . . ပြိုင်ပွဲဆိုတာ ပြိုင်ကြည့်မှ ဘယ်သူအနိုင်ရမယ်ဆိုတာ အဖြေပေါ်မလိမ့်မယ်"

"မင်းလိုကျေးတောသား အရိုင်းအစိုင်းက ငါ့လို မြို့စားကြီးကို ဒီလိုပြောဝံ့သလား. . . မင်းရဲ့ယုတ်မာမှုအတွက် သွေးကြွေးဆပ်ပေတော့"





ထိုသို့ပြောကာ ဓားအိမ်မှ ဓားကိုထုတ်ကာ ရွယ်လိုက်သည်။ သည့်နောက် စစ်သည်တော်တစ်ဦးထံမှ ဓားကို ဒိဗ္ဗ ဆီသို့ လှမ်းပြီးပစ်ပေးလိုက်ကာ. . .။

"မင်းလိုတောတွင်းသား အရိုင်းအစိုင်းကို ဓားမိုးပြီးအနိုင်မယူလိုဘူး. . . ရာဇဝင်မှာလည်း ဒီလိုမျိုးနဲ့ အနိုင်ယူသွားတယ်လို့ စာတင်မခံနိုင်ဘူး. . . ဒီဓားကိုယူပြီး ငါ့ရဲ့ဓားချက်ကိုခံလော"

မြို့စားကြီးက ဒိဗ္ဗ အား ဤသို့ပြောကြားလိုက်သည်။

"မြို့စားကြီးဟာ လက်နက်မဲ့သူကို လက်နက်နဲ့အနိုင်မယူဘူးဆိုတဲ့ သူရဲကောင်းစိတ်ထားရှိတဲ့အတွက် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦးပါပဲ"

"စကားကိုအချိန်ကုန်အောင် မပြောပါနဲ့. . . ခုချက်ချင်းခံပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ္တစောင့်ပါ မြို့စားကြီး...အသင်ဟာ ရဲ့စွမ်းသတ္တိ နဲ့ပြည့်စုံတဲ့ သူ့ရဲကောင်းတစ်ဦးဖြစ်မယ်ထင်ပါတယ်...ဒါ့ကြောင့် သူ့ရဲကောင်းတစ်ဦးကို မိုက်ရူးရဲမဖြစ်စေချင်လို့ သတိပေးပါရစေ၊ ကျုပ်ဟာ ခင်ဗျားထက် စွမ်းရည်ပိုကြီးတဲ့အတွက် ကျုပ်နဲ့မယှဉ်ပြိုင်ပါနဲ့...ခင်ဗျား မတိုက်ပဲပြန်ထွက်သွားရင် အသက်ချမ်းသာရာရပေမယ်"

"မခြိမ်းခြောက်နဲ့ ဒိဗ္ဗ...ငါ့ဓားချက်လာပြီ...ရှောင်လော"

မြို့စားကြီးမှာ ကြာရှည်စွာ စောင့်ဆိုင်းမနေတော့ပဲ ဓားနှင့်လှမ်းခုတ်လိုက်ရာ ဒိဗ္ဗ က အသာအယာ တိမ်းရှောင်လိုက်သဖြင့် ဓားချက်လွဲသွားခဲ့သည်။

မြို့စားကြီးမှာ ပန်းကေသီအား စော်ကားသွားသည်ကို အမှတ်ရကာ ဒိဗ္ဗ ကို သည်းသည်းမည်းမည်း ဝင်ခုတ်ခဲ့သည်။

"ချလွမ်"





"ချလွမ်"

"ချလွမ်"

မြို့စားကြီး၏ဓားချက်ကို ဒိဗ္ဗ က လျှင်မြန်သောအဟုန်နှင့် ကာကွယ်နိုင်ခဲ့သည်။ မြို့စားကြီး၏ဓားချက်ကို လျှင်မြန်စွာရှောင်နေသည့်အတွက် သားဖြစ်သူ ရာဟုမှာ လွန်စွာ ဒေါသဖြစ်ကာ...။

"လူယုတ်မာ သေပေတော့"ဟု ဆိုကာ ရှောင်သည့်ဘက်သို့လိုက်၍ ဓားဖြင့်ခုတ်ပိုင်းလိုက်သည်။

ဒိဗ္ဗ မှာ ဓားနှစ်လက်ကြား၌ညှပ်ကာ လက်မောင်းတွင် ထိရှသွားပြီး သွေးများ ဖြာကနဲ ထွက်လာသည်။ ရာဟုလည်း အားတက်သွားကာ ထပ်မံခုတ်ပိုင်းချိန်တွင်...။

ဒိဗ္ဗ မှာ...။

"ဩဟာ ဒီအတိုင်းတိုက်ခိုက်နေရင် ဓားစွမ်းထက်တဲ့ သားအဖကြားမှာ ဇိဝိန်ကြွေသွားလိမ့်မယ်...ဒီတော့ ငါ့ရဲ့ကိုယ်ပျောက်ပညာကို သုံးမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့တွေးတောကာ သားအဖနှစ်ဦးကြားတွင် ကိုယ် ရောင်ဖျောက်လိုက်ရာ...။

"ဒိဗ္ဗ ဘယ်ရောက်သွားပြီလဲ"

မြူးကနဲ ပျောက်ကွယ်သွားသဖြင့် သားအဖနှစ်ဦးစလုံး ဒိဗ္ဗ ကိုရှာခဲ့သည်။ သည်တွင် ဓားတစ်ချောင်းမှာ ရုတ်တရက် ပေါ်လာပြီး...။

ကိုရာဟု၏လည်ပင်းကို စိုက်သွားကာ မြေပြင်သို့ လဲကျ သွားခဲ့သည်။

"သား...သားလေး .ရာဟု"

လည်းပင်းမှသွေးများ စီးကျနေသည့်အတွက် သား ကိုရာဟုကို လှမ်းဖက်ကာ သွေးများကို သုတ်ပေးရင်း...။

"သားလေး...အားတင်းထား...မြို့ပေါ်မှာ ဆရာ ကောင်းတွေနဲ့ကုပေးမယ်"

"ဖခင်...သားကိုမစိုးရိမ်လင့်...ဒိဗ္ဗ ကိုနိုင်အောင် တိုက်ပြီး အမိရဲ့သွေးကြွေးကိုဆပ်ပါ"





"ကောင်းပြီ...သားလေးရာဟု"

မြို့စားကြီးလည်း သတိရသွားကာ ကိုရာဟုကို မြေပြင် ဝယ်ချရင်း ဓားကို အဆင်သင့်အနေအထားဖြင့် စောင့်ဆိုင်းနေ ခဲ့သည်။ ထိုစဉ် ဓားပျံတစ်လက်သည် ကောင်းကင်မှ ပျံဝဲကျလာ သဖြင့် ခုခံသော ဓားချက်ဖြင့် ပက်လိုက်ရာ ဓားမှာ လွင့်စင် သွားခဲ့သည်။

မကြာမီ ဓားချက်များက မမျှော်လင့်သောနေရာများမှ ဝင်ရောက်လာခဲ့သဖြင့် အစွမ်းကုန် ခုခံကာကွယ်နေရသည်။

သည်တွင်...ပန်းကေသီ ပြောခဲ့သည့်စကားများကို သတိရမိသည်။

"မောင်တော်...သူ့မှာထူးခြားတဲ့အတတ်ပညာ တတ် ကျွမ်းသူဖြစ်လို့ မောင်တော့်ကို ရန်ပြုမှာစိုးလှပါတယ်"

"ဟုတ်တယ်...သူ့မှာထူးခြားတဲ့ အတတ်ပညာရှိတယ် ဆိုတာ တကယ်ပဲ ငါ မျက်စေ့နဲ့တပ်အပ်မြင်ရပြီ...ဒီတော့ ဒီတစ်ယောက်တည်းတိုက်လို့ မနိုင်နိုင်ဘူး...ငါတစ်စိပ်ပါတိုက်


www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်မယ်''

ထိုသို့တွေးတောကာ...။

''တပ်စိပ်များ ဝင်တိုက်လော့''

ဟု အမိန့်ပေးလိုက်ရာ တပ်သားများမှာ မည်သည့်ဘက်က လာမည်မှန်းမသိသည့် ရန်သူကို ဓားတဝင့်ဝင့်ဖြင့် တိုက်ခွဲဝင်နေပါတော့သည်။

ထိုစဉ် ပြင်းထန်သည့် ဓားချက်မှာ မြို့စားကြီး၏ ဘယ်ဘက်နံရိုးကြားသို့ စိုက်ဝင်သွားခဲ့သည်။

''အား''

အော်သံမဆုံးမီ နောက်ထပ် ဓားချက်တစ်ခုမှာ ညာဘက်ရင်အုံသို့ တိုးဝင်သွားတော့သည်။

''အား''

မြို့စားကြီးမှာ ချက်ချင်းဆိုသလိုပင် ဒဏ်ရာများစွာ ရရှိခဲ့သည်။ မြို့စားကြီးမှာ သွေးအလိမ်းလိမ်းနှင့် မြေပြင်ပေါ်တွင် လဲကျသွားသည်။ သည်တွင်...ကျောက်ဂူထက်၌ ဒိဗ္ဗ ထာ





ယောက် ဘွားကနဲ ပေါ်လာပြီး...။

''အသက်ဘေးနဲ့ရင်ဆိုင်ရတဲ့အတွက် မတတ်သာလို့ ခုခံရတာပါ...အခုအချိန်ကစပြီး ကျုပ် ဒီကျောက်ဂူက စွန့်ခွာသွားပါပြီ''

ထိုသို့ပြောဆိုပြီးနောက် အရိပ်သဏ္ဌာန် အသွင်ပြောင်းကာ ကောင်းကင်သို့တက်သွားရင်း ပျောက်ကွယ်သွားခဲ့ပါသည်။

''သားလေးရာဟု...သားလေးရာဟု''

ကိုရာဟုကို လှမ်းကြည့်လိုက်ရာ လည်ပင်းတွင် ဓားချက်ထိကာ သေဆုံးသွားခဲ့သည်။ မြို့စားကြီးမှာလည်း ဒဏ်ရာများစွာ ရရှိခဲ့သည်။ တပ်သားတစ်ချို့လည်း ထိုနေရာတွင် ကျဆုံးခဲ့လေသည်။

ကျန်ရစ်သော တပ်သားအချို့မှ မြို့စားကြီးနှင့် သားတော်ကိုရာဟု၏အလောင်းကို ထမ်းကာ ပြန်လာခဲ့သည်။

ရမ္မာနာရမြို့တွင်းသို့အရောက်တွင် မြေမြန်တော်တင်ပြီးမှ လျှောက်ထားသဖြင့် ဖခင်ကြီးထံသို့ မောင်ကာလုမှ အပြေး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"ဖခင် မည်သို့ဖြစ်ရသနည်း"

"ဒီဗွ ကား အစွမ်းထက်သူတစ်ယောက်ဖြစ်ပြီး ငါ့ထက် စွမ်းရည်သာသူဖြစ်၍ ဒီပွဲမှာ ငါ ရှုံးနိမ့်ခဲ့ရပြီ. . . သားတော်ရာဟုလည်း သူ့လက်ချက်ဖြင့် ကွယ်လွန်ခဲ့ပြီ"

"ဖြစ်မှဖြစ်ရလေ ဖခင်ရယ်. . .နောင်တော်ဟာ ဘာမဟုတ်တဲ့လူတစ်ယောက်အတွက်နဲ့ အသက်စွန့်ရတာ မတန်ပါအဘ"

"သားကာလုဖခင်လည်း သူ့ရဲ့ဓားချက်ကြောင့် ဒီလောက,က မကြာမီ ထွက်ခွာရပေတော့မယ်"

"ဖခင်စကား များများမဆိုပါလင့်. . .အခုပင် သမားတော်ကြီး ကြွလာပြီး အဖကို ကုသပေးပါမည်. . .အားတင်းထားပါလော့"

"သား ကာလု. . .ဖခင် မနေရတော့ပြီ. . .ဖခင် မသေမီ အရေးကြီးတဲ့တာဝန်တစ်ခုကို သားအား အပ်နှင်းအံ့"





"မှန်ပါ ဖခင်"

"သားဟာ ဒီ ရမ္မာနာရမြို့ကြီးကို ဖခင်ကိုယ်စား မြို့ားအဖြစ် ဆက်လက်အုပ်ချုပ်ပါ. . .ပြီးလျှင် မိခင်ကိုယ်စား ဗွ ကို လက်စားချေရန် တာဝန်အပြည့်အဝ ပေးလိုက်မည်. . .သားလုက်နာပါတော့"

"မှန်ပါ ဖခင်"

ထိုနောက် ဖခင်ကြီးသည် အမောဖောက်လာသဖြင့် ောင်ကာလု၏လက်ကို ဆုပ်ကိုင်ပြီး အားတင်းကာ စကားများကို ဆက်၍ပြောကြားခဲ့သည်။

"သား ကာလု. . .ဒီဗွ ဆိုတဲ့သူဟာ နာနာရုပ်ပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တဲ့အတွက် သူ့ကိုချက်ျင်းအနိုင်ရဖို့ မလွယ်ပါ. . .ဖခင်ပင်လျှင် သူ့ကိုအထင်သေးသို့ ယခုလိုဖြစ်ရပြီ. . .သူ့ကိုအနိုင်ယူလိုပါက ချက်ချင်းရင်ဆိုင်ပဲ သူ့ကိုနိုင်မယ့် ပညာရပ်ကို ပြည့်ဝအောင်သင်ကြားပြီး ဥပါယ်တံမျဉ်းသုံးကာ အနိုင်ယူလော့"



www.burmeseclassic.com

www.burmeseclassic.com



"အဘ စိတ်ချပါလော့. . . အဘပေးတဲ့တာဝန်ကို သား ကျေပြွန်အောင် ထမ်းဆောင်ပါ့မယ်. . . အဘပြောသလို ပညာ ရပ်တစ်ခုကို ကျွမ်းကျင်အောင်သင်ပြီးမှ ဒီဗွ ကိုသတ်ပြီး အခ အတွက် သွေးကြွေးကိုဆပ်ပါမည်ဟု အဖကို ကတိပေးပါသည်။

ထိုသို့ ရဲရဲတောက်စကားများဖြင့် ဖခင်ကြီးအား ကတိ ပေးနေစဉ် မောင်ကာလုအား ဆုပ်ကိုင်ထားသည့် မြို့စားကြီး၏ လက်များကာ ပြေလျော့ကာ ပြုတ်ကျသွားခဲ့ပြီ. . .။

"အဘရယ်. . . သမားတော်ကြီးလာအောင်တောင် မ စောင့်တော့ပဲ တမလွန်သို့ ထွက်ခွာသွားပြီလား"

မောင်ကာလုသည် အသက်ကင်းမဲ့နေသော ဖခင်ကြီး၏ အလောင်းကိုဖက်ကာ ငိုကြွေးခဲ့သည်။

ယခုတော့. . .။

ပျော်ရွှင်ချမ်းမြေ့စွာ ခံစားခဲ့ရသော မြို့စားကြီးမိသား တစ်ခုလုံး ပြိုကွဲခဲ့ရပြီ။ အားလုံး လေးယောက်ရှိသည့်အနက် သုံးယောက်မှာ သေပွဲဝင်ခဲ့ရပြီး မောင်ကာလုတစ်ယောက်သာ





ကျန်ရစ်ခဲ့ပြီး မိသားစုကို လွှမ်းဆွတ်တမ်းတ ကြေကွဲဝမ်းနည်းမှု များကို ရင်ဝယ်ပိုက်ကာ ကြိတ်မနိုင်ခဲမရ ဖြစ်နေပါတော့သည်။

"ဒီဗွ . . . ဒီဗွ . . . မင်းနဲ့ငါ ကမ္ဘာကြေတာတောင် ဥဒါန်း မကြေဘူးဟေ့" ဟူ၍ ကြိမ်းဝါးခဲ့သည်။

ထိုအချိန်က မောင်ကာလုမှာ အသက်တစ်ဆယ်ရှစ်နှစ် ခန့်သာ ရှိသေးသည့်အတွက် မြို့စားကြီးဟူသည့် ကြီးလေးသော တာဝန်ကို ထမ်းဆောင်ရင်း တစ်ဖက်တွင် ဓားခုတ်လှံထိုးအတတ် ပညာရပ်နှင့် ဓားသိုင်းတုတ်သိုင်း အဆင့်မြင့်သိုင်းပညာများကို သင်ကြားခဲ့ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

## ''လျှို့ဝှက်ချက်နှင့် ကျော့ရှုပ်''

ထိုအချိန်တွင် ဒိဗ္ဗ မှာ မြို့စားကြီးနှင့်ပြိုင်ရာမှ ကျောက်ရှုမြဲမနေတော့ပဲ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို အရပ်တကာ လှည့်လည်ခဲ့သည်။

ရောက်လေရာနေရာများတွင် စားဝတ်နေရေးအတွက် ပဋ္ဌလက်အတတ်၊ မျက်လှည့်အတတ်ပညာများကို အသုံးပြု၍ ပဋ္ဌလက်မျက်လှည့်ဆရာကြီးအဖြစ် မျက်လှည့်ပြကာ စားသောက်နေထိုင်ခဲ့သည်။

ထို့နောက် ထိုပညာသင်ကြားလိုသည့်သူများ ရောက်ရှိလာကာ တပည့်ခံခဲ့ကြသည်။ ထိုတပည့်များအား ပဋ္ဌလက်အ





တတ်၊ လက်လှည့်မျက်လှည့်အတတ်ပညာများကို သင်ကြားခဲ့သည့် ဆရာကြီးအဖြစ် ဘွဲ့ခံကာ နေထိုင်ခဲ့သည်။

ထိုဒေသအနီးတစ်ဝိုက်ရှိရွာများမှ ၎င်း၏တပည့်တပန်းများက မသိနားမလည်သော ရွာသူရွာသားများအား မှော်ဆရာယောင်ယောင် စုန်းယောင်ယောင် အမည်ခံ၍ လက်လှည့်မျက်လှည့် အတတ်ပညာပြသကာ လိမ်လည်စားသောက်နေခဲ့သည်။ ၎င်း၏တပည့်များက လိမ်လည်၍ရသည့် အစားအစာများကို ဆရာကြီးဒိဗ္ဗ အား လာရောက်ပေးလှူ ပူဇော်ခဲ့ကြသည်။

ဒိဗ္ဗ သည် မိစ္ဆာဂူမှာန်တောင်ကြားအလွန်ရှိ ကျယ်ဝန်းသော ချေပြင်ကျယ်ကြီးနှင့် မနီးမဝေးတွင်ရှိသော ကျွန်းတစ်ကျွန်း၌ တစ်ကိုယ်တည်း နေထိုင်သည်။ ထိုကျွန်းသို့ မည်သူမျှ လာရောက်ခွင့်မရှိပေ။ ထိုကျွန်းကို ''တစ်ကျွန်းစံ''ဟု အမည်ပေးထားသည်။

တပည့်တပန်းများက စားသောက်ဖွယ်ရာများကို ပူဆောင်လာလျှင် မိစ္ဆာဂူန်မှာန်တောင်ကြား၌သာ ထားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိဗ္ဗ က ထိုအစားအစာများကို လာရောက်ယူငင်ပြီး တစ်ကျွန်းစံသို့ ပြန်သွားခဲ့သည်။ ဒိဗ္ဗ သည် အဆင့်မြင့် ဆရာကြီးဘဝကိုခံယူကာ တပည့်အပေါင်းနှင့် ပျော်ရွှင်စွာ နေထိုင်ခဲ့သည်။

ထိုတပည့်များအနက် ငါးဖွန်းရွာတွင် နေထိုင်သည့် ဒေါ်မဲဝါကြီးတစ်ယောက်လည်း ပါဝင်ခဲ့သည်။ ဒေါ်မဲဝါကြီးမှာ နဂိုကပင် အသားမည်းပြီး အရုပ်ဆိုးအကျည်းတန်လှသည်။ ထို့အပြင် စကားပြောရာတွင် အပေါက်ဆိုးသဖြင့် သူမကို လူအများက ရွံ့မုန်းကြသည်။

ဒေါ်မဲဝါကြီးက လူများ၏ အမုန်းကိုခံရသဖြင့် ထိုသူများကို စိတ်နာခဲ့သည်။ တစ်နေ့တွင် မျက်လှည့်ပြနေသည့် ဒိဗ္ဗ နှင့် တွေ့ဆုံပြီး တပည့်ခံကာ ပဥ္စလက်၊ လက်လှည့် မျက်လှည့်ပညာရပ်များကို သင်ကြားပေးလိုက်သည်။

ဒေါ်မဲဝါမှာ ထိုပညာဖြင့် ရွာသူရွာသားများကို ခြိမ်းခြောက်ကာ ၎င်းလိုချင်သည့်ပစ္စည်း၊ အစားအစာများကို တောင်းရမ်းစားသောက်ခဲ့သည်။ ဒေါ်မဲဝါကြီးလိုပင် ၎င်း၏တပည့်





များက အခြားသောရွာများတွင် ပဥ္စလက်ဆရာဟန်ဆောင်ကာ ရွာသူရွာသားများအား ဒုက္ခပေးခဲ့ကြသည်။

တစ်ချို့ကလည်း ဤကဲ့သို့ တပည့်ဆိုးမွေးကာ ဒုက္ခပေးနေသော ဆရာကြီးဒိဗ္ဗ ကို သတ်ချင်သည့်ဆန္ဒများ ပေါ်ပေါက်ခဲ့သည်။ တစ်ချို့မှုကား ဒိဗ္ဗ ၏ နာနာရုပ်ပညာကို အထင်ကြီးသည်။ နာနာရုပ်ကျမ်းကြီးကို လိုချင်သူများလည်း ရှိသည်။

မိစ္ဆာဂူမှောင်တောင်ကြားကို ဖြတ်မှသာလျှင် ဆရာကြီးနေသည့် တစ်ကျွန်းစံကိုရောက်မည့်အတွက် ထိုလူများက မိစ္ဆာဂူမှောင်တောင်ကြားသို့ လာခဲ့ကြသည်။ ဒေါ်မဲဝါကြီးကို မိစ္ဆာဂူမှောင်တောင်ကြားအစောင့်အဖြစ် တာဝန်ပေးထားခဲ့သည်။

ဆရာကြီးဒိဗ္ဗ ၏ တာဝန်ပေးချက်အရ ဒေါ်မဲဝါကြီးလက်ချက်နှင့် အစပျောက်ကုန်သဖြင့် တော်ရုံတန်ရုံလူအများက ဤတောင်ကြားကို ရှောင်ခဲ့ကြသည်။

မောင်ကာလုမှာ ဒိဗ္ဗ ၏အကြောင်းကို အထောက်တော်များလွှတ်၍ စုံစမ်းနိုင်းရင်း ဓားခုတ်လုံ့ထိုး ကိုယ်ခံအဆင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာများကို လေ့လာလိုက်စားခဲ့ရာ ခြောက်နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။ ထိုတစ်နေ့၌ အထောက်တော်များထံမှ သတင်းရခဲ့သည်။

"အရှင်. . . ဒိဗ္ဗ ဟာ ပဥ္စလက်ဆရာကြီး ဘွဲ့ခံပြီး မိစ္ဆာဂူမှာန်တောင်ကြားမှာနေတယ်လို့ သတင်းရပါတယ်"

"ကောင်းပြီ"

အထောက်တော်များ သတင်းရကတည်းက ဒိဗ္ဗ ဆီသို့ သွားလိုသည့်ဆန္ဒမှာ ပြင်းပြလှသည်။ သို့သော် ဖခင်ကြီးပြောသည့်စကားကို ကြားယောင်ကာ ပညာမပြည့်စုံသေး၍ သည်းခံကာ စောင့်ဆိုင်းနေခဲ့ရသည်။

တစ်နေ့သော်. . .။

မောင်ကာလုအား ဓားသိုင်းသင်ကြားပေးသည့်ဆရာက

"မြို့စားလေး ဓားသိုင်းလုံသိုင်း ပညာက ထစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ပါပြီ. . . ဒါ့အပြင် ရေးဟောင်းပုရပိုက် တစ်ခုမှ ကိုယ်ပျောက်သည့်သူအား မြင်နိုင်စွမ်းရှိသည့် မန္တာန်တစ်ခုလည်း ရရှိခဲ့သည်။ ထို့ကြောင့် ထိုမန္တာန်အား မြို့စားလေး အားပေးမည်. . . အလိုရှိရာသုံးပါလော့"

ထိုသို့ပြောဆိုကာ မောင်ကာလုအား ကိုယ်ပျောက်သူအား မြင်နိုင်စွမ်းရှိသည့် မန္တာန်အား ပေးခဲ့သည်။ သည်တွင် မောင်ကာလုမှာ ထိုမန္တာန်အား ကျက်မှတ်ခဲ့သည်။

"အင်း. . . ခြောက်နှစ်တောင်ကျော်လာခဲ့ပြီ. . . ဒီမန္တာန်တော်လည်း ရပြီးပြီဆိုတော့ ဒိဗ္ဗ ကို ငါရှာဖို့သင့်ပြီ. . . မိစ္ဆာဂူမှာန်တောင်ကြားဟာ ရမှာနရမြို့နဲ့ အတော်ဝေးတယ်"

"ဒီကိစ္စကို လျှို့ဝှက်စွာသွားပြီး ဖြေရှင်းမှဖြစ်မယ်. . . ဒီမြို့စားလေးရာထူးကို ပညာကျော်အမတ်ကြီးကို ခေတ္တလွှဲထားမှဖြစ်မယ်"

မောင်ကာလုသည် ဤသို့ စဉ်းစားကာ ပညာကျော်အမတ်ကြီးအား ခေါ်ယူပြီး ဒိဗ္ဗ အား လက်စားချေမည့်အကြောင်းကို တိုင်ပင်ခဲ့သည်။

"အမတ်ကြီး. . . ဒီအကြောင်းကို မည်သူ့ကိုမျှ မပြော



အိုးယွန်းသုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါနှင့်. . .လျှို့ဝှက်ထားပါ. . . မြို့စားမင်းရာထူးကို ခေတ္တမျှဆက်ခံထားပါလော့''

''ကောင်းပါပြီ မြို့စားလေး''

ထိုသို့ အားလုံးကို စီမံခန့်ခွဲပြီးနောက် ရမ္မာနာရမြို့မှ ရုပ်ဖျက်ကာ တိတ်တဆိတ်ထွက်ခွာခဲ့သည်။ ဤဒေသကား မြစ်ချောင်းများ ပေါများသဖြင့် ရေကြောင်းခရီးဖြင့် အဋ္ဌနနဒီမြစ်အတွင်း လှေတစ်စင်းနှင့် ခရီးသည်တစ်ယောက်အဖြစ် လှော်ခတ်လာခဲ့သည်။

သို့ရာတွင် ကံအကြောင်းမလှ၍ ညဦးအချိန်၌ မြစ်အတွင်း မုန်တိုင်းမိကာ တံငါရွာကလေးသို့ ရောက်ရှိပြီးနောက် ထိုမှတစ်ဖန် ငါးဖွန်ရွာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပေသည်။

မောင်ကာလုမှာ ဆိုးဝါးလှသော မိမိတို့မိသားစုကံကြမ္မာကိုတွေးရင်း ဒိဗ္ဗ ကို မည်သို့လက်စားချေရမည်ကို တွေးတောနေမိသည်။

ယခု စုံစမ်းရသလောက်မှာ ဒေါ်မဲဝါကြီးတို့သားအမိနှင့်





ဒိဗ္ဗ မှာ ပတ်သက်နေကြောင်း သိရသဖြင့် ဒေါ်မဲဝါ၏သမီးဖြစ်သူ ကျော့ရှုပါနှင့် ခင်မင်ရင်းနှီးရန် အကြံရှိခဲ့သည်။

မောင်ကာလုသည် အဘဦးသာဦးမောင် ပြောနေသည့် ကြားမှပင် ကျော့ရှုပါနှင့် တွေ့ဆုံခဲ့သည်။ ညနေ ရေခပ်ဆင်းချိန်တိုင်း မောင်ကာလုမှာ ရေတွင်းကြီးဆီသို့ ရောက်ခဲ့သည်။ ထုံးစံအတိုင်းပင် ရွာထဲမှ အပျိုချောတစ်စုက ကျော့ရှုပါကို ရှောင်သွားကြသည်။

သည်အချိန်မှစ၍ မောင်ကာလုနှင့်ကျော့ရှုပါတို့နှစ်ဦးသား စကားတွေဖောင်ဖွဲ့အောင် ပြောဖြစ်ခဲ့သည်။

''ကျော့ရှုပါ. . . မင်းတို့သားအမိ အခုလို နှစ်ယောက်တည်းနေရတာ မပျင်းဘူးလား''

''ပျင်းတာပေါ့ အစ်ကိုရယ်. . . အခုလို အစ်ကိုနဲ့ စကားပြောရတာ ညီမ သိပ်ပျော်တာပဲ''

''ဒါဆို. . . ကျော့ရှုပါ မပြန်နဲ့လေ. . . အစ်ကိုနဲ့ တစ်ညလုံး စကားပြောကြမယ်''



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုတော့ ဘယ်ဖြစ်မလဲ အစ်ကိုရယ်. . . အခုတော
အစ်ကိုနဲ့တွေ့ချင်လွန်းလို့ သောက်ရေကုန်သွားပြီလို့ပြောပြီး ထွ
လာတာ"

"ညီမက ဒီတွင်းရေကိုသောက်တာလား"

"ဟုတ်ပါတယ် အစ်ကို. . . သောက်ရေကို ဒီတွင်းက
ခပ်တာပါ. . . ချိုးရေသုံးရေကတော့ မိစ္ဆာနဂ်မှာန်တောင်ကြားက
ဝါးခြမ်းနဲ့သွယ်ထားတယ်"

နဂိုကမှ မိစ္ဆာနဂ်မှာန်တောင်ကြားအကြောင်း သိလိုသ
ဖြင့် ကျော့ရူပါ စကားစအလာတွင် မလွှတ်အောင် မေးလိုက်
သည်။

"ဒါနဲ့. . . မိစ္ဆာနဂ်မှာန်တောင်ကြားက အန္တရာယ်ကြီး
တယ်ဆို"

"အစ်ကို့ကို ဘယ်သူကပြောလဲ"

"အစ်ကိုက တစ်ဆင့်စကား တစ်ဆင့်နား ဆိုသလို
ကြားတာပါ. . . တစ်ချို့အပြောအရဆိုရင် ပြန်လမ်းမဲ့တောင်ကြား





လို့တောင် ပြောကြတယ်. . . အဲဒါ ဟုတ်လား ကျော့ရူပါ"

"လူတွေကလည်း စကားကို အမျိုးမျိုးချဲ့ပြီး ပြောတတ်
ကြတယ်"

"ဒါဆို. . . မဟုတ်လို့လား ကျော့ရူပါရယ်"

"အစ်ကို့ကို သားချင်းအရင်းလို ခင်လို့ ပြောပြပါ့မယ်၊
တကယ်တော့ မိစ္ဆာဂူမှာန်တောင်ကြားကိုလာတဲ့သူတွေကလည်း
သူ့အကြောင်းနဲ့သူရှိတယ်. . . အဲဒီလူတွေက ဆရာကြီးရဲ့ကျမ်း
ကို. . . အို. . . ကျွန်မ ဘာတွေပြောမိပါလိမ့်"

"ဘာလဲ. . . ဆရာကြီးရဲ့ကျမ်းကိုလိုချင်လို့ လာတဲ့သူ
တွေလို့ ပြောမလို့လား"

"အစ်ကိုကရော. . . ဒီအကြောင်းကို ဘယ်လိုသိသလဲ"

"ဒါကတော့. . . ဒီရွာရောက်တဲ့သူတိုင်းလိုလို သိကြ
တယ်"

"ဒါဆိုရင်. . . အစ်ကိုကရော ဆရာကြီးရဲ့ကျမ်းကိုလို
ချင်လို့ လာတဲ့သူထဲမှာများ ပါနေမလား. . . ဒါဆိုရင် ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတိပေးထားပါရစေ... မိစ္ဆာဂူမှာနက်ကို မလာခဲ့ပါနဲ့... အသက်နဲ့ကိုယ် တခြားစီဖြစ်သွားလိမ့်မယ်''

''ကျော့ရှုပါက ဒီလိုပြောနိုင်လောက်အောင် ဘာအကြောင်းတွေများ သိထားလို့လဲ''

''အစ်ကိုရယ်... ညီမရဲ့ဘဝအကြောင်းကို မမေးပါနဲ့ ညီမဘဝက ဆိုးလှပါတယ်... ညီမဘဝကို ဘယ်သူမှ မကယ်တင်နိုင်ပါဘူး အစ်ကို''

ကျော့ရှုပါ၏မျက်ရည်များသည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျလာခဲ့သည်။

''ညီမရယ် မငိုပါနဲ့... အစ်ကိုဟာ ငွေကြေးချမ်းသာတဲ့ သူဌေးသားတစ်ဦးပါ... ညီမဘဝကို ကယ်တင်ပေးနိုင်ပါတယ်... ဘယ်လိုကယ်တင်ရမလဲဆိုတာသာပြောပါ''

''တစ်မိမ်းယောကျာ်းတစ်ယောက်မို့ ချက်ချင်း မယုံဝံ့ပါဘူးရှင်''

''ဩော်... ညီမရယ်... အစ်ကိုက စိတ်ရင်းမှန်နဲ့ပြော





တာပါ... အစ်ကိုဟာ ယောကျာ်းကောင်းတစ်ယောက်ပါ... ပြောတဲ့အတိုင်း လုပ်တတ်ပါတယ်''

''ညီမ... အစ်ကို့ကို ယုံကြည်သွားပါပြီ... နောက်တစ်နေ့မှာ ညီမအကြောင်းတွေအားလုံး ပြောပြမယ်''

''ကောင်းပါပြီ ညီမရယ်''

သည်လိုနှင့် သည်နေ့အဖို့ ကျော့ရှုပါနှင့်လမ်းခွဲကာ အိမ်သို့ပြန်လာခဲ့သည်။ နောက်တစ်နေ့ညနေခင်း...။

သည်ရေတွင်း၌ ဆုံကြပြန်သည်။

''အစ်ကို... ဒီည ကိုးနာရီမှာ အစ်ကို အိမ်ကထွက်ပါ... အစ်ကိုလာမယ်ဆိုရင် ရွာအနောက်ပိုင်း သချိုင်းကဖြတ်ပြီးလာခဲ့ပါ... သချိုင်းမှာ အစ်ကို တစ်ခုခုနဲ့တွေ့လိမ့်မယ်... ဘာတွေ့တွေ့ အစ်ကိုရှောင်ပြီး ညီမဆီကို အရောက်လာခဲ့ပါ၊ အဲဒီတော့မှ ညီမ အားလုံးပြောပြမယ်''

''ကောင်းပါပြီ''

သည်ညနေအဖို့ သူ အင်မတန်သိချင်သည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာများကို သိရမည်ဖြစ်၍ မောင်ကာလု လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားခဲ့သည်။

ညကိုးနာရီထိုးရန် အချိန်ကို စောင့်နေခဲ့သည်။ အဘ ဦးသာဦးမောင် သိမည်စိုးသဖြင့် ၎င်း၏အိပ်ရာပေါ်တွင် ခေါင်းအုံး များကို စောင်နှင့်ခြုံကာ အိပ်နေသည့်သဏ္ဌာန် ပြုထားခဲ့သည်။

ညကိုးနာရီ ထိုးသည်နှင့်တစ်ပြိုင်နက် အဆောင်အပေါ် ထပ်မှ ခြေဖော့ကာ ရွာ၏အနောက်ဖက်သို့ ထွက်ခဲ့သည်။ လပြည့်ညဖြစ်၍ လမင်းကြီး ထိန်ထိန်သာနေသည်။

ရွာအနောက်နားသို့ သင်္ချိုင်းသို့ ရောက်ကာနီးတွင်. . .။

''အူး. . . အူး. . . အူး''

''အူး. . . အူး. . . အူး''

ခွေးအူသံများက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။ လွန်စွာ တိတ်ဆိတ်ပြီး လူခြေတိတ်အချိန်တွင် ဆွဲဆွဲငင်ငင်အူ လိုက်သည့် ခွေးအူသံမှာ သာမန်လူသားများအတွက် ချောက် ချားဖွယ်အသံများပင် ဖြစ်ချေသည်။





တာဝန်တစ်ရပ်နှင့်လာသူဖြစ်၍ ထိတ်လန့်ခြင်း မဖြစ် ဘဲ ကြိုးစားပြီး သင်္ချိုင်းဆီသို့လာခဲ့သည်။

ရွာသင်္ချိုင်းဖြစ်၍ မြေပုံဟောင်းများရှိ မှတ်တိုင်များက သည့်မှတ်တိုင်က လဲကျနေသည်။ တစ်ချို့မြေပုံများမှာ ခပ်မို့ ကလေးသာရှိသည်။ မကြာမီက သေထားပြီးသည့် မြေပုံများ ား ပုံသဏ္ဌာန်မပျက်ရှိ၏။ ထိုမြေပုံများကြားတွင် ချုံပုတ်ကဲ့သို့ သော အပင်ပုကလေးများရှိသည်။ တစ်ခါတစ်ရံ လေခပ်ပြင်း ြင်း တိုက်လိုက်သည့်အတွက် သစ်ရွက်မြည်သံများမှာ တရှဲရှဲ သည့် အသံများ ထွက်ပေါ်လာခဲ့သည်။

ထိုစဉ် သစ်ပင်ချုံပုတ်ပုကလေးများကြားမှ ခပ်မည်း ည်းသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။

''ဟာ. . .မည်းမည်းသဏ္ဌာန်တစ်ခုပါလား''

မောင်ကာလုက သေသေချာချာ ကြည့်လိုက်သောအခါ မည်းမည်းအကောင်ကြီးမှာ သစ်ပင်ချုံနွယ်များအကြားသို့ ကနဲ တိုးဝင်ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ. . . လူလား. . . တစ္ဆေသရဲလား"

ထိုသို့စဉ်းစားမိကာ သေသေချာချာကြည့်သော်လည်း အရိပ်မည်းမည်းကြီးကို မတွေ့ရပေ။ လူသံကြား၍ ပုန်းခြင်းပေလော။ သို့မဟုတ် နာနာဘာဝတို့၏ သရုပ်သဏ္ဌာန်လော. . .။

"အင်း. . . ကျော့ရှုပါကတော့ ဘာတွေ့တွေ့ အစ်ကို ရှောင်ပြီး ညီမဆီကို အရောက်လာခဲ့ပါ"

ထိုစကားကိုကြားယောင်မိသဖြင့် ထိုနေရာမှရှောင်ကာ ခင်တန်းဘက်သို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။

ခင်တန်းအစပ်သို့ရောက်သောအခါ မောင်ကာလုသည် ကျော့ရှုပါအား ဟိုဟိုသည်သည်ကြည့်ကာ လိုက်ရှာစဉ်. . .။

"အစ်ကို. . . ညီမ ဒီမှာ"

ခပ်အုပ်အုပ်အသံကလေးဖြင့် ခေါ်လိုက်သည်။

"ဩော်. . . ညီမ. . . အစ်ကို ရောက်လာပြီ"

"အစ်ကို. . . လာ. . . လာ"

ကျော့ရှုပါက မောင်ကာလု၏လက်ကို ဆွဲကိုင်ကာ အ





မှောင်အတွင်းလမ်းမှ ခေါ်ဆောင်သွားခဲ့သည်။

"အစ်ကို. . . ဒါဟာ အိမ်ထဲကိုဝင်တဲ့ အနောက်ဖက်က အတွင်းလမ်းပဲ"

"ဘာ့ကြောင့် အရှေ့ကမသွားတာလဲ"

"အစ်ကို့ကို ညီမတို့အိမ်ရဲ့လျှို့ဝှက်ချက်ကို ပြချင်လို့ပါ"

"ဩော်"

"အစ်ကို သချိုင်းကဖြတ်လာတုန်းက မည်းမည်းအရိပ်ကြီးကို တွေ့ခဲ့တယ် မဟုတ်လား"

"အဲဒါ ဘယ်သူလဲ"

"အဲဒါ ဒေါ်မဲဝါကြီးပေါ့"

"ဒေါ်မဲဝါကြီးက ညီမရဲ့အမေ မဟုတ်ဘူးလား"

"မဟုတ်ဘူး အစ်ကို. . . ဒေါ်မဲဝါကြီးက ကျွန်မမိဘနှစ်ပါးကို ကြက်တောင်းတာ မပေးလို့ဆိုပြီး သတ်ပစ်လိုက်တယ်၊ အဲဒီတုန်းက ကျွန်မ ဆယ်နှစ်သမီးပဲ ရှိသေးတယ်. . . မိဘတွေကို တော့ သူက ကျွန်မကိုကျွေးမွေးပြီး ခိုင်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . ထွက်ပြေးပါလား ညီမရယ်"

"အစ်ကို ကျွန်မ ဒီအတိုင်းထွက်ပြေးလို့မရဘူး . . . ကျွန်မ ထွက်ပြေးရင် သူ့ရဲ့ဆရာကြီး ဦးဒိဗ္ဗ ကို လိုက်ပြီး သတ်ခိုင်းမယ် လို့ပြောတယ်"

"ဒါဆိုရင် . . . ဘယ်လိုလုပ်ကြမလဲ"

"ကျွန်မသိသလောက် ပြောရရင်တော့ သူ့ကို အရင် သတ်ရမယ် . . . ဒါပေမယ့် သူ အသတ်ခံရတယ်ဆိုတာသိတာနဲ့ တစ်ပြိုင်နက် သူ့ဆရာကြီး ဒိဗ္ဗ ဟာ ရောက်လာလိမ့်မယ် . . . ဆရာကြီးက ပညာတတ်လွန်းတော့ သူ့ကိုယှဉ်ပြိုင်ဖို့မလွယ်ဘူး"

ထိုသို့ပြောပြီးလာခဲ့ရာ အနောက်ဘက်အပေါက်ရှိ ခြံဝင်း ရှိရာသို့ ရောက်ရှိလာပါသည်။ ထိုခြံဝင်းထဲတွင် အရိုးပြိုင်းပြိုင်း ထနေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရှိရသည်။

လရောင်ထိန်ထိန်လင်းနေသည့်အတွက် ထိုသစ်ပင်ကြီး ပေါ်တွင် နားနေသည့်ငှက်များကို ထင်ထင်ရှားရှား မြင်တွေ့ရာ မောင်ကာလုမှာ လွန်စွာ အံ့သြသွားပါတော့သည်။





"ဟို . . . သစ်ပင်ပေါ်မှာ လင်းတတွေအများကြီးပဲ"

"ဟုတ်ပါတယ် . . . အစ်ကို အံ့သြသွားသလား"

"နည်းနည်းတော့ အံ့သြသွားတယ်"

"အစ်ကို ဟိုဘက်က သစ်ပင်ပေါ်ကို ကြည့်ပါဦး"

ကျော့ရှုပါက ပြသဖြင့် ကြည့်လိုက်ရာ သစ်ပင်တစ်ပင် လုံးပေါ်တွင် ကျီးကန်းပေါင်းများစွာ အိပ်တန်းဝင်နေသည်ကို တွေ့လိုက်ရသည်။

"ဟာ . . . ကျီးကန်းတွေ မနည်းပါလား"

"ဟုတ်တယ် . . . အဲဒါ ဒေါ်မဲဝါကြီး မွေးထားတဲ့ သတ္တဝါ တွေပဲ"

"ဘာဖြစ်လို့မွေးထားပါလိမ့်"

"အစ်ကို . . . ခဏနေရင် တွေ့ရလိမ့်မယ်"

"ဘာတွေတွေ့မှာလဲ"

"အစ်ကို . . . ဟိုဘက်တောစပ်ဘက်ကို ကြည့်လိုက်ပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျားလျောင်အိမ်ထဲမှာ ကျားကြီးပါလား"

"အစ်ကို ဒီလောက်မြင်ရရင် ညီမ ပြောလို့ရသွားပြီ၊ မကြာခင် ဒေါ်မဲဝါကြီး ပြန်လာလိမ့်မယ် အစ်ကို. . . ဒီအိမ်အပေါ် ထပ်ကနေ ချောင်းကြည့်ပေတော့"

"ဒီအိမ်အပေါ်ထပ်ကိုရော. . . ဒေါ်မဲဝါကြီး တက်လာဦး မှာလား"

"သူက အိမ်ပေါ်ထပ်ကို တက်ခဲပါတယ်. . . အစ်ကို စိတ်ချနေပါ. . . မတက်ပါဘူး"

"ဟုတ်ပြီ. . . ဒါဆိုရင် အစ်ကို အပေါ်ထပ်ကကြည့် မယ်"

ထိုသို့ဖြင့် မောင်ကာလုသည် ကျော့ရူပါထားသည့် အပေါ် ထပ်၌ စောင့်ကြည့်နေခဲ့သည်။

သန်းခေါင်ကျော်ခန့်အချိန်တွင် အနောက်ဖက်ခြံတံခါးဝ၌ ခပ်မည်းမည်းအရိပ်ကြီးတစ်ခု ရွေ့လာနေသည်ကို တွေ့လိုက်ရ သည်။





"ဟော. . . ဒေါ်မဲဝါကြီး ရောက်လာပြီ. . . ညီမ ဆင်း တော့မယ်"

"ကောင်းပြီ"

"အစ်ကို ဘာကိုတွေ့တွေ့ အသံမထွက်ပါနဲ့. . . အသံ ထွက်ရင် အစ်ကို့ရဲ့အသက်ကို ညီမ တာဝန်မယူနိုင်ဘူး"

"အစ်ကို့အသက်ကို မင်း တာဝန်မပေးပါဘူး ညီမရယ်၊ အစ်ကိုနားလည်ပါတယ်"

ကျော့ရူပါက ခပ်မြန်မြန်လေး ပြေးဆင်းသွားခဲ့သည်။ ထိုစဉ်. . . ဒေါ်မဲဝါကြီးမှ လက်ခုပ်တီးကာ. . .။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"သားတို့. . . သမီးတို့ရေ. . . အမေလာပြီ"

"အား. . . အား. . . အား"

"အား. . . အား. . . အား"

"ဂီး. . . ဂီး. . . ဂီး"

အသံမျိုးစုံ ပေါ်ထွက်လာပြီး အိပ်နေသော ကျီးကန်းများ



www.burmeseclassic.com

www.burmeseclassic.com



လည်း နီးထကာ ဒေါ်မဲဝါကြီးဆီသို့ ပျံဝဲရင်း တအားအားအော်မြည်နေပါသည်။ ထို့နောက် အရိုးပြိုင်းပြိုင်း သစ်ခြောက်ပင်ပေါ်မှ လင်းတကြီးများလည်း အတောင်တဖျပ်ဖျပ်ခတ်ကာ မြေပြင်သို့ ဆင်းသက်လာခဲ့သည်။

ထိုစဉ် ဒေါ်မဲဝါကြီးသည် ဝတ်ရုံနက်ကြီးကိုချွတ်လိုက်ပြီး အိတ်မည်းကြီးထဲမှ အသားတုံးဟုထင်ရသည့် အတုံးငယ်ကလေးများကို ပစ်၍ကျွေးခဲ့သည်။

လင်းတများက ဝဲဘက်နေရာတွင် နေရာယူကာ အသားတုံးများကို စားနေသည်။ ကျီးတစ်အုပ်မှာမူကား ၎င်းတို့နှာရှိသည့် လက်ယာဘက်တွင် စနစ်တကျ စားသောက်နေသည်။

ထို့နောက် အသားတုံးများ ကုန်သွားသောအခါ. . .။

"အား. . . အား. . . အား"ဟု အော်မြည်ကာ ဒေါ်မဲဝါကြီး ပခုံးထက်သို့ နားကာ အစာတောင်းနေပါသည်။ ဒေါ်မဲဝါကြီးက အစာများ ပစ်ပေးရင်း. . .။

"ရန်သူတွေလာရင် ငါ့ကိုအကြောင်းကြား"





"အား. . . အား. . . အား"

ကျီးများကို ဤသို့ပြောကြားခဲ့သည်။ ထို့နောက် လင်းတများထံသို့ အသားတုံးများပစ်ပေးရင်း. . .။

"နင်တို့လည်း အတူတူပဲ. . . ရန်သူလာရင် မျက်လုံးကိုဆိတ်ကြ"

"ဂီး. . . ဂီး. . . ဂီး"

အော်ဟစ်သံများ ဆူညံနေသည်။

ထို့နောက် ကျားလှောင်အိမ်ဘက်သွားကာ အသားတုံးကြီးတစ်တုံးကို ပစ်၍ကျွေးလိုက်ရာ. . . ကျားကြီးမှ. . .။

"ဝေါင်း. . . ဝေါင်း"

ဟူသော အသံကြီးဖြင့် ဟိန်းလိုက်သည်။

"သြော်. . . ဒေါ်မဲဝါကြီးဟာ ဒီတိရစ္ဆာန်တွေမွေးပြီး ဒီတောင်ကြားကို ဖြတ်တဲ့သူမှန်သမျှ အန္တရာယ်ပေးနေတာကိုး။ ဒါဆိုရင် ငါလည်း ဒီတောင်ကြားကို ဘယ်လိုဖြတ်ရပါ့မလဲ"

ထိုသို့စဉ်းစားရင်း ဒေါ်မဲဝါကြီး၏ အရိပ်အခြည်ကိုစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေခဲ့သည်။ ဒေါ်မဲဝါကြီးမှာ ပြုဖွယ်ကိစ္စများ ပြုပြီးနောက် ရေအိုးမှရေဖြင့် ခြေဆေးရင်း. . .။

"သမီး မိကျော့ရေ"

"ရှင်. . . လာပြီ အမေ"

"သချိုင်းထဲက ခူးလာတဲ့ ပဒိုင်းသီးတွေ လာယူစမ်း"

"ဟုတ်ကဲ့ပါ အမေ"

သူမလွယ်ထားသည့် အိတ်မည်းကြီးကို လှမ်းပေးပြီး နှစ်ဦးသား အိမ်ထဲဝင်သွားပါတော့သည်။ မကြာမီ ကျီးတစ်သိုက်မှာ သစ်ပင်ပေါ်သို့ ပြန်ပြီး အိပ်တန်းတက်ခဲ့သည်။ ထို့အတူ လင်းတကြီးများမှာလည်း သစ်ခြောက်ပင်ပေါ်သို့ တက်သွားခဲ့လေသည်။

အရာခပ်သိမ်း တိတ်ဆိတ်သွားခဲ့သည်။

မကြာမီ အောက်ထပ်မှ ဒေါ်မဲဝါကြီး၏ တခေါ်ခေါ်ဟောက်သံကို ကြားခဲ့ရသည်။ နံနက်လေးနာရီခန့်တွင် ကျော့ရှုပါသည် အိမ်အပေါ်ထပ်သို့ တက်လာပြီး. . .။





"အစ်ကို. . . ဒေါ်မဲဝါကြီး အိပ်မောကျနေပြီ. . . သူက နေ့ခင်းအထိအိပ်တာ. . . အစ်ကိုပြန်မယ်ဆိုရင် ပြန်လို့ရပါပြီ"

"အိမ်း. . . အစ်ကို ပြန်တော့မယ်. . . ညနေကျမှ ရေတွင်းမှာတွေ့မယ်"

"ကောင်းပါပြီ အစ်ကို. . . အစ်ကို့ကို ခင်တန်းအစပ်အထိ လိုက်ပို့ပေးမယ်"

ထိုသို့ပြောဆိုကာ လာရာလမ်းအတိုင်း အနောက်ဘက်ခြံပေါက်ဝမှထွက်ပြီး ခင်တန်းအစပ်အထိ လိုက်ပို့ပေးခဲ့သည်။

မောင်ကာလုသည် ခပ်မြန်မြန်လျှောက်လှမ်းရင်း တည်းခိုဆောင်သို့ရောက်လာကာ စောင်ကိုခေါင်းမြီးခြုံ၍ အိပ်လိုက်ပါတော့သည်။

နံနက်ကိုးနာရီလောက်မှ နိုးလာခဲ့သည်။ အဘဦးသာဦး မောင်က မောင်ကာလု၏ခြေလှမ်းကို ရိပ်မိပုံပေါ်သည်။

အဘ၏စိတ်ထဲတွင် လူမျိုးကာလသားတစ်ဦးဖြစ်သည့် မောင်ကာလုက အပျိုချောကလေး ကျော့ရှုပါကို စွဲလမ်းသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြင့် ခင်တန်း၌ ချိန်းတွေ့သည်တု အထင်ရှိခဲ့သည်။ ထို့ကြောင့် သတိပေးစကားဆိုခဲ့သည်။

"မောင်ကာလု. . . မင်းကိုကြည့်ရတာ ဂုဏ်သရေရှိတဲ့ အမျိုးကောင်းသား ဖြစ်ပုံရတယ်. . . စုန်းမသမီးကို မနှစ်သက်ပါနဲ့. . . နှစ်သက်ရင် အသက်ကို စတေးရလိမ့်မယ်"

"အဘ. . . ကျွန်တော့်အတွက် စိတ်မပူပါနဲ့. . . ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းနိုင်ပါတယ်"

"ဒါဆိုလည်း ပြီးတာပါပဲကွယ်"

ပြောမရသဖြင့် ဦးသာဦးမောင်က လက်လျှော့သွားခဲ့သည်။ မောင်ကာလုသည် မိမိသိလိုသည့်ကိစ္စမှာ အကောင်အထည်ပေါ်လုနီးပါး ဖြစ်နေသည့်အတွက် လွန်စွာ စိတ်ခါတ်တက်ကြွနေပါသည်။

"တမလွန်က ဖခင်ရယ်၊ အမိရယ်၊ နောင်တော်ရယ် သွေးကြွေးဆပ်လုနီးပါးပြီ၊ သားကို ခွန်အားများ ပေးသနားတော်မူပါ"





ထိုသို့ဆုတောင်းခဲ့လေသည်။

ထိုနေ့ညနေစောင်းတွင် တွေ့နေကျ ရေတွင်းအနီး၌ စောင့်နေခဲ့သည်။ လူရှင်းသည့်အချိန်တွင်. . .။

"အစ်ကို. . . ညက မြင်ရတဲ့မြင်ကွင်းတွေဟာ ဒေါ်မဲဝါကြီး မွေးထားတဲ့ တိရစ္ဆာန်တွေပဲ. . . သူယူလာတဲ့ ပဒိုင်းသီးကသည်း ဒီတောင်ကို ကျော်ဖြတ်မယ့်သူအတွက် အန္တရာယ်ပေးမယ့် ပစ္စည်းတစ်ခုပဲ"

"ပဒိုင်းသီးက ဘယ်လိုအသုံးပြုတာလဲ"

"ပဒိုင်းသီးကို အခြောက်လှမ်းပြီး အမှုန့်ဖြစ်အောင်ထောင်းရတယ်. . . အဲဒီအမှုန့်ဟာ လူတွေကို မူးဝေမောဝေစေတယ်. . . သတိမေ့ဝေတယ်. . . အဲဒီတောင်ကြားကို ဖြတ်တဲ့သူနဲ့သမျှ မူမော်စေပြီး ဒီတိရစ္ဆာန်တွေနဲ့ တိုက်ခိုက်ပြီး ကျားစားသဒစား၊ ကျီးစာ ကျွေးပစ်တော့တာပဲ. . . ဒါ့ကြောင့် ဒီတောင်ကြားကို ပြန်လမ်းမဲ့တောင်ကြားလို့ခေါ်တယ် အဲဒီလိုအန္တရာယ်ရှိအောင်လုပ်နေတာ. . . အခြားသူမဟုတ်ဘူး. . . ဒေါ်မဲဝါကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒီလောက်သိရရင် အစ်ကို နားလည်ပါပြီ. . . ညီမကို ဘယ်လိုတင်စားကယ်တင်ရမလဲဆိုတာ အစ်ကို စဉ်းစ. . . ပြီးကို ညီမ့ကို ပြောပြမယ်"

"ကောင်းပါပြီ အစ်ကို. . . ညီမကလည်း ဘယ်လိုနိ နှင်းရမယ်ဆိုတာ စဉ်းစားပြီးပြောမယ်"

"ကောင်းပြီ ညီမ"

"ဒါဆို. . . မိုးလည်းတော်တော်ချုပ်သွားပြီ. . . ညီ သွား. . .ယ်"

. . .ပါက နှုတ်ဆက်ပြီး ပြန်သွားခဲ့သည်။

မောင်ကာလုလည်း တစ်လမ်းလုံး စဉ်းစားကာ တည် နိုဆောင်သို့ ပြန်ခဲ့သည်။

❖ ❖ ❖



အခန်း ( ၉ )

"သွေးကြွေးဆပ်တဲ့ပွဲ"

တည်းခိုဆောင်အပေါ်ထပ်သို့အရောက်တွင် ပျိုမြစ်နုပျို . . .သာ ယောက်ျားပျိုလေးတစ်ဦးကို တွေ့လိုက်ရသည်။

ထိုသူက ပြုံးရွှင်သောမျက်နှာပေးဖြင့်. . .။

"အစ်ကို ကျန်းမာပါစ"

ဟူ၍ နှုတ်ခွန်းဆက်လိုက်သည်။ မောင်ကာလုသည် . . .ည်မျက်နှာကို အတော်ရင်းနှီးစွာ သိပါရက် မည်သူမည်ဝါမှန်း . . .ည်နာမဖော်မရပေ။

သို့သော် နှုတ်ခွန်းဆက်သူကို အလိုက်အထိုက်. . .။

"ကျန်းမာပါတယ် ငါ့ညီ"



www.burmeseclassic.com

www.burmeseclassic.com



မြန်ဖြေလိုက်သည်။

"အစ်ကို. . . ကျွန်တော်လည်း အစ်ကို့လို ဒီတည်

ဆောင်မှာ လာရောက်တည်းခိုသူပါ ကျွန်တော့်ကိုလည်း ဒီအခ

ထပ်မှာ တည်းခိုခွင့်ပြုထားပါတယ်"

"ဒါဆို. . . အပေါ်ထပ်မှာ တို့နှစ်ယောက်ပဲရှိတာပေ

"ဟုတ်ပါတယ်"

"ဒါနဲ့. . . ငါ့ညီကို တော်တော်မြင်ဖူးပါတယ်. . . အ

မှာမြင်ဖူးမှန်း မသိလို့ပါ"

"အစ်ကို. . . ကျွန်တော့်ကို တကယ်မသိလို့လား"

"တကယ်မသိလို့ပါ"

"ဒါဆိုရင်. . . အစ်ကိုသိလောက်ပြီပေါ့"

ထိုသူက ပြောပြောဆိုဆို သျှောင်တစ်စောင်းကို ဖြေ

လိုက်သောအခါ ချောမောလှပသည့် မိန်းမပျိုကလေးမှန်း သိသ

ခဲ့သည်။

ထိုသူက ပြောပြောဆိုဆို. . .





"ဟာ. . . ပန်းသန္တာ"

မောင်ကာလုသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြင့် ပြောလိုက်သည်။ ပန်းသန္တာမှာ ယောကျ်ားလေးကဲ့သို့ဝတ်ဆင်ခြင်း ဖြစ်ပါသည်။

"ပန်းသန္တာ. . . ကိစ္စ အထူးအထွေးရှိလို့ အစ်ကိုနောက်ကို လိုက်လာတာလား"

"ဟုတ်ပါတယ် အစ်ကို"

"ပြောစမ်းပါဦး ပန်းသန္တာ"

"ညီမက အစ်ကိုများ ထွက်သွားနှင့်ပြီလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ အမြန်ဆုံးလိုက်လာတာပါ"

"အစ်ကိုသွားမယ့်လမ်းက အန္တရာယ်ကြီးတယ် ညီမ"

"အန္တရာယ်ကြီးမှန်းသိလို့ လိုက်လာတာပါ။ ညီမဟာ သာမန်မိန်းကလေး မဟုတ်ပါဘူး. . . အစ်ကို့ရဲ့ဖခင် ရှိစဉ်က တည်းက ပညာကျော်အမတ်အဖြစ် ခန့်အပ်ခံရတဲ့ အမတ်ကြီး စိန္တာကျော်သူရဲ့သမီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ... ပညာကျော်အမတ်ကြီးရဲ့သမီးကို"

"မြို့စားလေးဟာ ဆရာကြီးဒိဗ္ဗ နဲ့ ယှဉ်ပြိုင်ရင် အနိုင်ရဖို့ ညီမကို တံငါရွာကို တိတ်တဆိတ်လွှတ်ပြီး "သိဒ္ဓိဗလ သံသေဓား"ကိုရှာဖို့ လွှတ်လိုက်ပါတယ်။ လူယုံတော်ကြီးဘဘိုးထင်နဲ့ ညီမဟာ သားအဖဟန်ဆောင်ပြီး တံငါရွာမြစ်ထဲမှာ နစ်မြုပ်နေတဲ့သံသေဓားကို ရှာဖွေခဲ့ပါတယ်။ မြို့စားလေးလာတုန်းကအထိ ရှာဖွေမတွေ့သေးလို့ အမှန်တရားကိုမပြောဝံ့ဘဲ တံငါသားအဖဟန်ဆောင်ခဲ့ပါတယ်"

"အိမ်း... ဖခင်ကြီး ရှိစဉ်တုန်းက ပြောဖူးတယ်... နာနာရုပ်အတတ်ပညာသည်တွေကို ရိုးရိုးဓားနဲ့ သတ်လို့မသေ သိဒ္ဓိဗလသံသေဓားနဲ့သတ်မှ သေမယ်လို့"

"မှန်ပါတယ်... ဒီဓားဟာ မြို့စားကြီးတို့ အစဉ်အဆက်ကိုင်ဆောင်ဓား ဖြစ်ပါတယ်... မြို့စားကြီးလက်ထက် လှေဖောင်နဲ့ မြို့ပြကျေးရွာများအား အစစ်ဆေးရန် လှည့်လည်စဉ် ထိုဓားဟာ မတော်တဆ မြစ်ထဲသို့ ကျသွားခဲ့ပါတယ်။ ဒီဓား





ကျသွားတဲ့ မြစ်ရိုးတစ်လျှောက် လိုက်လံရှိသော်လည်း မတွေ့ခဲ့ပါ။ သို့သော် နှစ်အတန်ကြာသောအခါမှ ဝဲကတော့ကြီးအတွင်း၌ ဓားတစ်စင်းလည်ပတ်နေသည်ဟု ကြားသဖြင့် လိုက်လံရှာဖွေခဲ့ရပါတယ်။ ထိုဓားအား လပြည့်လကွယ်ညအချိန်မှာ ဝဲဓာတော့ အတွင်း၌ မိနစ်အနည်းငယ်မျှသာ ပေါ်ပေါက်လာတယ်လို့ သိရပါတယ်။ ဝဲကတော့အတွင်းပေါ်ပေါက်တဲ့အတွက် ထိုဓားကိုရယူရန် လွန်စွာ ခက်ခဲပြီး အန္တရာယ်များလှပါတယ်။ သို့သော် မိစ္ဆာရန်အန္တရာယ်ကို တွန်းလှန်ဖြိုဖျက်ရန် ဤဓားရှိမှဖြစ်မည့်အတွက် ကြိုးစားပြီး ထိုဓားကို ရယူချိန် များစွာပေးခဲ့ရတယ်။ သို့အတွက် ယခုမှသာ ရောက်ရှိလာခြင်း ဖြစ်ပါတယ်။

"ဒါဆို... သိဒ္ဓိဗလသံသေဓား... အခုပါလာခဲ့ပြီလား"

"ပါလာပါတယ် အစ်ကို... ဒီမှာ သံသေဓားပါ၊ ဒိဗ္ဗ ကို ရင်ဆိုင်ဖို့ ညီမ လာပေးတာပါ"

"ဒါဆို... အခန့်သင့်လိုက်လေ ညီမရယ်... အစ်ကို ဝမ်းသာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းသန္တာက ပါလာသည့် သံသေတ္တာကို မောင်ကာလု
အား ပေးအပ်လိုက်သည်။

"ဒါဆိုရင်. . . ဒေါ်မဲဝါကြီးရော ဒိဗ္ဗ ကိုပါ တစ်ခါတည်း
သတ်နိုင်တော့မယ်. . . ညနေကျမှ ကျောက်ရှပါနဲ့ တိုင်ပင်ရမယ်"

ထိုသို့စဉ်းစားကာ ပန်းသန္တာအား. . .။

"ညီမ ဒီတည်းခိုဆောင်က မထွက်နဲ့. . . လျှို့ဝှက်စွာ
နေပါ. . . အစ်ကို အစီအစဉ်တစ်ခုပြုလိုက်မယ်"

"ဟုတ်ကဲ့ပါ"

မောင်ကာလုသည် ညနေစောင်းတွင် ကျောက်ရှပါနှင့်
တွေ့ဆုံကာ မိစ္ဆာဂူမှာန်တောင်ကြားကို ဖြတ်ကျော်ရန် အစီအစဉ်
ဆွဲခဲ့သည်။

"အစ်ကိုနဲ့ အစ်ကို့ချစ်သူဟာ ဒီတောင်ကြားကိုဖြတ်ပြီး
မြစ်ကြောင်းအတိုင်း ယက္ခပူရမြို့ကိုသွားမယ်လို့ပြောပါ. . . ဒေါ်
မဲဝါဟာ သူ့အိမ်မှာ တစ်ညအိပ်ဖို့ ပြောလိမ့်မယ်. . . ညစာ
ကောင်းကောင်းမွန် ချက်ပြုတ်ကျွေးလိမ့်မယ်။ အဲဒီအထဲမှာ





ဒိုင်းမှုန်နဲ့ အခြားမူးယစ်စေတတ်တဲ့ ဆေးတွေပါတဲ့အတွက်
အစ်ကိုတို့ဟာ မူးဝေပြီး သူပြုသမျှ ခံရလိမ့်မည်။ ပြီးရင် အစ်ကို
အသားကို ကျားစာ၊ လင်းတစာ၊ ကျီးကန်းစာကျွေးလိမ့်မယ်
ဒီတော့ သူကျွေးတာ ဘာမှမစားပါနဲ့. . . နံနက်မိုးမလင်းခင်
ဒေါ်မဲဝါကြီးကို လုပ်ကြံကြမယ်. . . ပြီးတာနဲ့တစ်ပြိုင်နက် တ
ကြီး ဦးဒိဗ္ဗ ဆီကိုသွားမယ်"

"ကောင်းပြီ. . . ဒါဆိုရင် အဲဒီကိစ္စကို မနက်ဖြန်မှ
လုပ်မယ်"

"မနက်ဖြန်မနက်မှာ အစ်ကိုနဲ့ အစ်ကို့ချစ်သူဟာ ဉ
အစ်ကိုဟန်ဆောင်ပြီး လာခဲ့ပါ. . . ကျီး လင်းတနဲ့ ကျားကြီးက
နိမ်နှင်းဖို့ အဆိပ်လူးမြှားနဲ့ လေးကို ယူခဲ့ပါ"

"ကောင်းလှပြီ"

သည်ညနေအဖို့ ထိုသို့အစီအစဉ်ဆွဲကာ လမ်းခွဲခဲ့ကြ
သည်။

မောင်ကာလုသည် တည်းခိုဆောင်သို့ပြန်ပြီး ပန်းသန္တ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်၍ ဆွေးနွေးခဲ့သည်။

"ပန်းသန္တာ. . . မနက်ဖြန်နံနက် ကိုးနာရီမှာ ခရီးစထွက်မယ်. . . မင်းက ငါ့ညီအဖြစ် ယောကျ်ားလေး ဟန်ဆောင်ယ"

"ကောင်းပါပြီ. . . အစ်ကိုသာ သံသေတ္တာနဲ့ ရအောင်ခုတ်ပေး"

"မီဘနှစ်ပါးနဲ့ နောင်တော်အတွက်၊ လက်မနေးစတမ်းပါ"

"ကဲ. . . ဒါဆို စောစောအိပ်ကြစို့"

"ကောင်းပါပြီ"

မောင်ကာလုသည် စောစောအိပ်ရာဝင်သော်လည်း နောက်တစ်နေ့နံနက်တွင် ဆောင်ရွက်ရမည့်ကိစ္စမှာ သေရေးရှင်ရေး အရေးကြီးလှသည့်အတွက် အိပ်မပျော်နိုင်အောင် ရှိချေသည်။ သန်းခေါင်ကျော်မှ မှေးကနဲ အိပ်ပျော်သွားခဲ့သည်။

နံနက်စောစောကပင် မောင်ကာလု နိုးခဲ့သည်။ ပြုဖွယ်





ကိစ္စများကို ပြုလုပ်ပြီးနောက် နံနက်ကိုးနာရီအချိန်တွင် ၎င်းတို့နှစ်ဦး တည်းခိုဆောင်မှ ထွက်လာခဲ့သည်။

မောင်ကာလုမှာ လေးနှင့်မြားကို တစ်ဖက်လွယ်ထားပြီး ပန်းသန္တာက သိဒ္ဓိဗလသံသေတ္တာကို ပခုံးတွင်လွယ်ကာ သူမနှင့်အတူ ဒေါ်မဲဝါကြီး၏အိမ်ဆီသို့ ဦးတည်လာခဲ့သည်။ တဖြည်းဖြည်း ခင်တန်းကို ဖြတ်ကျော်ခဲ့ပြီးနောက် ဒေါ်မဲဝါ၏အိမ်ကို လှမ်းမြင်ခဲ့ရသည်။

မောင်ကာလုသည် အိမ်ရှေ့ခြံတံခါးဝတွင်ရပ်ကာ. . .။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

ဟူ၍ အသံကျယ်ကျယ်ဖြင့် လှမ်းခေါ်လိုက်သည်။

သည့်တွင် ဒေါ်မဲဝါကြီးက ခြံတံခါးဝ၌ရပ်ကာ. . .။

"မောင်ရင်တို့. . . အဘယ်အကြောင်းကိစ္စများ ရှိပါသလဲ"

"ကျွန်တော်တို့ညီအစ်ကိုဟာ ယက္ခပုရမြို့ကိုသွားရမယ့် ခရီးသည်များ ဖြစ်ပါတယ်။ ဒါ့ကြောင့် မိစ္ဆာနဂ္ဂှာန်တောင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်သန်းရပါ့မယ်. . . ငါးဖွန်ရွာကလူများက အမေ့ထံမှ လှေငှားပြီးမှ ဖြတ်ပါဆိုလို့. . . အခုလိုလာခဲ့ခြင်းဖြစ်ပါတယ်''

''ဪ. . . ဪ. . . ဒါဆို အိမ်ပေါ်ကိုလာခဲ့ပါ''

ဒေါ်မဲဝါကြီးက ဖိတ်ခေါ်သဖြင့် အိမ်ပေါ်သို့တက်လာခဲ့သည်။ အိမ်ပေါ်တွင် ကျော့ရှုပါကိုတွေ့သော်လည်း မောင်ကာလုမှာ မသိဟန်ဆောင်၍ နေလေသည်။

အိမ်ပေါ်သို့အရောက်တွင် ဒေါ်မဲဝါကြီးက. . .။

''မောင်ရင်တို့ ဒီတောင်ကြားကဖြတ်ပြီး ယက္ခပူရမြို့ကိုသွားဖို့ဆိုတာ အမှန်ပဲလား. . . တခြားရည်ရွယ်ချက်ရော ရှိသေးသလား''

''မရှိပါ''

''အခြားရည်ရွယ်ချက်ရှိရင် ပြန်လှည့်သွားပါ. . . မရှိရင်တော့ လှေငှားပါ့မယ်''

''မရှိပါ''

''အခုအချိန်မှာ ရေလှိုင်းနေတဲ့အတွက် တောင်ကြားကို





ဖြတ်လို့မရသေးပါ. . . ညနေပိုင်း ရေကျချိန်ရောက်မှသာ ဖြတ်လို့ရပေမယ်. . . ဒါကြောင့် ဒီအိမ်မှာ ညနေအထိ စောင့်ပါ''

''ဟုတ်ကဲ့. . . ညနေအထိစောင့်ပါ့မယ်''

''မောင်ရင်တို့ သည်အတိုင်းထိုင်စောင့်ရမယ်ဆိုတော့ ဆာပေမပေါ့. . . နံနက်စာကို ဒီမှာစားသွားပါ''

''ကျွန်တော်တို့ နံနက်စာ စားပြီးခဲ့ပါပြီ''

''မဟုတ်တာ မောင်ရင်ရယ်. . . လှေငှားမှတော့ ထမင်းကျွေးရမပေါ့''

ထိုသို့ပြောဆိုပြီးနောက် မကြာမီ ၎င်းတို့နှစ်ဦးထံသို့ ဟင်းခတ်အမွှေးအကြိုင်များ ခတ်ထားသည့် ဟင်းပွဲများ စုံလင်စွာ တည်ခင်းပြီး. . .။

''လှေငှားမယ့်မောင်ရင်တို့ ထမင်းသုံးဆောင်ပါ''

''ဟုတ်ပါတယ် အစ်ကိုတို့. . . ထမင်းသုံးဆောင်ပါရှင်''

ကျော့ရှုပါက ဒေါ်မဲဝါကြီး မမြင်အောင် မျက်စေ့မှိတ်ပြပြီး ဒေါ်မဲဝါကြီး ပြောခိုင်းသည့်အတိုင်း ညှိခံပြောဆိုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုထမင်းပွဲအကြောင်းကို နဂိုကပင် သိသားဖြစ်၍ ငြင်းဆိုလိုသည်။ သည့်အတွက် ဒေါ်မဲဝါကြီးမှာ ဘဝင်မကျတော့ပေ။ သူမ၏စိတ်တွင် နာနာရှုပ်ကျုမ်းအတွက် လူသူများဟူ၍ သက်ာ မကောင်းဖြစ်ကာ. . .။

"မိပျော့. . . ဒီကောင်နှစ်ကောင်ကို ငါမသက်ာဘူး။ နင် စောင့်ကြည့်ထား. . . ငါက သူတို့ကိုသတ်နိုင်အောင် အစီအစဉ်တွေ လုပ်လိုက်ဦးမယ်"

ဒေါ်မဲဝါကြီးက ကျော့ရှုပါအား ဤသို့တိတိုးပြောဆိုကာ အိမ်ပြင်သို့ထွက်သွားလေသည်။

ထို့နောက် အိမ်နောက်ဖေးရှိ ခြံကျယ်ကြီးအတွင်းရှိ ကျီးကန်းနှင့် လင်းတများဆီသို့သွားကာ. . .။

"သားတို့ သမီးတို့ရေ အသင့်ပြင်ထား. . . ဒီညနေမှာ မင်းတို့ အစားကောင်းကောင်း စားရမယ်"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ထိုသို့ပြောဆိုပြီး လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်ရာ





ကျီးကန်းများနှင့် လင်းတများမှာ. . .။

"အား. . . အား. . . အား"

"ဂီး. . . ဂီး. . . ဂီး"

ဟူ၍ ဆူညံသောအသံများ ပေါ်ထွက်လာခဲ့သည်။

လင်းတများ ကျီးကန်များနှင့် ကျားကြီးအကြောင်း သိထားသူဖြစ်၍ ထိုရန်သူများနှင့် မလွဲမသွေ ရင်ဆိုင်ရမှန်း သိသဖြင့် သူလွယ်လာသည့် လေးနှင့်မြားကို အသာအယာစမ်းကြည့်လိုက်သည်။

ထိုအိမ်၌စောင့်နေစဉ် တဖြည်းဖြည်း ညနေအချိန်သို့ ရောက်ခဲ့သည်။ ဒေါ်မဲဝါကြီးသည် မောင်ကာလုတို့ထံသို့ ရောက်လာပြီး. . .။

"ကဲ. . . မောင်ရင်တို့ညီအစ်ကို. . . တောင်ကြားကို သွားကြစို့"

တောင်ကြားသို့သွားရန် ပြောလိုက်သည်။

သည်တွင် ကျော့ရှုပါက. . .။



www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ်ရှိတယ် သတိထားပါ"

ဟူ၍ တိုးတိုးလေးကပ်ပြီး ပြောလိုက်သည်။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ဒေါ်မဲဝါကြီး၏ ခေါ်ဆောင်ရာသို့ လိုက်ခဲ့ရာ မကြာမီ မိစ္ဆာ ဂူမှာန်တောင်ကြားကို လှမ်းတွေ့လိုက်ရချိန်၌. . .။

ကောင်းကင်တစ်ခုလုံး ကျီးကန်းများ ပျံဝဲကာ. . .။

"အား. . .အား. . .အား"ဟူသော အသံများ ဆူညံနေပါသည်။

ထို့နောက် လင်းတကြီးများက ကောင်းကင်တွင်ပျံဝဲကာ

"ဂီး. . .ဂီး. . .ဂီ"အသံများဖြင့် ကြောက်မက်ဖွယ်ကောင်းအောင် ဆူညံစွာ အော်ဟစ်နေပါသည်။

မောင်ကာလုသည် ဘာမှမသိဟန်ပြုကာ. . .။

"ကောင်းကင်မှာ ကျီးတွေ လင်းတတွေ ဘာကြောင့်များ ပျံဝဲနေပါလိမ့်"ဟူ၍ မေးလိုက်ရာ ဒေါ်မဲဝါကြီးက. . .။

"မင်းတို့ဟာ နာနာဂူဂျမ်းကိုလာယူမယ့်သူမှန်း သိလို့





ဆရာကြီးဦးဒိဗ္ဗ ရဲ့တပည့်တွေက အော်ဟစ်သတိပေးနေတာ"

"ဒါဆိုရင်တော့ မှားနေပြီ"

"မင်းတို့မှာ လေးမြားလက်နက်တွေ ပါလာကတည်းက ငါသိတယ်. . . ဒီတော့ မင်းတို့ကို သူတို့တိုက်ခိုက်ကြလိမ့်မယ်"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဒေါ်မဲဝါကြီးက လက်ခုပ်ကို ပြင်းပြင်းထန်ထန်တီးလိုက်ရာ. . .။

ကောင်းကင်၌ပျံဝဲနေသော ကျီးများနှင့် လင်းတများသည် ၎င်းတို့နှစ်ဦးကို ထိုးဆိတ်ရန် ဆင်းအလာ. . .။

မောင်ကာလုသည် အဆိပ်လူးမြား တပ်ထားသည့်လေးဖြင့် ပစ်လိုက်ရာ ကျီးကန်းနှင့် လင်းတ တစ်ချို့ ထိမှန်ပြီး အဖုတ်ဖုတ်နှင့် ပြုတ်ကျလာခဲ့သည်။

သို့သော် အခြားသော ကျီးနှင့် လင်းတတို့မှာ ပျံဝဲထိုးဆိတ်သဖြင့် ၎င်းတို့ရန်ကို မနည်းရှောင်နေရ၏။ အနီးကပ်လာသည့် ကျီးနှင့် လင်းတများကို ပန်းသန္တာက သံသေတ်ဖြင့်



www.burmeseclassic.com

ခုတ်လိုက်သည်။

ကျီးကန်းခေါင်းပြတ်၊ လင်းတခေါင်းပြတ်များမှာ မြေကြီးပေါ်တွင် အတုံးအရုံးပြန့်ကျဲနေသည်။

ဒေါ်မဲဝါကြီးသည် အခြေအနေကို စောင့်ကြည့်ခဲ့ရာ. . .။

ကျီးကန်းများနှင့် လင်းတများ အတုံးအရုံး လဲကျသေဆုံးနေသည်ကို တွေ့ရသဖြင့် လွန်စွာ ဒေါသထွက်ကာ. . .။

"တောက်"ခေါက်ပြီး ဝတ်ရုံနက်ကြီးကို ခြုံလိုက်ပြီး

"နင်တို့ကို ငါ ဘာကောင်မလဲဆိုတာပြမယ်"

ဟု ဒေါသတကြီးဖြင့် လက်ညှိုးထိုးပြောလိုက်သည်။ ထို့နောက် ဝတ်ရုံမည်းကြီးကို ဝှေ့ယမ်းလိုက်ပြီး. . .။

"ကဲ. . .ပဥ္စလက်အတတ်နဲ့ ကျားအဖြစ်သို့ ပြောင်းလိုက်မယ်"

"ဝေါင်း"

ဟူသော အသံကြီးဖြင့် ကျားကြီးရောက်လာခဲ့သည်။ အခြားသူများအနေဖြင့် မျက်လှည့်အတတ်ပညာဖြင့် မြ





လုပ်ပြသည်ကို ကျားအသွင်ပြောင်းသည်ဟု အထင်ရှိခဲ့သည်။ ေ ောင်ကာလုမှာ သူမ မွေးမြူထားသည့် ကျားမှန်းသိသဖြင့် ချက်ချင်းပင် အဆိပ်လူးမြားနှင့် ပစ်လိုက်ရာ. . .။

"ဝေါင်း"

ကျားကြီး၏လက်ဖျံကို ထိသွားသဖြင့် တစ်ပတ်ကျွမ်းထိုးလိုက်ပြီး ပြန်အကျတွင် ပန်းသန္တာက အသင့်ပါလာသည့် သိဒ္ဓိဗလသံသေဓားဖြင့် လည်မျိုကိုထိုးလိုက်ရာ ကျားကြီးမှာ ချက်ကောင်းထိပြီး ဆန့်ငင်ဆန့်ငင် ဖြစ်သွားခဲ့သည်။

တခဏအကြာတွင် ကျားကြီးမှာ ငြိမ်သက်ကာ သေဆုံးသွားခဲ့သည်။ ပန်းသန္တာမှာ ဓားကြီးကိုပြန်၍ဆွဲအနှုတ်. . .။

ဒေါ်မဲဝါကြီးက အဆိပ်ထည့်ထားသည့်ပြောင်းဖြင့် မောင်ကာလုဘက်သို့လှည့်၍ မှုတ်ရန် ကြံရွယ်လိုက်စဉ် အနီး၌ရှိနေသော ပန်းသန္တာက သံသေဓားဖြင့် ဇက်ကိုပိုင်းလိုက်ရာ ဒေါ်မဲဝါကြီး၏ဦးခေါင်းမှာ ပြင်းထန်သည့် ဓားချက်ကြောင့် တိုက်နဲပြတ်ပြီး မြေပြင်ပေါ်သို့ ကျသွားခဲ့သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒေါ်မဲဝါကြီးလည်း ခေါင်းပြတ်သွားပြီ"

ပန်းသန္တာက မောင်ကာလုကို လှမ်းပြောလိုက်သည်။ မြေပြင်၌ လဲကျသွားသော ဒေါ်မဲဝါ၏ ခေါင်းမရှိသော ကိုယ်ကြီးမှာ အကြောများ ပြတ်သွားသဖြင့် တဆတ်ဆတ်တုန်နေသည်မှာ သွေးပျက်ဖွယ်ပင်. . .။

ဆံပင်စုတ်ဖွားနှင့် ခေါင်းပြတ်ကြီးမှာလည်း သွေးအလိမ်းလိမ်းဖြင့် လိမ်းသွားပြီး ကျိုးကန်းခေါင်းပြတ်၊ လင်းတခေါင်းပြတ်ကြားတွင် ရောက်ရှိသွားခဲ့သည်။

"ကဲ. . . ဒီပွဲမှာတော့ ပန်းသန္တာက လက်စွမ်းပြလိုက်ပြီ"

"ရန်ပြုမယ့်သူက အနီးမှာရှိနေတော့ အစ်ကို့ကို ထိမှာစိုးလို့ ပြုလုပ်လိုက်မိတယ်"

"ညီမက အစ်ကို့အသက်ကို ကယ်လိုက်တာပဲ"

ထိုသို့ပြောနေစဉ် ကျောချပ်မှာ အပြေးကလေးရောက်လာပြီး. . .။





"ဒေါ်မဲဝါကြီးရော. . . ကျီးတွေ လင်းတတွေနဲ့ ကျားကြီးပါ သေသွားပြီ ဟုတ်လား"

"ဟုတ်တယ် ညီမရယ်. . . အားလုံးသေသွားပြီ. . . ဒီတော့ ညီမလည်း ဝဋ်ကျွတ်သွားပြီပေါ့"

"ဟုတ်တော့ဟုတ်ပါတယ် အစ်ကိုရယ်. . . ဒါပေမယ့် ဒေါ်မဲဝါကြီး သေသွားတာကို ဦးဒိဗ္ဗ သိရင် မလွယ်ဘူး. . . ညီမတို့ကို ဒုက္ခပေးတော့မယ်"

"ဒီတော့. . . အစ်ကိုတို့ ဘယ်လိုလုပ်ကြမတုန်း"

"အချိန်ဆွဲမနေတော့ဘူး. . . ဒီညမှာပဲ ဦးဒိဗ္ဗ ဆီကိုသွားကြမယ်"

"ဦးဒိဗ္ဗ ဆီကိုသွားဖို့ အစ်ကိုတို့မှာ လှေမှမရှိတာ ဘယ်လိုသွားမလဲ"

"အဲဒီကျွန်းကို လှေနဲ့သွားစရာ မလိုပါဘူး"

"ဒါဆို. . . ဘာနဲ့သွားမလဲ"

"အဲဒီကျွန်းနဲ့ ဒီတောင်ကြားမှာ နဂိုကတည်းက သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူလမ်းရှိတယ်. . . အဲဒီလိုဏ်ဂူထဲကသွားရင် ဦးဒိဗ္ဗ နေတဲ့ ကျောက်ဂူကြီးထဲကို ရောက်သွားလိမ့်မယ်''

''ဒါဆိုရင်. . . ဦးဒိဗ္ဗ က ဒီတောင်ကြားကိုလာရင်လည်း ကျောက်လိုဏ်ဂူလမ်းအတိုင်း လာတာပဲလား''

''ဟုတ်ပါတယ်'' ။

''နာနာရုပ်ကျမ်းကရော ဘယ်နားမှာထားသလဲ. . . ညီမ သိလား''

''နေရာအတိအကျတော့ မသိဘူး အစ်ကို. . . ကျောက် သေတ္တာလေးထဲမှာထည့်ထားတယ်လို့တော့ ဒေါ်မဲဝါကြီးကပြော ဖူးတယ်. . . ဒါပေမယ့် ညီမ တစ်ခုပြောချင်တာကတော့ ဒေါ်မဲ ဝါကြီးကို သတ်သလို၊ သူ့ကို လွယ်လွယ်ကူကူနဲ့သတ်နိုင်မယ် မထင်ဘူး. . . ကျွန်မတို့အားလုံး ဝိုင်းတိုက်တာတောင် သေဖို့ မလွယ်ဘူး. . . အစ်ကို့ရဲ့ သံသေဓားတစ်ခုနဲ့ပဲ သတ်နိုင်မှာဆို တော့ အမိအရတိုက်မှဖြစ်မယ်''

''ဒီလောက်လည်း စိတ်မပူပါနဲ့ ကျော့ရှုပါ''





''ဒါဆို အချိန်ဖြုန်းနေလို့မဖြစ်ဘူး. . . အခုပဲ သွားကြ စို့''

ပြောပြောဆိုဆို ကျော့ရှုပါမှာလည်း ဓားတစ်လက်ကို ကိုင်ကာ ရှေ့မှဦးဆောင်၍ လိုဏ်ဂူထဲသို့ ဝင်လာခဲ့သည်။

ညဥ့်အချိန်ဖြစ်၍ လိုဏ်ခေါင်းတစ်ခုလုံး မှောင်နေသည့် အတွက်

မှောင်ကာလုမှာ တစ်ဖက်က ဓားတစ်လက်. . . ။

တစ်ဖက်က မီးတုတ်တစ်ခုကို ကိုင်ကာ လိုက်လာခဲ့ သည်။ လိုဏ်ဂူကြီးမှာ သဘာဝကျောက်လိုဏ်ဂူဖြစ်ပြီး ကျောက် ခက်ပန်းဆွဲများမှ ရေတစ်ပေါက်ပေါက်ကျနေသည်။ တစ်ချို့မှာ ကျောက်တိုင်များကဲ့သို့ ဒေါက်ထားသည့်သဖွယ် မြင်တွေ့ရ သည်။

လိုဏ်ဂူဝမှ ဂူပေါက်ဝသို့တိုင်အောင် အတော်သွားရ သည်။ လိုဏ်ဂူကြီး ဆုံးသွားသောအခါ အပေါ်သို့တက်သည့် ကျောက်လှေကားအတိုင်း တက်လာခဲ့သည်။ လှေကားအဆုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



သစ်သားအံဖုံးကြီးတစ်ခု ရှိသည်။

ကျော့ရှုပါသည် သစ်သားအံဖုံးကြီးအား အသာမ,၍ ခြောင်းကြည့်ရာ ကျောက်ဂူတစ်ခုလုံး မီးတုတ်ထွန်းထားသဖြင့် လင်းထိန်နေသည့်အတွက် ကျောက်ကုတင်ပေါ်တွင် အိပ်ပျော်နေသော ဆရာကြီးဒိဗ္ဗ ကို တွေ့မြင်ခဲ့ရသည်။

ငင်းတို့အုပ်စုလည်း သစ်သားအံဖုံးကို အသာမ,ဖွင့်ကာ ကျောက်ဂူထဲသို့ ဝင်လာခဲ့သည်။

သံသေတ္တာကို ဆွဲကိုင်ထားသည့် မောင်ကာလုသည် အိပ်ပျော်နေသော ဆရာကြီး ဦးဒိဗ္ဗ နားသို့ တဖြည်းဖြည်းသွားရာ တစ်လံလောက်အလိုတွင်. . .

"ဝုန်း"

ဟူသော အသံနှင့်အတူ ဦးဒိဗ္ဗ မှာ ကျောက်ကုတင်ထက်မှ ခုန်ဆင်းလိုက်ပြီး. . .။

"မင်းတို့ ဘယ်သူတွေလဲ. . . ဘာကြောင့် ငါ့ကျောက်ဂူထဲ ရောက်နေတာလဲ"





ဦးဒိဗ္ဗ ပြောလိုက်သည့် စကားများမှာ ဂူကြီးကြောင့် ဟိန်းထွက်နေပါသည်။ ထို့နောက် ငင်းတို့အုပ်စုထဲမှ ကျော့ရှုပါကို တွေ့သွားသောအခါ. . .။

"သြော်. . . မိကျော့ သစ္စာဖောက်ပြီကိုး. . . နင် မဲဝါကြီးကို နင့်မိဘအတွက် လက်စားချေလိုက်ပြီ မဟုတ်လား"

"ဟုတ်တယ်. . . ကျွန်မ. . . ဒေါ်မဲဝါကြီးကို သတ်လိုက်ပြီ"

"အောင်မယ်. . . နင်က သိပ်ပြီး သတ္တိကောင်းနေပါလား. . . ဘာလဲ နင်က ငါ့ကိုသတ်ဖို့ လာတာလား"

"ဟုတ်တယ်"

"မလောက်လေး မလောက်စားနဲ့ ငါနဲ့လာပြီး ယှဉ်ပြိုင်ရင် သေသွားမှာပေါ့. . . နင်က ဘာပညာတတ်လို့လဲ"

"ပညာမတတ်ပေမယ့် သတ်လို့ရအောင် သတ်မယ်"

"မိကျော့. . . နင်က မဲဝါကြီးကို သတ်လိုက်တဲ့အတွက် ပြစ်ဒဏ်ပေးတဲ့အနေနဲ့ ငါက နင့်ကိုသတ်ရမှာ. . . အခု ငါ့ရှေ့



www.burmeseclassic.com

ရောက်လာပြီဆိုတော့ နင့်အသက်ကို ငါလက်ထဲ လာအပ်တာ
လား''

''မဟုတ်ဘူး. . . ရှင့်ကိုသတ်မယ်''

ထိုသို့ပြောပြီး မောင်ကာလုအား မေးငေါ့ပြလိုက်ရာ
မောင်ကာလုက ဦးဒိဗ္ဗ ကို သံသေဓားနှင့် ဝင်ခုတ်လေသည်
မောင်ကာလု၏ဓားချက်မှာ လေကိုသာခုတ်ပြီး ဦးဒိဗ္ဗ မှာ ရှ
တရက် ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက် အရှေ့ဘက်နံရံဆီမှ. . .။

''ဟား. . . ဟား. . . ဟား. . . နင်တို့ ငါ့ကို တွေ့ကြ
သေးရဲ့လား''

ရယ်မောသံကိုသာကြားပြီး ရှိန်းဆာယာ ကိုယ်ပျော
နေလေသည်။ သည်တွင် မောင်ကာလုမှာ ရုပ်မြင်မန္တာန်တော
ကို ဒ္ဓာန်ကတိုင်းကျကျ ရွတ်ဆိုလိုက်ရာ ဦးဒိဗ္ဗ မှာ ကိုယ်မပျော
တော့ပဲ ဘွားကနဲ ပေါ်လာပါတော့သည်။

ထို့ကြောင့် ဦးဒိဗ္ဗ အား, အားလုံးက ဓားဖြင့်ဝိုင်းခု





ကြရာ သူ့ကလျှင်မြန်စွာ ရှောင်နေရသည်။

''ဩော်. . . မင်းတို့က ရုပ်မြင်မန္တာန်တော်ကိုရွတ်တော့
ငါ့တို့ ထင်းထင်းလင်းလင်း မြင်ရပြီပေါ့''

ဂူပေါက်ဝမှာလည်း ပိတ်ထားသဖြင့် ဂူကြီးအတွင်းပတ်
၍ ရှောင်နရသည်။ သူသည် ရုပ်ပြောင်းရုပ်လွှဲအတတ်ဖြင့် ပုံ
သဏ္ဌာန်အမျိုးမျိုး ပြောင်းသော်လည်း သံသေဓားတစ်ချက် ဝှေ့
ယမ်းလိုက်တိုင်း ဓား၏အစွမ်းကြောင့် နဂိုမူလရုပ်သာ ပြန်ဖြစ်သွား
ခဲ့သည်။ ဆရာကြီးဦးဒိဗ္ဗ သည် သူ၏ ရုပ်ပြောင်းရုပ်လွှဲပညာကို
မည်သို့မျှ သုံးမရတော့ချေ။

သည့်တွင် ဓားခုတ်လှံထိုး အဆင့်မြင့်ပညာကို သင်ထား
သော မောင်ကာလု၏ဓားချက်ကို ခက်ခက်ခဲခဲ ရှောင်တိမ်းနေရ
သည်။ သို့သော် လက်နက်ရှိနှင့် လက်နက်မဲ့တို့၏ ပြိုင်ပွဲတွင်
ဆရာကြီးဦးဒိဗ္ဗ က ကြာရှည်စွာ မရင်ဆိုင်ပဲ နံရံတွင် ချိတ်ထား
သည့် လှံရှည်ကြီးကို ယူကာ တိုက်ခိုက်ခဲ့လေသည်။

ဆရာကြီးဒိဗ္ဗ ကလည်း နှယ်နှယ်ရရမဟုတ်။ ခွန်အား

www.burmeseclassic.com



ကြီးမားသော သားကောင်များအား ဖမ်းဆီးစားသောက်သည့် လူကြမ်းစိတ်ကြမ်းမုဆိုးကြီး တစ်ဦးဖြစ်သဖြင့် မောင်ကာလုနှင့် လက်ရည်တူနေပါသည်။

သည့်တွင် ပန်းသန္တာနှင့် ကျော့ရှုပါတို့နှစ်ဦးကလည်း သည့်တိုက်ပွဲတွင် မောင်ကာလုဘက်မှ ဝိုင်း၍တိုက်ခိုက်ပေးခဲ့သည်။ အချိန်ကြာလာသည်နှင့် မောင်ကာလုတို့သုံးဦးမှာ မောပန်းကာ လက်ရည်ကျလာခဲ့သည်။

"ဒီအတိုင်းဆိုရင် ငါတို့ ရှုံးနိမ့်နိုင်တယ်. . . ငါတို့ရှုံးရင် သုံးယောက်စလုံး သေမယ်. . . ဘာပဲဖြစ်ဖြစ် အစ်ကို့ကိုငါချစ်တယ်. . . အစ်ကို မရှုံးစေရဘူး. . . ငါအသေခံတိုက်မယ်"

ကျော့ရှုပါမှာ ဤသို့စိတ်ကူးကာ ဆရာကြီးဒိဗ္ဗ ၏လှံကို အသေခံပြီး ဝင်ဆွဲရာ ရင်ဘတ်သို့တိုးဝင်ကာ သွေးများ ပွက်ပွက်စီးကျလာပါတော့သည်။

"ဟာ. . . ကျော့ရှုပါကို လှံချက်ထိပြီ"

မောင်ကာလုက ဤသို့ပြောလိုက်ရာ ကျော့ရှုပါက. . .





"အစ်ကို ဘာလုပ်နေတာလဲ. . . လှံကို ညီမကိုင်ဆွဲထားတယ်. . . ဓားနဲ့ထိုးလိုက်ပါတော့လား"

"ယား"

"အွန့်"

အဖြစ်အပျက်ကား မြန်ဆန်လွန်းလှသည်။

ကျော့ရှုပါ ပြောလိုက်သည်နှင့်တစ်ပြိုင်နက် လှံတံပေါ်သို့ခုန်တက်ပြီး ဆရာကြီးဦးဒိဗ္ဗ ၏လည်မျိုကို သံသေဓားဖြင့် ထုတ်ချောင်းပေါက်အောင်ထိုးလိုက်သည်။

ထိုဓားချက်ကြောင့်. . .။

"အား"

ဦးဒိဗ္ဗ ရော ကျော့ရှုပါ.ပါ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်သို့လဲကျသွားသည်။ သည့်တော့မှ ဦးဒိဗ္ဗ မှာ မောင်ကာလု ကိုင်ဆောင်ထားသည့်ဓားမှာ သံသေဓားဖြစ်ကြောင်းသိကာ. . .။

"ဒီဓားကိုအထင်သေးမိတာ မှားပြီ. . . လက်စသတ်တော့ ဒီဓားက သံသေဓားဖြစ်နေတာကိုး. . . ငါမသေခင်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခုမေးချင်တယ်. . . ရုပ်မြင်မန္တန်နဲ့ သံသေဓားကိုသုံးပြီး ငါ့ကိုလာသတ်ရအောင် မင်းဘယ်သူလဲ''

''ငါဟာ မင်း ယုတ်မာဖျက်စီးလို့ သေဆုံးသွားတဲ့ ပန်းကေသီရဲ့သား ကာလုတဲ့. . . ငါ့အမေရဲ့သွေးကြွေးကိုဆပ်ဖို့ ငါလာခဲ့တာ''

''ဒီပွဲမှာ မင်းနိုင်ပါတယ်. . . ငါဟာ မင်းအမေရဲ့ အမုန်းကျိန်စာသင့်ခဲ့ရပြီ. . . ဒါ့ကြောင့် ငါဟာ မင်းလက်ချက်နဲ့သေရတာ. . . ငါကျေနပ်ပါတယ်''

ထိုသို့ပြောဆိုကာ ဆရာကြီးဦးဒိဗ္ဗ မှာ သေဆုံးသွားခဲ့သည်။ ထို့နောက် ကျော့ရှုပါဆီသို့ အပြေးသွားကာ ပွေ့ချီလိုက်သည်။

''ညီမလေး ကျော့ရှုပါ. . . စိတ်တင်းထားပါ. . . အစ်ကို ဆေးကုပေးမယ်''

''အစ်ကို. . . ဒီလုံချက်ကြောင့် ညီမ ကြာကြာမနေရတော့ပါဘူး. . . ညီမ မသေခင် ဝန်ခံပါရစေ. . . မိဘမဲ့ပြီး ကြမ်း





တမ်းတဲ့ဘဝမှာ နေခဲ့ရတဲ့ ညီမဟာ အစ်ကို့ကို မြင်မြင်ချင်း. . ချစ်ခဲ့မိတယ်. . . အစ်ကိုသတ်ချင်တဲ့သူကို ညီမအသက်နဲ့ရင်းပြီး သတ်နိုင်ခဲ့လို့ ညီမ အသေဖြောင့်ပါပြီ အစ်ကိုရယ်. . . နောင်ဘဝဆိုတာ ရှိခဲ့ရင် ညီမတို့ ပြန်ဆုံကြမယ်နော်''

''ညီမ ကျော့ရှုပါ. . . စိတ်မလျှော့နဲ့. . . အစ်ကိုရှိတယ်''

ထိုသို့ပြောဆိုအားပေးကာ ကျော့ရှုပါ၏လက်ကလေးကို ဆုပ်ယူလိုက်သည်။ မကြာမီ သူမ၏လက်ကလေးမှာ ပျော့ခွေကာ ပြုတ်ကြသွားခဲ့ပြီ။

''ကျော့ရှုပါရယ်. . . အစ်ကိုတို့နဲ့ • အတူတူတောင်မနေလိုက်ရပါလား. . . စောစောစီးစီး လမ်းခွဲသွားခဲ့ပြီလား''

ကျော့ရှုပါကား သူမ၏အသက်နှင့်ရင်းကာ သူမ၏ချစ်ခြင်းကိုပြခဲ့သည်မို့ မောင်ကာလုမှာ လွန်စွာ ဝမ်းနည်းကြေကွဲခြင်းဖြစ်ခဲ့ရသည်။

သည်တွင် ပန်းသန္တာက သည်အဖြစ်အပျက်ကို စိတ်ကောင်းစွာကြည့်ရင်း. . .။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို. . . ဦးဒိဗ္ဗ လည်း သေပြီဆိုတော့ နာနာရုပ်ကျမ်း ထည့်ထားတဲ့ကျောက်သေတ္တာလေးကို ရှာကြစို့"

"အေး. . . ဟုတ်တယ်. . ဒီကျောက်ဂူထဲမှာရှိမယ်"

"အစ်ကို. . . ဟိုအမြင့်မှာတင်ထားတာ ကျောက်သေတ္တာ မဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်"

ကျောက်အထပ်ထပ်အမြင့်ကြားထဲတွင် တင်ထားသည့် ကျောက်သေတ္တာလေးကို လှမ်းယူလိုက်သည်။ ပြီးနောက် ကနုတ် ပန်းသော့အတိုင်ဖွင့်ကြည့်ရာ. . .။

"စိတြ နာရဒ နာနာရုပ်ကျမ်း"

ဟု ရေးထိုးထားသည့် ကြေးနီပုရပိုက်ကြီးကို တွေ့လိုက် ရသည်။

"ကဲ. . . အစ်ကို. . . စိတြ နာရဒ နာနာရုပ်ကျမ်းကြီး ကိုရပြီ. . . အစ်ကို ဘာလုပ်မှာတုန်း"

"ဒီကျမ်းကိုရပြီး အယူမှားခဲ့ရင် ဘယ်လောက်ပညာ



BURMESE CLASSIC .com



တတ် နောက်ဆုံးမှာတော့ အခုလို ဒဏ်ခတ်ခံရပြီး အသေဆိုးနဲ့ သေမှာပဲ"

"ဟုတ်တယ်နော် အစ်ကို"

"သမာဓိမရှိတဲ့လူတွေဟာ ဒီအတတ်ပညာကိုရလို့ စိတ် မထိန်းနိုင်ရင် အမှားတွေထပ်ပြီး ကျူးလွန်ဦးမှာပဲ. . . ဒီတော့ နောင်လာနောက်သားတွေလည်း မမှားရအောင် ဒီကျမ်း ထည့် ထားတဲ့ ကျောက်သေတ္တာကို ဒီရေပြင်ကျယ်ကြီးထဲမှာ နစ်မြုပ် ပစ်လိုက်ရအောင်"

"ကောင်းပါတယ် အစ်ကို"

မောင်ကာလုသည် ထိုကျောက်သေတ္တာအား ရေပြင်ကျယ် ကြီး၏ အနက်ရှိုင်းဆုံးနေရာသို့ရောက်အောင် လွှင့်ပစ်လိုက် သည်။

ကျောက်သေတ္တာကား တဖြည်းဖြည်း ရေအောက်သို့ မြုပ်သွားခဲ့သည်။ မောင်ကာလုသည် သေဆုံးသွားသည့် ဆွေး ရှုပ်၏အလောင်းကိုပွေ့ကာ ကျောက်ဂူထဲမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခင်တန်း၏အနောက်ဘက်ရှိ သချိုင်းတွင် ကျော့ရှုပါကို ကောင်းစွာသင်္ဂြိုဟ်ပေးခဲ့သည်။

"ညီမလေး ကျော့ရှုပါ. . . ဘဝဆက်တိုင်း ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့ရပါစေနဲ့. . . ဘဝတဖန်ဖြစ်ခဲ့ရင် အစ်ကိုတို့အတူတူ တွေ့ဆုံနိုင်ပါစေ"

ကျော့ရှုပါအတွက် ဝမ်းနည်းကြေကွဲစွာ ဆုတောင်းပြီးနောက် ပန်းသန္တာကိုလက်ဆွဲကာ သချိုင်းမြေမှ ထွက်ခွာခဲ့သည်။ မိဘနှစ်ပါးနှင့် နောင်တော်အတွက် ဒိဗ္ဗ ဆိုသည့် လူကြမ်းကြီးကို သွေးကြွေးဆပ်ခဲ့ပြီးပြီဖြစ်၍–

ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ် ပန်းသန္တာ၏ လက်ကလေးကိုဆွဲကိုင်ကာ သိဒ္ဓိဗလသံသေဓားကိုလွယ်လျက် ရမ္မာနာရမြို့ဆီသို့ ဦးတည်လျက် လျှောက်လှမ်းခဲ့ပါတော့သတည်း။

ရိုရိုငွေး



www.burmeseclassic.com